
ထိုင်း—မြန်မာနယ်စပ်တလျှောက် ကူညီစောင့်ရှောက်ရေး ညွန့်ပေါင်းအသင်း

## မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသများအတွင်း

# နေရာရွှေ့ပြောင်းထွက်ပြေးနေရမှု နှင့် ဆင်းရဲမွဲတေမှု



၂၀၁၁

ထိုင်း–မြန်မာနယ်စပ်တလျှောက် ကူညီစောင့်ရှောက်ရေး ညွန့်ပေါင်းအသင်း
၂၀၁၁ ခုနှစ်

# မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသများအတွင်း နေရာရွှေ့ပြောင်းထွက်ပြေးနေရမှု နှင့် ဆင်းရဲမွဲတေမှု

အောက်ဖော်ပြပါ အဖွဲ့အစည်းများက ကွင်းဆင်းသုတေသနလုပ်ငန်းများနှင့် နောက်ဆုံး အခြေအနေ သတင်းများ ပေးပို့ကူညီခဲ့ကြပါသည်။

ကရင် ပြည်တွင်း ဒုက္ခသည်များဆိုင်ရာ ကော်မီတီ (CIDKP)
ကရင် ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေးရုံး (KORD)
ကရင်နီ လူမှုဖူလုံရေးနှင့် ဖွံ့ဖြိုးရေးဌာန (KSWDC)
မွန် ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေး ကော်မီတီ (MRDC)
ရှမ်း ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေး ကော်မီတီ (SRDC)

ထိုင်း–မြန်မာနယ်စပ်တလျှောက် ကူညီစောင့်ရှောက်ရေး ညွန့်ပေါင်းအသင်း
Thailand Burma Border Consortium
12/5 Convent Road, Bangrak, Bangkok, 10500, Thailand
tbbcbkk@tbbc.org

www.tbbc.org

ရှေ့မျက်နှာဖုံး ဓာတ်ပုံ။ ။ ရွေးကောက်ပွဲပြီးနောက်ပိုင်း ရွှေ့ပြောင်းထွက်ပြေးရမှုများ (ဖာပွန်မြို့နယ်၊ ၂၀၁၁) ခုနှစ်။ (CIDKP)

ဒီဇိုင်း။ ဝန်တာနီ မာနီဒါန်း (Wantanee Maneedang)

ပုံနှိပ်စက်။ ဝါနိဒါ ပုံနှိပ်စက်၊ ချင်းမိုင်မြို့၊ ထိုင်းနိုင်ငံ။

# မာတိကာ


**အစီရင်ခံစာ အကျဉ်းချုပ်** ..... ၁

**၁။ စစ်တမ်းကောက်ယူမှု၏ လုပ်ဆောင်ပုံနည်းနာ** ..... ၅

၁။ ၁။ စစ်တမ်း ဒီဇိုင်း ပုံစံ၊ အချက်အလက် စုဆောင်းမှုနှင့် ပိုင်းခြားသုံးသပ်ချက် နိဒါန်း ..... ၆

၁။ ၂။ အိမ်ထောင်စုစစ်တမ်း ကောက်ယူခြင်း နမူနာစံကွက် ..... ၈

၁။ ၃။ အကန့်အသတ်များ ..... ၁၁

**၂။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းအတွင်း ဖြစ်ပွားနေမှုအခြေအနေများ** ..... ၁၃

၂။ ၁။ ရေရှည်ဖြစ်ပွားနေသော ပြည်တွင်းစစ် ..... ၁၄

၂။ ၂။ သယံဇာတအရင်းအမြစ်ကြောင့် ဖြစ်သည့်ကျိန်စာ နှင့် ဖွံ့ဖြိုးရေး စီမံကိန်း လုပ်ငန်းကြီးများ ..... ၁၅

၂။ ၃။ အတင်းအဓမ္မနေရာရွှေ့ပြောင်းစေခြင်း ..... ၂၀

၂။ ၄။ ဆင်းရဲမွဲတေမှုနှင့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီ ..... ၂၄

**၃။ ဆင်းရဲမွဲတေမှု အခြေအနေ** ..... ၂၉

၃။ ၁။ လူဦးရေဆိုင်ရာ ဖွဲ့စည်းပုံ အကြောင်းအချက်များ ..... ၃၀

၃။ ၂။ ရေ၊ တကိုယ်ရေ သန့်ရှင်းရေးနှင့် နေအိမ် (အမိုးအကာ) ..... ၃၃

၃။ ၃။ ကလေးသူငယ်များ၏ ပညာရေးနှင့် အာဟာရချို့တဲ့မှု အဆင့်များ ..... ၃၇

၃။ ၄။ စိုက်ပျိုးမြေနှင့် လယ်လုပ်ကရိယာ ပိုင်ဆိုင်မှုများ ..... ၃၉

၃။ ၅။ အိမ်ထောင်စုဝင်ငွေ၊ အသုံးစရိတ်နှင့် ကြွေးမြီ ..... ၄၂

၃။ ၆။ ရိက္ခာ လုံခြုံမှု ..... ၄၈

၃။ ၇။ သက်မွေးဝမ်းကျောင်းဆိုင်ရာ ရုတ်ချည်းပြဿနာ အကျပ်အတည်းများ နှင့် ဖြေရှင်းနည်းများ ..... ၅၂

**၄။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသ နောက်ဆုံး အခြေအနေ** ..... ၅၅

၄။ ၁။ ရှမ်းပြည်နယ် ..... ၅၆

၄။ ၂။ ကရင်နီ/ကယားပြည်နယ် ..... ၅၈

၄။ ၃။ ကရင်ပြည်နယ် မြောက်ပိုင်းနယ်မြေများ ..... ၆၀

၄။ ၄။ ကရင်ပြည်နယ် အလယ်ပိုင်း ..... ၆၃

၄။ ၅။ မွန်ပြည်နယ် တောင်ပိုင်းနယ်မြေများ ..... ၆၄

၄။ ၆။ တနင်္သာရီတိုင်းဒေသကြီး ..... ၆၆

**နောက်ဆက်တွဲများ** ..... ၇၁

၁။ ပြည်တွင်း ဒုက္ခသည်ဦးရေ ခန့်မှန်းချက် (၂၀၁၁) ခုနှစ် ..... ၇၂

၂။ ၂၀၁၁ ခုနှစ်အတွက် မေးခွန်းလွှာ ..... ၇၃


(Burma) နှင့် (Myanmar) ဟူ၍ အင်္ဂလိပ်ဘာသာ အစီရင်ခံစာတွင် နိုင်ငံအမည်ကို ယခု အစီရင်ခံစာတွင် ရောနှော အသုံးပြုထားပါသည်။ အလားတူ သက်ဆိုင်ရာ မြို့နယ်၊ ပြည်နယ်များနှင့် တိုင်းဒေသကြီးများ၏ အမည်ကိုလည်း အလားတူ ပူးတွဲ ဖော်ပြထားပါသည်။ ယခင် (TBBC) အစီရင်ခံစာများတွင် ဖော်ပြခဲ့သည့် "မြန်မာနိုင်ငံ အရှေ့ဖျားဒေသ" ထက်စာလျှင် "အရှေ့တောင်ပိုင်းဒေသ" က ပို၍ ဆီလျော်ပါသည်။ သို့သော်လည်း ယခင်အစီရင်ခံစာများတွင် လွှမ်းခြုံဖော်ပြခဲ့သည့်နေရာများကိုပင် ဖော်ပြထားသည် ဖြစ်ပြီး၊ ကချင်ပြည်နယ်ကိုမူ ဖယ်ချန်ထားရစ်ပါသည်။

"တပ်မတော်" * ဆိုသည်မှာ မြန်မာနိုင်ငံ အစိုးရ၏ လက်နက်ကိုင်တပ်ဖွဲ့ ဖြစ်ပါသည်။

## မြေပုံများ


မြေပုံ (၁)။ အိမ်ထောင်စုအလိုက် ဆင်းရဲမှု စစ်တမ်းကောက်ယူခြင်း နမူနာစံကွက် (၂၀၁၀–၂၀၁၁) ........ ၇
မြေပုံ (၂)။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ စစ်တပ် တိုးချဲ့ချထားမှုနှင့် တိုက်ပွဲဖြစ်ပွားနေဆဲ ဒေသများ ........ ၁၅
မြေပုံ (၃)။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသရှိ ဖွံ့ဖြိုးရေး စီမံကိန်းကြီးများ........ ၁၉
မြေပုံ (၄)။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် နေရပ်ရင်းစွန့်ခွာပြောင်းရွှေ့ထွက်ပြေးကြရသည့် ကျေးရွာများ ........ ၂၁
(၁၉၉၆– ၂၀၁၁) ခုနှစ်
မြေပုံ (၅)။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် နေရပ်ရင်း ရွှေ့ပြောင်းထွက်ပြေးရမှုများ (၂၀၁၁ ခုနှစ်) ........ ၂၃
မြေပုံ (၆)။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသများ၌ ဆင်းရဲမွဲတေမှု ဖြစ်ပွားနေပုံ (၂၀၁၀–၂၀၁၁) ခုနှစ်။ ........ ၂၇
မြေပုံ (၇)။ ရှမ်းပြည်နယ် တောင်ပိုင်းနှင့် အလယ်ပိုင်း ........ ၅၇
မြေပုံ (၈)။ ကရင်နီ/ကယားပြည်နယ် ........ ၅၉
မြေပုံ (၉)။ ကရင်ပြည်နယ် မြောက်ပိုင်းနှင့် ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်းဒေသ........ ၆၁
မြေပုံ (၁၀)။ ကရင်ပြည်နယ် အလယ်ပိုင်း........ ၆၅
မြေပုံ (၁၁)။ ကရင်ပြည်နယ်၊ မွန်ပြည်နယ် တောင်ပိုင်းဒေသများ နှင့် တနင်္သာရီတိုင်းဒေသကြီး မြောက်ပိုင်းနယ်မြေများ........ ၆၇
မြေပုံ (၁၂)။ တနင်္သာရီတိုင်း ဒေသကြီး........ ၆၉


## ဇယားကွက်များ


ပုံ ၁။ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ဆင်းရဲမှု စစ်တမ်းကောက်ယူခြင်း နမူနာစံကွက်များ ........ ၉
ပုံ ၂။ ဆင်းရဲမှုစစ်တမ်းအတွက် လိင်ကွဲပြားမှုနှင့် ကိုးကွယ်ယုံကြည်မှုအလိုက် ဖြေဆိုသူများပြပုံ ........ ၉
ပုံ ၃။ တိုင်းရင်းသားလူမျိုးအလိုက် ဆင်းရဲမှု စစ်တမ်းကောက်ယူရာတွင် ဖြေဆိုသူများပြပုံ........ ၁၀
ပုံ ၄။ လွန်ခဲ့သည့်နှစ်က ပဋိပက္ခ အကူအညီရရှိခဲ့သူများနှင့် ပတ်သက်၍ ဆင်းရဲမှု စစ်တမ်းကောက်ယူရာတွင် ........ ၁၀
ဖြေဆိုသူ များဆိုင်ရာ ဖော်ပြချက်ပုံ
ပုံ ၅။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသရှိ လူဦးရေသဘောအရ မှီခိုမှု အကြောင်းများ ........ ၃၀
ပုံ ၆။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသရှိ ပျမ်းမျှ အိမ်ထောင်စု အရွယ်အစား ........ ၃၂
ပုံ ၇။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသနှင့် ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် နိုင်ငံသားအဖြစ် ရရှိမှု အခြေအနေ ........ ၃၂
ပုံ ၈။ မြန်မာနိုင်ငံ၏ သီးသန့်ရွေးချယ်ထားသောနေရာများ၌ သန့်ရှင်းသော သောက်သုံးရေ ရရှိမှု ........ ၃၃
ပုံ ၉။ မြန်မာနိုင်ငံ သီးသန့်ရွေးချယ်ထားသော ဒေသများ၌ ကောင်းမွန်သည့်အိမ်သာစနစ် ရရှိပုံ........ ၃၄
ပုံ ၁၀။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် လုံလောက်သော အမိုးအကာ ရရှိမှု ........ ၃၆
ပုံ ၁၁။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် မူလတန်းကျောင်းတက်မှုနှုန်း (၂၀၁၁ ခုနှစ်) ........ ၃၇
ပုံ ၁၂။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် ကလေးငယ်များ အာဟာရချို့တဲ့မှုနှုန်း........ ၃၉
ပုံ ၁၃။ မြန်မာနိုင်ငံ၏ သီးသန့်ရွေးချယ်ထားသောနေရာများတွင် စိုက်ပျိုးမြေ ရရှိနိုင်မှု အခြေအနေ........ ၄၀
ပုံ ၁၄။ မြန်မာနိုင်ငံ၏ သီးသန့်ရွေးချယ်ထားသော နေရာများ၌ ကုန်ထုတ်ပစ္စည်း ပိုင်ဆိုင်ရရှိမှု အခြေအနေ (၂၀၁၀–၁၁)........ ၄၁
ပုံ ၁၅။ မြန်မာနိုင်ငံ၏ သီးသန့်ရွေးချယ်ဖော်ပြထားသည့် နေရာများ၌ အဓိကဝင်ငွေရလမ်းပြပုံ........ ၄၂
ပုံ ၁၆။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသနှင့် ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ကျွဲနွားတိရစ္ဆာန် ပိုင်ဆိုင်မှု ........ ၄၄
ပုံ ၁၇။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းနှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် အိမ်ထောင်စုအလိုက် အသုံးစရိတ် ........ ၄၅
ပုံ ၁၈။ မြန်မာနိုင်ငံ၏ သီးသန့်ရွေးချယ်ထားသည့် နေရာများတွင် ကြွေးမြီတင်ရှိနေမှု ........ ၄၆
ပုံ ၁၉။ မြန်မာနိုင်ငံ၏ သီးသန့်ရွေးချယ်ထားသော နေရာများတွင် ကြွေးမြီတင်ရခြင်း အကြောင်းအရင်းများ........ ၄၇
ပုံ ၂၀။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသနှင့် ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသတွင် ဆန်စပါးပင်မ ရရှိသည့် အရင်းအမြစ်........ ၄၉
ပုံ ၂၁။ မြန်မာနိုင်ငံ သီးသန့်ရွေးချယ်ထားသော ဒေသများရှိ အစားအသောက် စားသုံးမှု ပုံစံ........ ၅၁
ပုံ ၂၂။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် သက်မွေးဝမ်းကျောင်းမှုအတွက် ရုတ်ချည်း အကျပ်အတည်းများ (၂၀၁၁) ခုနှစ်........ ၅၂
ပုံ ၂၃။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် ရိက္ခာပြတ်လပ်မှုအပေါ် ဖြေရှင်းနည်း နည်းနာများ (၂၀၁၀–၁၁) ခုနှစ်........ ၅၃

**စာရင်းဇယားများ**


ဇယား (၁) မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသရှိ အိမ်ထောင်စုအလိုက် ဆင်းရဲမွဲတေမှု ညွှန်းကိန်းများ (၂၀၁၀–၂၀၁၁) ခုနှစ် ................. ၂၅
ဇယား (၂)။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသရှိ လူဦးရေ ဖွဲ့စည်းထားပုံ (၂၀၁၁ ခုနှစ်)................................................................. ၃၁
ဇယား (၃)။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသ၌ လူပုဂ္ဂိုလ်ဆိုင်ရာ သတ်မှတ်ဖော်ပြချက်အထောက်အထားရှိခြင်း (၂၀၁၁) ခုနှစ်................... ၃၃
ဇယား (၄)။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသများ၌ သန့်ရှင်းသော သောက်သုံးရေကို ရရှိနိုင်ကြပုံ (၂၀၁၁) ခုနှစ်........................... ၃၄
ဇယား (၅)။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသ၌ အိမ်ထောင်စုများ အိမ်သာရရှိနိုင်မှု အခြေအနေ (၂၀၁၁ ခုနှစ်)............................... ၃၅
ဇယား (၆)။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် လုံလောက်သော အမိုးအကာ ရရှိနိုင်မှု (၂၀၁၁ ခုနှစ်)........................................ ၃၆
ဇယား (၇)။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် ကျောင်းထွက်ရသည့် အကြောင်းအရင်း (၂၀၁၁ ခုနှစ်) ...................................... ၃၈
ဇယား (၈)။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် စိုက်ပျိုးမြေ ရရှိနိုင်မှု (၂၀၁၁ ခုနှစ်)......................................................................... ၄၁
ဇယား (၉)။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် ကုန်ထုတ်လုပ်ရေး ပစ္စည်း ပိုင်ဆိုင်ရရှိမှု အခြေအနေ (၂၀၁၁ ခုနှစ်).................. ၄၂
ဇယား (၁၀)။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် အဓိကဝင်ငွေ ရရှိရာလမ်း (၂၀၁၁ ခုနှစ်).............................................................. ၄၄
ဇယား (၁၁)။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသ၌ အိမ်ထောင်စုတခုလျှင် ကျွဲနွားတိရိစ္ဆာန် ပျမ်းမျှ ပိုင်ဆိုင်မှု ......................................... ၄၅
ဇယား (၁၂)။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် ပြီးခဲ့သည့်လအတွက် အိမ်ထောင်စု ပျမ်းမျှ အသုံးစရိတ် .................................. ၄၆
ဇယား (၁၃)။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် အိမ်ထောင်စု ကြွေးမြီတင်ရှိနေမှု အခြေအနေ (၂၀၁၁) ခုနှစ် .......................... ၄၇
ဇယား (၁၄)။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် အိမ်ထောင်စုများ ကြွေးမြီတင်ရှိရသည့် အကြောင်းအရင်း (၂၀၁၁) ခုနှစ်..................... ၄၈
ဇယား (၁၅)။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် အိမ်ထောင်စုအတွက် ဆန်စပါး ပင်မရရှိသည့်အရင်းအမြစ်များ ..................... ၄၉
(၂၀၁၁) ခုနှစ်
ဇယား (၁၆)။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသရှိ အိမ်ထောင်စုများတွင် ဆန်စပါး သိုလှောင်ထားမှု (၂၀၁၁) ခုနှစ်........................... ၅၀
ဇယား (၁၇)။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် ပျမ်းမျှ အစားအသောက်စားသုံးမှု အမှတ်ပေးဇယား (၂၀၁၁ ခုနှစ်) ............... ၅၀
ဇယား (၁၈)။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသရှိ အစားအစာ စားသောက်မှုပုံစံ (၂၀၁၁) ခုနှစ်......................................................... ၅၁
ဇယား (၁၉)။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသများ၌ သက်မွေးဝမ်းကျောင်းမှုအပေါ် ရုတ်ချည်းအကျပ်အတည်း ကြုံရပုံ.................. ၅၃
(၂၀၁၁) ခုနှစ်
ဇယား (၂၀)။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် ရိက္ခာပြတ်လပ်မှုအပေါ် ဖြေရှင်းနည်း နည်းနာများ (၂၀၁၁) ခုနှစ်.................... ၅၄

၂၀၁၁

# အစီရင်ခံစာ အကျဉ်းချုပ်



ပဋိပက္ခကြောင့် ဤသို့ အိုးအိမ်စွန့်ပစ်ထွက်ပြေးကြရသည်။
(CIDKP ကော့ကရိတ်မြို့နယ်၊ ၂၀၁၁ ခုနှစ်)

# အစီရင်ခံစာ အကျဉ်းချုပ်

လက်နက်ကိုင်ပဋိပက္ခများ ဆယ်စုနှစ်ပေါင်းများစွာ ဖြစ်ပွားလာခဲ့ပြီးနောက်၊ မြန်မာနိုင်ငံ အစိုးရသစ်က အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြုပြင်ပြောင်းလဲရေး အစီအစဉ်များအတွက် ဖြစ်နိုင်ခြေ အခွင့်အလမ်းများ ကမ်းလှမ်းလာခဲ့သည်။ ထိခိုက် နစ်နာခဲ့ရမှုများကို ဖြေရှင်းရန်၊ နာတာရှည်သဖွယ် ဖြစ်ပွားခဲ့ရသော ဆင်းရဲမွဲတေမှု လျှော့နည်းကျဆင်းစေရန်၊ တရားမျှတမှုကို ပြန်လည်ဖော်ဆောင်ပေးရန် အခွင့်အလမ်းမှန်သမျှကို အမိအရ ဆုပ်ကိုင်ရမည် ဖြစ်သော်လည်း၊ အကြမ်းဖက်မှု နှင့် လူ့အခွင့်အရေး ချိုးဖောက် ဖိနှိပ်ခံနေရမှု သံသရာကျော့ကွင်းမှ လွတ်မြောက်နိုင်ရန် အခက်အခဲများစွာကို ဖြတ်ကျော် ကြရဦးမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသများတွင် စစ်တပ်များ တိုး၍ ဆက်လက်ချထားနေမှုက လူသားဆိုင်ရာ လုံခြုံမှုအတွက် အကြီးမားဆုံးသော စိန်ခေါ်ခြိမ်းခြောက်မှုအဖြစ် ဆက်လက်တည်ရှိနေဆဲ ဖြစ်ပါသည်။ ဤသို့သော ကိစ္စများကြောင့် ပြီးခဲ့သည့် နှစ်များတွင် လူများစွာက ၎င်းင်းတို့၏နေအိမ်များကို စွန့်၍ ထွက်ပြေးလာနေကြဆဲ ဖြစ်ပါသည်။ ဤဖြစ်ရပ်များမှာ ထိုင်း–မြန်မာ နယ်စပ်ရှိ ဒုက္ခသည်များကို ကူညီစောင့်ရှောက်ပေးရေးအတွက် ညွန့်ပေါင်းအသင်း (TBBC) နှင့် တိုင်းရင်းသား ရပ်ရွာအင်အားစုများက လူအများထွက်ပြေးပြောင်းရွှေ့နေကြရခြင်းအပေါ် စတင်မှတ်တမ်းပြုစုခဲ့ချိန် ၂၀၀၂ ခုနှစ်မှ စတင်၍ ကြည့်လျှင် ပို၍များပြားစွာ ဖြစ်ပေါ်နေခဲ့ခြင်း ဖြစ်သည်။ လူ့အခွင့်အရေး ချိုးဖောက်မှုများ ရပ်စဲစေခြင်း၊ အစိုးရ၏ လုပ်ရပ်များအပေါ် တာဝန်ခံ တာဝန်ယူမှုများ ပိုရှိစေခြင်း၊ အပြစ်ကျူးလွန်ခဲ့သူများကို အပြစ်မပေးဘဲထား၍ ကင်းလွတ်ခွင့် ရနေစေခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းအားဖြင့် ကာကွယ်လုံခြုံမှုရှိသော ဝန်းကျင်တရပ်ကို ဖန်တီးပေးရမည် ဖြစ်ပါသည်။ ဤအချက်များကို ပဋိပက္ခများကို အသွင်ပြောင်းနိုင်ရေး ကြိုးပမ်းကြရာ၌ အထူးအရေးတကြီး လိုအပ်သည့် အချက်လည်း ဖြစ်ပါသည်။

လူသားဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအတွက် ဆင်းရဲမွဲတေမှု လျှော့ကျဆင်းရေးကို အစိုးရသစ်က အဓိကဦးစားပေး မဟာဗျူဟာ လုပ်ငန်းတခုအဖြစ် ဆောင်ရွက်နေပါသည်။ အစိုးရ၏ ကိန်းဂဏန်းများအရ နိုင်ငံ၏ လူဦးရေ (လေးပုံတစ်ပုံ) ခန့်မှာ ဆင်းရဲမှုအတွင်း၌ နေထိုင်နေကြရသည်ဟု ခန့်မှန်းထားသော်လည်း၊ ယခု စစ်တမ်းလေ့လာချက်များအရ မြန်မာနိုင်ငံ အရှေ့တောင် ပိုင်းရှိ ကျေးလက်ဒေသများ၌ လူဦးရေ၏ သုံးပုံနှစ်ပုံခန့်မှာ အခြေခံလိုအပ်ချက်များ ဖူလုံပြည့်စုံခြင်းမရှိဘဲ နေထိုင်ရှင်သန် နေကြရပါသည်။ ဆင်းရဲမွဲတေမှုများ စစ်မက်ဖြစ်ပွားနေသည့် ဒေသများ၌ ပို၍ ဆိုးဝါးပါသည်။ ပဲခူးတိုင်းဒေသကြီးရှိ ကျောက်ကြီး၊ ရွှေကျင်မြို့နယ်များ၊ ကရင်ပြည်နယ်ရှိ သံတောင်မြို့နယ်တို့တွင် ဆင်းရဲမွဲတေမှု ပို၍ပြင်းထန်ပါသည်။ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (World Food Program) က ဆောင်ရွက်ခဲ့သည့် အိမ်ထောင်စု စစ်တမ်းနှင့် နှိုင်းယှဉ် လေ့လာကြည့်ရာ၌ မြန်မာနိုင်ငံအရှေ့တောင်ပိုင်း ဒေသရှိ လူနေမှုအဆင့်အတန်းမှာ ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသများ နှင့် အလားတူနီးပါး ဖြစ်နေသည်ကို တွေ့ရှိရပါသည်။ ၎င်းင်းစစ်တမ်းအရ ဖော်ပြထားသည့် မြန်မာနိုင်ငံအလယ်ပိုင်း ခြောက်သွေ့ဇုန် (မိုးခေါင်ရေရှားရပ်ဝန်း) ထက် ပို၍ ဆိုးရွားနေသည်ကိုလည်း တွေ့ရှိခဲ့ရပါသည်။

ယခု အစီရင်ခံစာက မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသများတွင် ဆင်းရဲမွဲတေမှု ပမာဏ နှင့် အိမ်ထောင်ပြောင်းရွှေ့ ထွက်ပြေးရမှုများ ဖြစ်ပေါ်နေသည်ကို လူအများပိုမိုသိရှိလာအောင် တင်ပြထားခြင်း ဖြစ်ပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံသမိုင်းတွင် အရေးပါသည့် တဆစ်ချိုးအပြောင်းအလဲကာလ၌ ပို၍ပင် သိရှိသင့်ပါသည်။ ပြီးခဲ့သည့် ၂–နှစ်တာကာလတွင် မြို့နယ် ၅၀– ရှိ အဓိကအရေးပါသည့် သတင်းပေးနိုင်သူများကို အတင်းအကျပ် နေရာပြောင်းရွှေ့ထွက်ပြေးစေမှုပြဿနာကို သိရှိအကဲဖြတ်နိုင်အောင် တွေ့ဆုံမေးမြန်းခဲ့ခြင်းသာမက၊ မြို့နယ် ၁၄–မြို့နယ်ရှိ အိမ်ထောင်စုပေါင်း (၂,၆၀၀) ကျော်ကိုလည်း ဆင်းရဲမွဲတေမှုနှင့် ပတ်သက်၍ အကဲဖြတ်လေ့လာမှုများ ပြုခဲ့ပါသည်။ အိမ်များ ပြောင်းရွှေ့ထွက်ပြေးနေရမှု ခန့်မှန်းခြေကို နိုင်ငံတကာ စံချိန်စံနှုန်းများအပေါ် လမ်းညွှန်ထားလေ့လာခဲ့ပြီး၊ ဆင်းရဲမွဲတေမှုဆိုင်ရာ အကဲဖြတ်လေ့လာချက်ကို ရန်ကုန်အခြေစိုက် လူသားချင်းစာနာမှုဆိုင်ရာအဖွဲ့အစည်းများနှင့် တိုင်ပင်အကြံရယူ၍ လေ့လာခဲ့ပါသည်။ ထိခိုက်နစ်နာနိုင်ခြေရှိမှုဆိုင်ရာ ပြဿနာကိန်းများကိုလည်း တပြေးညီစံသတ်မှတ်နိုင်အောင် ဆောင်ရွက်ခဲ့ကြပါသည်။

ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများနှင့်အတူ ဆန့်ကျင်စွာဖြစ်ပေါ်နေသည်မှာ ယခုစစ်တမ်းကောက်ယူခဲ့သည့်ကာလအတွင်း နယ်စပ်ဒေသများတွင် လက်နက်ကိုင်ပဋိပက္ခများ တိုးမြင့်လာသည်ကို တွေ့ရသည်။ အကြောင်းမှာ ပြည်တွင်း၌ မြန်မာစစ်တပ် (တပ်မတော်) က ၎င်း၏အမိန့်ပေးယန္တယားစနစ်ကို ချဲ့ထွင်လိုသည့်အကြောင်းနှင့် ဒေသဆိုင်ရာ အကျိုးစီးပွားများအရ သဘာဝအရင်းအမြစ်များ တိုး၍ထုတ်လုပ်နိုင်ရန် ကြိုးပမ်းလာမှုများကြောင့် ဖြစ်ပါသည်။ ကရင်၊ ရှမ်း၊ မွန်နှင့် ကချင် ပြည်နယ်များတွင် ယခင် စစ်အစိုးရနှင့် သဘောတူရယူထားခဲ့သည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ ကျိုးပျက်ကာ တိုက်ပွဲများ ပြန်လည် ဖြစ်ပွားခဲ့သည်။ အကြောင်းမှာ အစိုးရမဟုတ်သည့် တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များကို ၎င်းတို့၏ နိုင်ငံရေး မျှော်မှန်းချက်များကို စွန့်လွှတ်ရန်နှင့် စစ်အစိုးရ၏တပ် (တပ်မတော်) ၏ ထိန်းချုပ်မှု အောက်တွင် နယ်ခြားစောင့်တပ် အဖြစ် ပြန်လည်စုဖွဲ့ရန် ဖိအားပေးလာမှုတို့ကြောင့် ဖြစ်ပါသည်။ ထို့အပြင် တိုင်းရင်းသားဒေသများတွင် အိမ်နီးချင်းအာရှနိုင်ငံများနှင့် စီးပွားရေးသဘောတူညီမှုများပြုကာ ရောမဖွံ့ဖြိုးရေးစီမံချက်များကို လက်မှတ်ရေးထိုး စတင်ဆောင်ရွက်လာကြပါသည်။ သို့သော်လည်း ၎င်းစီမံကိန်းကြီးများတွင် ပွင့်လင်းမြင်သာမှု ကင်းမဲ့နေခြင်း၊ ဒေသခံပြည်သူလူထုများနှင့် ညှိနှိုင်းတိုင်ပင်မှုများ မရှိခြင်းတို့ကြောင့် တင်းမာမှုများ ပိုမိုကြီးထွားလာစေပါသည်။

(တီဘီဘီစီ) ၏ မိတ်ဖက်အဖွဲ့အစည်းများက မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသများတွင် ၁၉၉၆ ခုနှစ်မှစတင်၍ ဖျက်ဆီးခံရသော၊ အဓမ္မရွှေ့ပြောင်းခံရသော၊ သို့မဟုတ် စွန့်ပစ်ထွက်ပြေးခဲ့ကြရသည့် ကျေးရွာပေါင်း ၃,၇၀၀ ကျော်ကို မှတ်တမ်း ပြုစုထားနိုင်ခဲ့ကြပါသည်။ ဤသို့ ဖျက်ဆီးခံရသည့် ရွာများတွင် ၂၀၁၀ ခုနှစ် ဩဂုတ်လမှ ၂၀၁၁ ခုနှစ် ဇူလိုင်လအတွင်း ဖြစ်ပွားခဲ့သည့် ရွာပုန်း ၁၀၅ ရွာ၏ ဖျက်ဆီးရွှေ့ပြောင်းခံရမှုလည်း အပါအဝင် ဖြစ်ပါသည်။ ယခု စစ်တမ်းလေ့လာချက်များအရ အနည်းဆုံး လူပေါင်း (၁၁၂,၀၀၀) သည် ပြီးခဲ့သည့်နှစ်တွင် ၎င်းတို့၏ နေအိမ်များမှ စွန့်ခွာရွှေ့ပြောင်းခဲ့ကြရပါသည်။ အချို့သောသူများ မှာ ထိုင်းနိုင်ငံသို့ ထွက်ပြေးလာကြသော်လည်း၊ အချို့သူများမှ မူလရွာများသို့ ပြန်သွားခြင်း၊ သို့မဟုတ် အခြားတနယ်တကျေးတွင် ပြန်လည်အခြေချနေထိုင်ခြင်း ပြုခဲ့ကြပါသည်။ ယခုတိုင် အရှေ့တောင်ပိုင်းဒေသအတွင်း လူပေါင်း (၄၅၀,၀၀၀) မှာ ပြည်တွင်း ဒုက္ခသည်အဖြစ် ရွှေ့ပြောင်းအခြေချ နေထိုင်နေကြဆဲ ဖြစ်ပါသည်။  ဤကိန်းဂဏန်းမှာ ပြီးခဲ့သည့်ဆယ်စုနှစ်တာကာလအတွင်း ပြည်တွင်း၌ ရွှေ့ပြောင်းထွက်ပြေးနေရသူများကို စုပေါင်းဖော်ပြထားသည့် ကိန်းဂဏန်း မဟုတ်ပါ။ ယခုလက်ရှိကာလတွင် မြို့နယ် ၅၀–ရှိ ကျေးလက်ဒေသများ၌ လက်ရှိပြည်တွင်း ဒုက္ခသည်ဖြစ်နေရသူများ၏ မပြည့်စုံသော အရေအတွက် ဖြစ်ပါသည်။

ပြီးခဲ့သည့်နှစ်အတွင်း ပြည်တွင်း၌ရွှေ့ပြောင်းထွက်ပြေးမှု အများဆုံးဖြစ်ခဲ့ရသော နေရာအဖြစ် ထိုင်းနိုင်ငံနှင့် ကပ်လျက်ရှိသော ကရင်ပြည်နယ်အလယ်ပိုင်းဒေသ၊ ရှမ်းပြည်နယ်အလယ်ပိုင်းနှင့် ကရင်ပြည်နယ်မြောက်ပိုင်းဒေသများတွင် တွေ့ရှိရပါသည်။ ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး (ဒီကေဘီအေ) မှ ခွဲထွက်လာသော အဖွဲ့က ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလတွင် လက်နက်ကိုင်တိုက်ပွဲများ ပြန်လည်ဆင်နွှဲခဲ့ပြီးနောက်၊ မြဝတီနှင့် နီးစပ်ရာမြို့နယ်များမှ ရွှေ့ပြောင်းထွက်ပြေးရသူ (၂၇,၀၀၀) မျှ ရှိခဲ့ရပါသည်။ မြန်မာ့တပ်မတော်က ၂၂ နှစ်ကြာ ထိန်းသိမ်းခဲ့သော အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ချိုးဖောက်ခဲ့ပြီးနောက်၊ ရှမ်းပြည်တပ်မတော်(မြောက်) ထိန်းချုပ်ရာဒေသများတွင်လည်း ၂၀၁၁ ခုနှစ်၊ မတ်လတွင် ထိုးစစ်များ ပြန်လည်ပြုလုပ်ခဲ့ရာ မြို့နယ် ၁၀–ခုတွင် ဒုက္ခသည် (၃၁,၀၀၀) ခန့် ထွက်ပြေးခဲ့ကြရသည်။ ကရင်ပြည်နယ် မြောက်ပိုင်းနှင့် ပဲခူးတိုင်းဒေသကြီးတွင်လည်း နောက်ထပ် ဒုက္ခသည် (၂၈,၀၀၀) ခန့် ထွက်ပြေးခဲ့ကြရသည်။ အကြောင်းမှာ ရေအားလျှပ်စစ် ဆည်တည်ဆောက်ရေး စီမံကိန်းများနှင့် ကရင်အမျိုးသားအစည်းအရုံး (ကေအဲန်ယူ) ကို အင်အားချိနဲ့စေရန် အရပ်သားပြည်သူများကို ပစ်မှတ်ထား၍ သောင်းကျန်းသူချေမှုန်းရေး စစ်ဆင်ရေးများ ပြုလုပ်လာသောကြောင့် ဖြစ်သည်။

ရေရှည် ဖြစ်ပွားနေသည့် ပြည်တွင်းစစ်နှင့် စစ်အင်အားတိုးချဲ့ ချထားလာမှုကြောင့် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသများတွင် သက်မွေးဝမ်းကျောင်းမှု လုပ်ငန်းများအတွက် လိုအပ်သည့် အခြေခံပစ္စည်းများ မရရှိနိုင်ကြတော့ဘဲ၊ သုံးစွဲနိုင်သော ဝင်ငွေများလည်း မရှိသလောက်နီးပါး ကျဆင်းခဲ့ကြရသည်။ သို့အတွက်ကြောင့် ဖြည့်စွက်စားသောက်ရန် ရိက္ခာပစ္စည်းများလည်း မဖူလုံနိုင်ဖြစ်ခဲ့ရသည်။ အိမ်ထောင်စု (လေးပုံတစ်ပုံ) နီးပါးက ဖြေကြားခဲ့ကြရာတွင် ပြီးခဲ့သည့်လအတွင်း လက်အတွင်း ငွေကြေးမရှိသလောက်ဟု ဆိုခဲ့ကြပြီး၊ အိမ်ထောင်စု ၆–စုတွင် တစ်စုသည်သာ မှီခိုအားထားရလောက်သည့် ဝင်ငွေရှိပါသည်။ စားနပ်ရိက္ခာဖူလုံမှု ညွှန်းကိန်းများက ဖော်ပြကြရာတွင် အိမ်ထောင်စု ၃–စုတွင် ၂–စု၌ စားနပ်ရိက္ခာရရှိနိုင်မှု ချို့တဲ့ဆင်းရဲပါသည်။ အာဟာရလည်း ချို့ငဲ့မှု ရှိပါသည်။ စားနပ်ရိက္ခာ မဖူလုံမှုကြောင့် ကြွေးမြီများလည်း တင်ရှိနေကြပါသည်။ ဤသို့ဖော်ပြသည့်

ရလဒ်များက စိုက်ပျိုးမြေရရှိနိုင်မှု အကန့်အသတ်ရှိနေခြင်းနှင့် ဆက်စပ်ပတ်သက်နေပြီး၊ အိမ်ထောင်စု စီးပွားရေး ပြိုကျနေသည့် အခြေအနေကိုလည်း ထင်ဟပ်ဖော်ပြနေပါသည်။

ယခု စစ်တမ်းလေ့လာချက်တွင် အတင်းအကျပ်ပြုတတ်သည့် ကင်းလှည့်စစ်ကြောင်းများ၊ အဓမ္မလုပ်အားခိုင်းစေမှုများ၊ အတင်းအကျပ်နေရာပြောင်းရွှေ့ချထားမှုများ စသည့်တစ်ခုချင်းသော အကြောင်းများကြောင့် ပြီးခဲ့သည့် ၆–လအတွင်း အိမ်ထောင်စု ၁၀–ခုလျှင် အနည်းဆုံးတစ်ခုသည် သက်မွေးဝမ်းကျောင်းမှု လုပ်ငန်းများကို ထိခိုက်ပျက်ယွင်းစေခဲ့ကြောင်း ပြသနေပါသည်။ ဤအချက်များနှင့် အခြားသော ဆိုးကျိုး ရိုက်ခတ်မှုများကြောင့် စစ်တမ်းမကောက်ယူမီ တစ်လအတွင်း၌ အိမ်ထောင်စု လေးခုလျှင် သုံးခု၌ စားနပ်ရိက္ခာပြတ်လပ်မှုများ ကြုံတွေ့ရကြောင်း ဖော်ပြကြပါသည်။ ယာယီပြတ်လပ်မှုမျိုး မဟုတ်သည့် အတွက်ကြောင့် အိမ်ထောင်စုများက အိမ်ထောင်စုတဝက်ကျော်က စပါးပေါ်သည့် ရာသီမရောက်မီကာလ၌ ဆန်ရရန် အနည်းဆုံး ၃–လခန့် ဝယ်ယူဖြည့်တင်းစားသုံးရခြင်း၊ ချေးငှားရခြင်း၊ ပစ္စည်းချင်း ဖလှယ်စားသောက်ရခြင်းများဖြင့် ဖြေရှင်းခဲ့ကြရပါသည်။ အိမ်ထောင်စုများက ရိက္ခာပြတ်လပ်သည့် ပြဿနာကို ဖြေရှင်းရန် အရည်အသွေးမကောင်းသည့် ပစ္စည်းများ၊ သို့မဟုတ် ဈေးချိုသည့်ရိက္ခာများ ဝယ်ယူစားသောက် ဖြေရှင်းခဲ့ကြရသည်။ အစားအစာများကို အကြွေးဖြင့် ဝယ်စားရသည်။ မိသားစုဝင်များ၊ မိတ်ဆွေများကို မှီခိုကြရသည်။ ဆန်ပြုတ်သောက်ခြင်းဖြင့် စားသောက်မှုကို လျှော့ချခဲ့ကြရပါသည်။ ကျေးရွာလူထုများမှာ အထူးတလည် ခံနိုင်ရည်ရှိကြပါသည်။ သို့သော်လည်း သူတို့ရင်ဆိုင်ဖြေရှင်းနေကြရသည့် နည်းနာများ၌ အကူအညီ လိုအပ်နေပါသည်။ သို့မှသာ ဆင်းရဲမှု သံသရာမှ ရုန်းထွက်နိုင်ကြမည် ဖြစ်ပါသည်။

အစိုးရသစ်အနေဖြင့် ဆင်းရဲမွဲတေမှုကို မည်မျှ မြန်မြန်ဆန်ဆန်နှင့် ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်မည်ကို စောင့်ကြည့် ရဦးမည် ဖြစ်ပါသည်။ သို့သော်လည်း ပဋိပက္ခများ ဖြစ်ပွားနေရာဒေသများသို့ လူသားချင်းစာနာမှုအတွက် ကူညီပေးရေးအဖွဲ့အစည်း၊ အေဂျင်စီများ သွားရောက်ကူညီခွင့်ကို ယခုတိုင်ဖြေလျှော့ပေးသည်ကို မတွေ့ရသေးပါ။ ဤအနေအထားတွင် အများစုသော နိုင်ငံရပ်ခြား အကူအညီပေးရေး အဖွဲ့အစည်းများက လက်နက်ကိုင်ပဋိပက္ခများကြောင့် ဒုက္ခကြုံနေကြရသည့် ဒေသများ မဟုတ်သော၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၊ ခြောက်သွေ့ဇုန်နှင့် ရခိုင်ပြည်နယ်များသို့သာ အကူအညီများကို လမ်းကြောင်း လွှဲပြောင်း ပေးအပ်ထောက်ပံ့နေရပါသည်။ ဖော်ပြခဲ့သည့် လိုအပ်ချက်များအတွက် တုံ့ပြန်ဆောင်ရွက်နိုင်ရန်၊ အာဏာပိုင်များနှင့် တွေ့ဆုံ၍ ယုံကြည်မှုတည်ဆောက်ရန် လိုအပ်သကဲ့သို့၊ နိုင်ငံတဝှမ်းတွင် လူသားချင်းစာနာမှု အကူအညီပေးရေးလုပ်ငန်းများ တိုးတက်ဖြစ်ပေါ်လာစေရန်အတွက်လည်း တိုက်တွန်းစည်းရုံးမှုများ ဆောင်ရွက်ရန် လိုအပ်ပါလိမ့်မည်။ ဤသို့ယုံကြည်မှု တည်ဆောက်ရေး လုပ်ငန်းများကြောင့် ထိတွေ့ဆောင်ရွက်ခွင့်ရှိလာခြင်း ရှိလာသည့်တိုင်၊ နယ်စပ်ဖြတ်ကျော်၍ အကူအညီပေး သည့်လုပ်ငန်းများက အခရာကျနေဦးမည် ဖြစ်ပါသည်။ သို့မှသာ အရှေ့တောင်ပိုင်းဒေသများရှိ စစ်ကြောင့် ဒုက္ခရောက်ရသူ ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါသည်။ ရန်ကုန်မှတဆင့်သွား၍ မရောက်နိုင်သေးသောကြောင့် ဤဒုက္ခရောက်နေသူများ နောက်ထပ် ဖယ်ကျဉ်ချန်ထားခံရမည့်အရေးမှလည်း ကာကွယ်ဖြည့်ဆည်း ကူညီပေးနိုင်မည် ဖြစ်ပါသည်။

ပဋိပက္ခ အသွင်ကူးပြောင်းပြေလည်ရေး အခွင့်အလမ်းများ၌ လူသားချင်းစာနာမှု၊ နိုင်ငံရေး၊ ဖွံ့ဖြိုးမှု၊ လူ့အခွင့်အရေးကိစ္စ ဆောင်ရွက်လှုပ်ရှားသူများ ပိုမို အချိတ်အဆက်ညီညွတ်စွာ လုပ်ဆောင်ကြရန် လိုအပ်ပါသည်။ နေပြည်တော်ရှိ အစိုးရသစ်နှင့် သော်လည်းကောင်း၊ အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့များနှင့်သော်လည်းကောင်း သံတမာန်ရေး ဆက်ဆံမှု များသည် လည်း အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အထူးအရေးကြီးပါသည်။ တတိယအင်အားစုမှ ကြားဝင်စေ့စပ် ပေးသည့် ကိစ္စများလည်း လိုအပ်လိမ့်မည် ဖြစ်ပါသည်။ အကြောင်းမှာ အစိုးရဖက်က အစိုးရဦးဆောင်သည့် တွေ့ဆုံဆွေးနွေးမှုများ ပြုရန်ကိုသာ တောင်းဆိုနေပြီး၊ တိုင်းရင်းသား လက်နက်ကိုင် အင်အားစုများကလည်း သွေးခွဲအုပ်ချုပ်ရေး ဗျူဟာအပေါ် သံသယ ရှိနေကြပြီး၊ တနိုင်ငံလုံး အတိုင်းအတာဖြင့် ဆွေးနွေးရန် တောင်းဆိုနေကြပါသည်။ ဤသို့ ရှေ့မတိုးနောက်မဆုတ်သာ အခြေ အနေကို ကြားဝင်ခြင်းဖြင့် ပြေလည်စေရန် ဖြစ်ပါသည်။ ကုလသမဂ္ဂ၊ အာဆီယံနိုင်ငံများအသင်း၊ မြန်မာနိုင်ငံ၏ အိမ်နီးချင်း နိုင်ငံများ အပါအဝင် နိုင်ငံတကာ မိသားစုအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေး အတွက် ပံ့ပိုးကူညီပေးရန် တာဝန်ရှိနေပြီး၊ ဒေသဆိုင်ရာ လုံခြုံရေးအတွက်လည်း အကျိုးရှိစေမည် ဖြစ်ပါသည်။

"

*ကျွန်တော်တို့နိုင်ငံဟာ ကိုလိုနီလက်အောက်က လွတ်မြောက်ဖို့အတွက် တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်စွာဖြင့် လွတ်လပ်ရေးကို အသက်ပေးပြီးရယူခဲ့ကြပေမယ့်၊ လွတ်လပ်ရေးရပြီးနောက်ပိုင်း တိုင်းပြည်ကို ပြန်လည်ထူထောင်ကြရမယ့်အစား၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲ၊ လူမျိုးစွဲတွေကြောင့် လက်နက်တွေစွဲကိုင်ပြီး တိုင်းရင်းသား အချင်းချင်း သွေးချောင်းစီး တိုက်ပွဲတွေ ဆယ်စုနှစ် ငါးစုလောက် ဖြစ်ပွားခဲ့လို့ ပြည်သူတွေ ဒုက္ခပင်လယ်ဝေခဲ့ကြရတာကိုလည်း ကိုယ်စားလှယ်ကြီးများ အသိပဲ ဖြစ်ပါတယ်။”*

*“ … တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အထူးအလေးထားပြီး တည်ဆောက်သွားမှာ ဖြစ်ပါတယ်။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးဆိုတာ ယခင်အတွေ့အကြုံများအရ ပါးစပ်က ပြောနေရုံနဲ့ မရပါဘူး။ … ပထဝီအနေ အထားအရ ရေမြေခြား ဖြစ်နေတဲ့ တိုင်းရင်းသားတွေနေထိုင်တဲ့ဒေသတွေ တဆက်တစပ်တည်း ဖြစ်သွားအောင် ကားလမ်းတွေ၊ မီးရထားလမ်းတွေ ဖောက်ပေးရပါမယ်။ တံတားတွေ ဆောက်ပေးရပါမယ်။ ပညာရေး၊ ကျန်းမာရေး အဆင့်အတန်းတွေ မြှင့်တင်ပေးရပါမယ်။ တိုင်းရင်းသားတွေရဲ့ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာအောင် စီးပွားရေး အခြေခံကောင်းတွေ ပြုလုပ်ပေးရပါမယ်။ …”*

*“ …ယခုလို ရှုပ်ပိုင်းဆိုင်ရာသာမက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးရဲ့ အခြေခံဖြစ်တဲ့ စစ်မှန်တဲ့မျိုးချစ်စိတ်ဓာတ် ဖြစ်သော ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားအောင်လည်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ …*

"

သမ္မတ ဦးသိန်းစိန်၊ ပြည်ထောင်စုလွှတ်တော်သို့ ပြောကြားသော သမ္မတအဖြစ်
ကျမ်းသစ္စာကျိန်ဆိုပွဲ မိန့်ခွန်း။ နေပြည်တော်၊ မတ်လ ၃၀၊ ၂၀၁၁ ခုနှစ်

"

*နယ်စပ်ဒေသတွေက လူနည်းစုအမျိုးသားတွေရဲ့ အခြေအနေဟာ အစိုးရရဲ့ ဒီမိုကရေစီပြောင်းလဲရေး ရည်ရွယ်ချက်မှာ အကြီးအကျယ် အကန့်အသတ်တွေ ရှိနေသေးတယ်ဆိုတာ ပြသနေပါတယ်။ နယ်မြေဒေသအတော်များများမှာ အကြမ်းဖက်မှုတွေ ဆက်လက်ဖြစ်ပွားနေပါတယ်။ နေရာအနှံ့အပြားမှာ စစ်တပ်တွေကို စနစ်တကျ တိုးချဲ့နေရာ ချထား ခြင်းဟာ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ဖြစ်ပေါ်စေပါတယ်။ ဒီလူ့အခွင့်အရေးချိုးဖောက်မှုတွေကတော့ မြေယာတွေ သိမ်းယူခြင်း၊ အတင်းအဓမ္မ လုပ်အားစေခိုင်းခြင်း၊ အတင်းအကျပ်နေရာ ရွှေ့ပြောင်းစေခြင်း၊ တရားလက်လွှတ် သတ်ဖြတ်ခြင်း၊ လိင်မှုဆိုင်ရာအကြမ်းဖက်ခြင်းတွေ အပါအဝင် ဖြစ်ပါတယ်။ ဒီချိုးဖောက်မှုတွေဟာ နိုင်ငံအနှံ့အပြားမှာ ဖြစ်ပွားနေပြီး၊ ယနေ့တိုင်လည်း ဆက်လက်ဖြစ်ပွားနေဆဲပါပဲ။ ဒါတွေကို အာဏာပိုင်တွေက အမှန်တကယ်ဖြေရှင်းပေးသေးတာ မဟုတ်ပါဘူး။*

*အစိုးရဟာ တိုင်းရင်းသားလူမျိုးစု ပဋိပက္ခတွေအတွက် ဖြေရှင်းရေးနည်းလမ်းတွေကို ရှာနေတာမဟုတ်ရဲ့လားလို့ ကျနော် စိုးရိမ်ပူပန်မိပါတယ်။*

"

တောမတ် အိုဟေး ကွင်တားနား (Tomas Ojea Quintana)
မြန်မာနိုင်ငံအခြေအနေဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ အထူးသံတမန် မှ
၂၀၁၁ခုနှစ် မေလ ၂၃ရက်နေ့ ဘန်ကောက်ရှင်းလင်းပွဲတွင်ပြောကြားခဲ့သည့်
ကောက်နှုတ်ချက်

အခန်း (၁)

# စစ်တမ်းကောက်ယူမှု၏ လုပ်ဆောင်ပုံနည်းနာ



အဟာရဓါတ်ချို့တဲ့မှုအား တိုင်းတာလေ့လာခြင်း
(MRDC ရေဖြူမြို့နယ်၊ ၂၀၁၁ ခုနှစ်)

## ၁။ ၁။ စစ်တမ်း ဒီဇိုင်း ပုံစံ၊ အချက်အလက် စုဆောင်းမှုနှင့် ပိုင်းခြားသုံးသပ်ချက်

ထိုင်းမြန်မာနယ်စပ်တလျှောက် ကူညီစောင့်ရှောက်ရေးညွန့်ပေါင်းအသင်း (TBBC) သည် (၂၀၀၂) ခုနှစ်ကစ၍ လူမျိုးစုအခြေခံ လူမှုအဖွဲ့အစည်းများနှင့် လက်တွဲကာ၊ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ ပြည်တွင်းဒုက္ခသည်များ၏ ထူးခြားချက်များကို မှတ်တမ်းတင်ထားခဲ့သည်။[1] ပြည်တွင်းဒုက္ခသည်များအကြောင်း လေ့လာချက်များသည်လွန်ခဲ့သော နှစ်အနည်းငယ်အတွင်းက ဆန်းစစ်လေ့လာမှုများ သိပ်မရှိခဲ့သော်လည်း (TBBC) ၏ အတွေ့အကြုံများသည် ကမ္ဘာတဝှမ်းရှိ လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများအတွက် လေ့လာချက်နည်းစနစ်ဆိုင်ရာ အကြံဉာဏ်များ ပိုမိုဖွံ့ဖြိုးလာစေရေးအတွက် အကျိုးပြုခဲ့ပါသည်။[2] (၂၀၁၀) ခုနှစ်ကစ၍ မြို့နယ်ပေါင်း (၅၀) အတွင်းရှိ အိုးအိမ်အခြေပျက်မှုပမာဏသာမက၊ မြို့နယ် (၁၄) ခုအတွင်းရှိ အိမ်ထောင်စု အလိုက် ဆင်းရဲမွဲတေမှုအခြေအနေနှင့် ပတ်သက်၍လည်း စစ်တမ်းကောက်ယူ အကဲဖြတ်ချက်များ လုပ်ဆောင်ခဲ့ပါသည်။

(၂၀၁၁) ခုနှစ်အတွက် စစ်တမ်းကောက်ယူမှုဆိုင်ရာ လုပ်ငန်းစည်းမျဉ်းများကို ရေးဆွဲရာ၌ လူမျိုးစုအခြေခံသော လူမှုအဖွဲ့ အစည်းများကို ပါဝင်စေခြင်း၊ ရန်ကုန်အခြေစိုက်လူသားချင်းစာနာမှုဆိုင်ရာအဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးခြင်းတို့ ပြုခဲ့ပါသည်။ မြို့နယ်အဆင့် အိုးအိမ်အခြေပျက်မှု၊ စစ်တပ်များတိုးချဲ့ချထားမှုနှင့် မြို့နယ်များတွင် ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ လုပ်ဆောင်နေမှုများကို အကဲဖြတ်လေ့လာနိုင်ရေးအတွက် အရေအတွက်ဆိုင်ရာနှင့် နယ်မြေအကျယ်အဝန်းဆိုင်ရာ စစ်တမ်းကောက်ယူမှုများကို လည်းကောင်း၊ အိမ်ထောင်စုအလိုက် ဆင်းရဲမွဲတေမှုကို အကဲဖြတ်ရေးအတွက် မေးခွန်းစဉ်များကိုလည်းကောင်း ဆောင်ရွက် ပြုစုခဲ့ပါသည်။[3] ဤသို့ လုပ်ဆောင်ရာ၌ ဆင်းရဲမှုအခြေအနေ၊ လူ့အခွင့်အရေးကိစ္စရပ်များနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းခြင်း၊ ထွက်ဆိုချက်များကို မှတ်တမ်းတင်ခြင်းတို့ဖြင့် ထပ်မံဖြည့်စွက် ဆောင်ရွက်ခဲ့ပါသည်။

အိမ်ထောင်စုအလိုက် ဆင်းရဲမွဲတေမှု စစ်တမ်းကောက်ယူရေးအတွက် အဆင့်အများအပြား ပါဝင်ပြီး၊ နေရာဒေသအလိုက် အုပ်စု နမူနာစံကွက်သတ်မှတ်သောနည်းကို သုံးခဲ့ပါသည်။ စစ်တမ်းကောက်ယူမှုရလဒ်များကို မြန်မာနိုင်ငံရှိ အခြားမြို့နယ်များနှင့် နှိုင်းယှဉ်ပြနိုင်ရန်အလို့ငှာ မြို့နယ်တမြို့နယ်လျှင် အိမ်ထောင်စုပေါင်း (၂၀၀) ကို ပစ်မှတ်ထား၍ သတ်မှတ်ခဲ့ပါသည်။ အားထားရလောက်သော လူဦးရေဆိုင်ရာ အခြေခံကိန်းဂဏန်း မရှိသဖြင့်၊ မြို့နယ်အသီးသီးကို နယ်မြေအလိုက် အပိုင်း (၄) ပိုင်း ပိုင်းခြားပြီးနောက်၊ စစ်တမ်းကောက်သူများက အပိုင်းသီးသီး၏ အလယ်ဗဟိုနှင့် နီးနိုင်သမျှအနီးဆုံး ကျေးရွာများမှ အိမ်ထောင်စု (၅၀) ကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။ ကျေးရွာ၌ အိမ်ထောင်စုများကို ကျပန်းရွေးချယ်ပါသည်။ ကျေးရွာတရွာလျှင် အများဆုံး၊ အိမ်ထောင်စု (၂၅) စုပါသော အုပ်စုတစု သတ်မှတ်ခဲ့ပါသည်။

စစ်တမ်းကောက်ယူမှုတွင်ပါဝင်ဆောင်ရွက်ပေးသော လူမျိုးစုအခြေခံလူမှုအဖွဲ့အစည်းများမှ ကွင်းဆင်းဝန်ထမ်း (၄၅) ဦးကို စစ်တမ်း ကောက်ယူနည်းများ သင်ကြားလေ့ကျင့်ပေးခဲ့ပါသည်။ သင်တန်းတွင် နမူနာစံကွက်သတ်မှတ်ခြင်း၊ တွေ့ဆုံမေးမြန်းနည်း၊ သိရှိနားလည်မှုဖြင့် ခွင့်ပြုသဘောတူညီချက် ရယူခြင်း၊ တံတောင်ဆစ်အထက် လက်မောင်းလုံးပတ် တိုင်းတာခြင်း (mid-upper arm circumference – MUAC- measurements) နှင့် အများပါဝင်အကဲဖြတ်ခြင်းအကြောင်းတို့ အပါအဝင် ဖြစ်သည်။ (၂၀၁၀) ခုနှစ်ကအတိုင်းပင်၊ စစ်တမ်းကောက်ယူသည့် နယ်မြေတွင်းမှ အချက်အလက်များကို (၂၀၁၁) ခုနှစ်၏ မိုးဦးကျရာသီ ဖြစ်သော မေလနှင့် ဇွန်လအတွင်းမှာ ကောက်ယူစုဆောင်းခဲ့ပြီးနောက်၊ စစ်တမ်းကောက်ယူသည့် ဝန်ထမ်းများသည် အချက် အလက်များ ရေးသွင်းရေး၊ စီစစ်ရေးနှင့် ပိုင်းခြားသုံးသပ်ရေး လုပ်ငန်းအတွက် ဇူလိုင်နှင့် ဩဂုတ်လများတွင် ပြန်လာခဲ့ကြပါသည်။ ပြည်တွင်းဒုက္ခသည်လူဦးရေ ပြုစုရေးအတွက် မြို့နယ်ပေါင်း (၅၀) တို့မှ အဓိကကျသည့် သတင်းပေးနိုင်သူများအား ကြိုတင် အကြမ်းစီစဉ်ထားသောမေးခွန်းများဖြင့် တွေ့ဆုံမေးမြန်းမှုများ (semi-structured interviews) ပြုလုပ်ခဲ့ပါသည်။ ဤအစီရင်ခံစာ တွင် ယခင်က စစ်တမ်းကောက်ယူမှုမပြုလုပ်ခဲ့ဖူးသော ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မြို့နယ်(၈) ခုမှ ပြည်တွင်းဒုက္ခသည် လူဦးရေနှင့်


---

[1] နှစ်စဉ်စစ်တမ်းကောက်ယူမှု အစီရင်ခံစာများကို www.tbbc.org/resources.htm#idps တွင် ဖတ်ရှုနိုင်ပါသည်။

[2] ကုလ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ ညှိနှိုင်းရေးရုံး (OCHA) နှင့် နော်ဝေဒုက္ခသည်ကောင်စီ (NRC) တို့က ၂၀၀၈ ခုနှစ်၊ ဧပြီလတွင် ထုတ်ဝေသည့် *ပြည်တွင်းဒုက္ခသည်များကို ခွဲခြားသတ်မှတ်ခြင်းဆိုင်ရာ လမ်းညွှန် (Guidance on Profiling Internally Displaced Persons,* Geneva, pp 37, 66-67.) အစီရင်ခံစာကို ကြည့်ပါ။

[3] နောက်ဆက်တွဲ (၄) ကို ကြည့်ပါ။

# မြေပုံ (၁)။ အိမ်ထောင်စုအလိုက် ဆင်းရဲမှု စစ်တမ်းကောက်ယူခြင်း နမူနာစံကွက် (၂၀၁၀–၂၀၁၁)




စစ်တမ်းကောက်ခဲ့သည့်ကျေးရွာများ, ၂၀၁၁ & ၂၀၁၀

| မြို့နယ်များ | အိမ်ထောင်စု | လူဦးရေ | ကျေးရွာများ |
|---|---|---|---|
| ကော့ကရိတ် | ၂၀၆ | ၁,၂၇၅ | ၁၂ |
| ကြာအင်းဆိပ်ကြီး | ၂၀၀ | ၁,၀၇၀ | ၁၃ |
| မိုင်းဆတ် | ၁၂၂ | ၆၅၃ | ၇ |
| ရှားတော | ၂၀၀ | ၁,၂၀၆ | ၁၆ |
| ရွှေကျင် | ၁၉၄ | ၁,၅၂၈ | ၁၅ |
| တနင်္သာရီ | ၂၀၀ | ၁,၀၆၇ | ၁၇ |
| သံတောင် | ၂၀၀ | ၁,၁၅၉ | ၁၅ |
| ရေဖြူ | ၁၅၁ | ၇၂၄ | ၁၆ |
| ၂၀၁၁ ၏ စုစုပေါင်း | ၁,၄၇၂ | ၈,၆၈၂ | ၁၁၁ |
| ဖာပွန် | ၂၀၀ | ၁,၂၉၀ | ၁၇ |
| ဖာဆောင်း | ၂၀၀ | ၁,၂၈၉ | ၁၆ |
| ကျောက်ကြီး | ၂၀၀ | ၂,၀၈၉ | ၃၈ |
| မိုင်းတုံ | ၂၀၀ | ၈၂၅ | ၆ |
| ပုလော | ၂၀၀ | ၁,၂၈၀ | ၁၈ |
| ရေး | ၂၀၀ | ၁,၁၁၃ | ၁၂ |
| ၂၀၁၀ ၏ စုစုပေါင်း | ၁,၂၀၀ | ၇,၈၈၂ | ၁၀၇ |
| စုစုပေါင်း | ၂,၆၇၂ | ၁၆,၅၆၄ | ၂၁၈ |

ပတ်သက်၍လည်း ကွင်းဆင်းခန့်မှန်းချက်များ ဆောင်ရွက်ပါဝင်ပါသည်။ ဤ ပြည်တွင်းဒုက္ခသည်လူဦးရေကို ခန့်မှန်းရာ၌ မြို့ပြနယ်မြေများကို ထည့်သွင်းတွက်ချက်ထားနိုင်ခြင်းမရှိသဖြင့် ဤခန့်မှန်းချက်များသည် ယေဘုယျအားဖြင့် လျှော့ပေါ့ ခန့်မှန်းချက်များဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ဤခန့်မှန်းချက်များသည် ပြည်တွင်းဒုက္ခသည်အဖြစ်သတ်မှတ်ခြင်းဆိုင်ရာ နိုင်ငံတကာစံချိန်စံညွှန်းများကို ထင်ဟပ်သည့် အောက်ပါ စံထားချက်အားလုံးနှင့်အညီ ခန့်မှန်းထားခြင်း ဖြစ်ပါသည်။ ၎င်းင်းတို့မှာ–

- လက်နက်ကိုင်ပဋိပက္ခကြောင့်ဖြစ်စေ၊ သဘာဝဘေးကြောင့်ဖြစ်စေ၊ လူ့အခွင့်အရေးချိုးဖောက်မှုကြောင့်ဖြစ်စေ နေရပ်ရင်းကို စွန့်ခွာ (သို့မဟုတ်) ထွက်ပြေးလာခဲ့ခြင်း။
- မြန်မာနိုင်ငံတွင်းမှာ ဆက်လက်ရှိနေပြီး၊ နိုင်ငံတကာနယ်နိမိတ်ကို ဖြတ်ကျော်မှုမရှိခြင်း။
- မူလနေထိုင်ခဲ့ရာ ကျေးရွာများတွင် ဘေးကင်းလုံခြုံစွာနှင့် သိက္ခာရှိစွာ ပြန်လည်နေထိုင်နိုင်ရန် မဖြစ်နိုင်သေးခြင်း၊
- အခြားကျေးရွာ တရွာရွာတွင် ဘေးကင်းလုံခြုံစွာနှင့် သိက္ခာရှိစွာ ပြန်လည်နေထိုင်နိုင်ရန် မဖြစ်နိုင်သေးခြင်းတို့ ဖြစ်သည်။

အိမ်ထောင်စုအလိုက်ဆင်းရဲမွဲတေမှုနှင့်ပတ်သက်သော နှိုင်းယှဉ်သုံးသပ်ချက်သည် မြန်မာနိုင်ငံ၊ အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနက ထုတ်ဝေသော တနိုင်ငံလုံးဆိုင်ရာကိန်းဂဏန်းများ[၄] နှင့်၊ ကုလသမဂ္ဂ စားနပ်ရိက္ခာ အစီအစဉ် (WFP) ၏ ဒေသတွင်း အကဲဖြတ်ချက်များ[၅] အပေါ်မှာ အခြေခံထားခြင်း ဖြစ်ပါသည်။ အစိုးရကိန်းဂဏန်းများ သည် (၂၀၀၉–၂၀၁၀) ခုနှစ်၊ ဒီဇင်ဘာ–ဇန်နဝါရီလများနှင့် (၂၀၁၀) ခုနှစ် မေလအတွင်း ပြည်နယ်နှင့် တိုင်းဒေသကြီးများ အားလုံးမှာ အိမ်ထောင်စုပေါင်း (၁၈,၆၆၀)နှင့် တွေ့ဆုံမေးမြန်းမှုများအပေါ် အခြေခံထားခြင်းဖြစ်သည်။ ကုလသမဂ္ဂစားနပ်ရိက္ခာအစီအစဉ် (WFP) ၏ စစ်တမ်းကောက်ယူမှုကို (၂၀၁၀) ခုနှစ်၊ အောက်တိုဘာလ မိုးရာသီကုန်ဆုံးချိန်နှင့် စပါးရိတ်သိမ်းချိန်များမှာ ရခိုင်ပြည်နယ်ရှိ အိမ်ထောင်စုပေါင်း (၇၀၀)၊ မြန်မာနိုင်ငံ မိုးနည်းရေရှားခြောက်သွေ့ဇုန်ရှိ အိမ်ထောင်စုပေါင်း (၆၃၀) တို့ဖြင့် လုပ်ဆောင်ထားခြင်း ဖြစ်သည်။ နမူနာစံကွက်များ၏ အရွယ်အစားများသည် နှိုင်းယှဉ်မှုများအတွက် ကိန်းဂဏန်းသဘောအရ အရေးပါသော်လည်း၊ ဤစစ်တမ်းကောက်ယူမှုများကို စိုက်ပျိုးရာသီချင်း မတူသောကာလများမှာ လုပ်ခဲ့ခြင်းဖြစ်သည်ဟူသော အချက်ကို သတိပြုသင့်ပါသည်။

## ၁။ ၂။ အိမ်ထောင်စုစစ်တမ်း ကောက်ယူခြင်း နမူနာစံကွက်


(၂၀၁၁) ခုနှစ်၊ အိမ်ထောင်စုအလိုက် ဆင်းရဲမှုဆိုင်ရာ စစ်တမ်းကောက်ယူမှုတွင် ကျေးရွာပေါင်း (၁၁၁) ရွာနှင့် မြို့နယ်ပေါင်း (၈) မြို့နယ်ရှိ၊ လူဦးရေ (၈,၆၈၂) ဦးကို ကိုယ်စားပြုသော အိမ်ထောင်စုပေါင်း (၁,၄၇၂) စုနှင့် တွေ့ဆုံမေးမြန်းမှုများ ပြုခဲ့ပါသည်။ ယခုနှစ်စစ်တမ်းသည် (၂၀၁၀) ခုနှစ်က မြို့နယ် (၆) မြို့နယ်ရှိ အိမ်ထောင်စုပေါင်း (၁,၂၀၀) နှင့်ပတ်သက်၍ လုပ်ခဲ့သော အကဲဖြတ်ချက်ကို[၆] ပံ့ပိုးအထောက်အကူ ဖြစ်စေပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး (၆) ခုရှိ၊ မြို့နယ်ပေါင်း (၁၄) မြို့နယ်မှ အိမ်ထောင်စုပေါင်း (၂,၆၇၂) စု ပါဝင်သော စုပေါင်းနမူနာစံကွက်ကို မြေပုံ (၁) နှင့် ပုံ (၁) မှာ အပိုင်းလိုက် ဖော်ပြထားပါသည်။ မြန်မာနိုင်ငံအရှေ့တောင်ပိုင်း၏ (၂၀၁၀) ခုနှစ် စစ်တမ်းကောက်ယူမှုရလဒ်များနှင့် (၂၀၁၁) ခုနှစ် စစ်တမ်းကောက်ယူမှုရလဒ်များကို ဆင်ခြင်သုံးသပ်ပြီး၊ ယေဘုယျသဘောချုပ်ဆိုမှု မလုပ်သင့်ပါ။ အကြောင်းမှာဤစစ်တမ်း များကို ကောက်ယူရာ၌ ပါဝင်သော မြို့နယ်များ မတူကွဲပြားသောကြောင့် ဖြစ်ပါသည်။

[4] IHLCA Project Techical Unit, 2011, Integrated Household Living Conditions Survey in Myanmar (2009-10) : Poverty Profile, Ministry of National Planning and Economic Development, UNDP and UNICEF, Yangon, http://www.mm.undp.org/ihlca/index.html (accessed 16/09/11)

[5] WFP, 2011, Food Security Assessment in Northern Rakhine State Myanmar, Yangon, http://reliefweb.int/sites/reliefweb.int/files/resources/Full_Report_288.pdf (accessed 16/09/11);
WFP, 2011a, Food Security Assessment in the Dry Zone Myanmar, Yangon, http://www.wfp.org/content/myanmar-food-security-assessment-dry-zone-february-2011 (access 16/9/11)


[6] TBBC, 2010, Protracted Displacement and Chronic Poverty in Eastern Burma/Myanmar, www.tbbc.org/resources/resources.htm#idps


### ပုံ (၁)။ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ဆင်းရဲမှု စစ်တမ်းကောက်ယူခြင်း နမူနာစံကွက်များ




အိမ်ထောင်စုအလိုက် စစ်တမ်းကောက်ယူမှုတွင် ဖြေကြားပေးသူများ၏ လူနေမှုပုံစံဖွဲ့စည်းပုံ (demographic composition) သည် ယေဘုယျလူဦးရေကို ကိုယ်စားပြုပါသည်။ နမူနာစံကွက်တွင် ယောက်ျားနှင့် မိန်းမ ဦးရေတို့သည် လည်းကောင်း၊ မတူကွဲပြားသော ဘာသာကိုးကွယ်သူတို့၏ လူဦးရေသည်လည်းကောင်း၊ တခုနှင့်တခု အတော်အတန် မျှတနေကြောင်းကို ပုံ (၂) က ညွှန်ပြနေပါသည်။ ယောက်ျား/မိန်းမတန်းတူရေးအတွက် ရှေ့ရှုနေခြင်းမရှိဘဲ၊ အဖကြီးစိုးသော စနစ်ဆက်လက်ရှိမြဲ ရှိနေသည်လား ဆိုသည်နှင့်ပတ်သက်၍ ရှင်းရှင်းလင်းလင်းမသိရသဖြင့်၊ စစ်တမ်းကောက်ယူရာ၌ အိမ်ထောင်ဦးစီး မည်သူဖြစ်ကြောင်းနှင့် ပတ်သက်၍ သီးခြားမေးမြန်းခဲ့ခြင်း မရှိခဲ့ချေ။ အစိုးရကိန်းဂဏန်းများက မြန်မာနိုင်ငံရှိ အမျိုးသမီးဦးစီးသည့် အိမ်ထောင်စုများသည် သိသိသာသာ ဆင်းရဲကြောင်း ညွှန်ပြထားခြင်းမရှိချေ။[7] သို့ရာတွင် ဤအစီရင်ခံစာ၌မူ ယောက်ျားများ၏ ဖြေကြားချက်များနှင့် မိန်းမများ၏ ဖြေကြားချက်များကို ခွဲခြားပြီးနောက်၊ သိသာသော ကွဲပြားခြားနားချက်များကို ဖေါ်ပြထားပါသည်။

### ပုံ (၂)။ ဆင်းရဲမှုစစ်တမ်းအတွက် လိင်ကွဲပြားမှုနှင့် ကိုးကွယ်ယုံကြည်မှုအလိုက် ဖြေဆိုသူများပြပုံ





7 IHLCA, 2011, *op. cit.*, page 34.


ပုံ (၃) မှာ ဖေါ်ပြထားသည့်အတိုင်းပင်၊ လူမျိုးကွဲပြားမှုသည်လည်း နမူနာစံကွက်ပါ လူဦးရေ၏ ထူးခြားချက်တရပ်ဖြစ်ပါသည်။ ဖြေကြားပေးသူများထဲတွင် စကောကရင်လူဦးရေ သိသိသာသာများနေခြင်းက စစ်တမ်းကောက်ယူမှုများသည် ကရင်ပြည်နယ်၏ မြို့နယ် (၄) ခု၊ ပဲခူးတိုင်း အရှေ့ခြမ်း၏ မြို့နယ် (၂) ခုနှင့် တနင်္သာရီတိုင်း၏ မြို့နယ် (၂) ခုသို့ ရောက်ရှိခဲ့သည် ဟူသောအချက်ကို ဖေါ်ပြနေပါသည်။ (၂၀၁၁) ခုနှစ်တွင် စစ်တမ်းကောက်ယူပေးသော ကရင်လူမျိုးစုအခြေခံလူမှုအဖွဲ့အစည်းများအတွက် နောက်ထပ် မြို့နယ် (၂) ခုတိုး၍ ပစ်မှတ်ထားခဲ့ခြင်းသည် ၎င်းင်းတို့၏ တိုးတက်လာသောစွမ်းရည်ကြောင့်လည်းကောင်း၊ ရသမျှအချိန် အတွင်းမှာ နယ်မြေတိုးချဲ့၍ စစ်တမ်းကောက်လိုသော ဆန္ဒကြောင့်လည်းကောင်း ဖြစ်ပါသည်။ ပုံ (၃) မှာ ဖေါ်ပြထားသော အဓိကလူမျိုးစု (၆) စုတို့အပြင် လားဟူ၊ ပအို့၊ မြန်မာ၊ ထားဝယ်နှင့် မိုနေပွား (Monnepwa) လူမျိုးစုတို့ ထဲမှာလည်း စစ်တမ်းကောက်ယူခဲ့ပါသည်။

### ပုံ (၃)။ တိုင်းရင်းသားလူမျိုးအလိုက် ဆင်းရဲမှု စစ်တမ်းကောက်ယူရာတွင် ဖြေဆိုသူများပြပုံ




အိမ်ထောင်စုအလိုက် ဆင်းရဲမွဲတေမှုစစ်တမ်းအတွက် နမူနာစံကွက်သတ်မှတ်ရာ၌ လက်ရှိအကူအညီများ ပေးပို့ဖြန့်ဖြူး နေသည့်လုပ်ငန်းနှင့် မသက်ဆိုင်စေဘဲ သီးခြားလွတ်လပ်စွာ သတ်မှတ်ခြင်း ဖြစ်ပါသည်။ ပုံ (၄) မှာ ဖေါ်ပြထားသည့် အတိုင်းပင်၊ လွန်ခဲ့သောနှစ်အတွင်းက စစ်တမ်းကောက်ယူရာမှာ ပါဝင်ဆောင်ရွက်ပေးသူ လူမှုအဖွဲ့အစည်းများ ဖြန့်ဖြူးပေးသည့် အကူအညီ ကိုရရှိသူများသည် စစ်တမ်းကောက်ယူခြင်းခံရသော အိမ်ထောင်စုများအနက် (၄) ပုံ (၁) ပုံသာ ရှိသည်။ ဤအချက်က နမူနာ စံကွက်သတ်မှတ်သောနည်း၏ ကိုယ်စားပြု ဖေါ်ပြနိုင်စွမ်းကို ထင်ဟပ်ပြနေပါသည်။

### ပုံ (၄)။ လွန်ခဲ့သည့်နှစ်က ပံ့ပိုးမှု အကူအညီရရှိခဲ့သူများနှင့် ပတ်သက်၍ ဆင်းရဲမှု စစ်တမ်းကောက်ယူရာတွင် ဖြေဆိုသူ များဆိုင်ရာ ဖော်ပြချက်ပုံ



## ၁။ ၃။ အကန့်အသတ်များ

တိုက်ပွဲများဆက်လက်ဖြစ်ပွားနေခြင်းကြောင့် အလိုရှိရာသို့ ထင်သလောက် မရောက်ပေါက်နိုင်ခြင်းနှင့် လုံခြုံမှုမရှိခြင်းတို့သည် မြန်မာနိုင်ငံတွင်းတွင် လူသားချင်းစာနာမှုဆိုင်ရာအဖွဲ့အစည်း အများစု၏ အကူအညီပေးရေးလုပ်ငန်းများ အပေါ်မှာ အကြီးမားဆုံး ကန့်သတ်ချက်ကြီး (၂) ခု ဖြစ်နေသည်။ စစ်တမ်းကောက်ယူမှု လုပ်ငန်းအဖို့လည်း အလားတူပင်ဖြစ်သည်။ အထူးသဖြင့် ရှမ်းပြည်နယ်၊ မိုင်းဆတ်မြို့နယ်၏ မြောက်ပိုင်းနှင့် အနောက်ပိုင်းသို့ ဝင်ရောက်ရေးသည် လုံခြုံရေးပြဿနာကြောင့် ခက်ခဲခဲ့သည်။ အလားတူပင် သံလွင်မြစ်နှင့် ထိုင်းနိုင်ငံတို့အကြား၊ ကယားပြည်နယ်၏ ရှားတောကဲ့သို့သော မြို့နယ်များအတွင်း ကျေးရွာများမရှိတော့သော နယ်မြေများတွင် ပထဝီမြေပြင်အပေါ်အခြေခံရသော နမူနာစံကွက် သတ်မှတ်သောနည်းအဖို့ အကြီးအကျယ် အခက်အခဲရှိပါသည်။

အခြေပြုရမည့် နောက်ခံဒေတာအချက်အလက်များ မရှိခြင်း၊ နှိုင်းယှဉ်နိုင်သော လေ့လာသုံးသပ်ချက်များ မရှိခြင်းတို့ကြောင့်လည်း စစ်တမ်းကောက်ယူရာတွင် ယေဘုယျအားဖြင့် များစွာအကန့်အသတ်ရှိခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ဆင်းရဲမွဲတေမှုနှင့် ပတ်သက်၍ တရားဝင် စစ်တမ်းကောက်ယူမှုများတွင်လည်း မငြိမ်းချမ်းသည့်ဒေသများနှင့် အခြားနေရာများသို့ မထိတွေ့ မရောက်ရှိနိုင်သည့်အတွက် အလားတူအကန့်အသတ် ရှိနေပါသည်။ အစိုးရ၏ ကိန်းဂဏန်းများက ပြည်နယ်နှင့် တိုင်းအဆင့်အဖြစ် စုစည်းဖော်ပြမှုကြောင့် အထူးထိခိုက်နစ်နာဖွယ်ဖြစ်နေသော နေရာကွက်များကို ထည့်သွင်းတွက်ချက်ထားခြင်း မရှိသလို၊ ဖော်ပြထားသည့် ကိန်းဂဏန်းများကလည်း ဆင်းရဲမှုအတိုင်းအဆကို ပုံဖျက်ဖုံးကွယ်ထားသကဲ့သို့ ဖြစ်စေနိုင်ပါသည်။

စစ်တမ်းကောက်ယူရာမှာပါဝင်သော (TBBC) နှင့် လူမျိုးစုအခြေခံ လူမှုအဖွဲ့အစည်းများမှ အဖွဲ့ဝင်များ၏ စွမ်းရည်ကို လည်း မြှင့်တင်ပေးနိုင်ပါသည်။ သာဓကအားဖြင့် ဖေါ်ပြရပါလျှင်၊ မေးခွန်းစဉ်များကို ဘာသာပြန်ရာ၌လည်းကောင်း၊ စစ်တမ်းကောက်မည့် ဝန်ထမ်းများအတွက် သင်တန်းပို့ချချက်ကို ဘာသာပြန်ရာ၌လည်းကောင်း မသိမသာကွဲလွဲသော အဓိပ္ပါယ်များကို ပြန်ဆိုပေးနိုင်ခြင်း မရှိခဲ့ချေ။ အချက်အလက်စုဆောင်းသော ကာအတွင်း၌ အချိန်နှင့် လုံခြုံရေး အကန့်အသတ်များကြောင့် ပစ်မှတ်ထားသော နမူနာစံကွက် အကျယ်အဝန်းသည် ရေဖြူနှင့် မိုင်းဆတ်မြို့နယ်များသို့ မရောက်ရှိနိုင်ခဲ့ချေ။ အိမ်ထောင်စု စစ်တမ်းကောက်ရာနေရာသို့ ဖြေကြားပေးသူများ လာရောက်ရာ၌ (၆) လမှ (၅၉) လ အရွယ်ကလေးသူငယ်များ ပါမလာသည့် အဖြစ်များ ရှိတတ်သဖြင့် တံတောင်ဆစ်အထက် လက်မောင်းလုံးပတ်တိုင်းတာခြင်း (MUAC) စစ်တမ်းကောက်ယူမှုများကို ပြည့်စုံစွာ လုပ်ဆောင်နိုင်ခြင်း မရှိခဲ့ချေ။ အလားတူပင်၊ မိုင်းဆတ်မြို့နယ်အတွင်းရှိ အိမ်ထောင်စုများကို မေးမြန်းရာ၌လည်း လွန်ခဲ့သော သီတင်းပတ်အတွင်းမှာ မည်သည့်အစားအစာများကို စားခဲ့သနည်း ဟုသာမေးနိုင်ခဲ့ပြီး၊ ဤသို့မှန်မှန် မေးနိုင်ခဲ့ခြင်းလည်း မရှိခဲ့ချေ။ သို့ဖြစ်ရာ အစားအစာ စားသုံးမှုနှင့် ပတ်သက်၍ အခြား မြို့နယ်များနှင့် နှိုင်းယှဉ် သုံးသပ်ပြနိုင်ခြင်း မရှိခဲ့ချေ။

"

*(ဒီကေဘီအေ) တွေ ကျမတို့နယ်မြေမှာ စ လှုပ်ရှားကတည်းက တိုက်ပွဲတွေ မှန်မှန် ဖြစ်ခဲ့ပါတယ်။ တိုက်ပွဲဖြစ်တိုင်း စစ်တပ်က ရွာတွေထဲကို မော်တာကျည်တွေ ပစ်ထည့်ပါတယ်။ တခါတလေ တိုက်ပွဲမဖြစ်တဲ့ အခါတွေမှာတောင် စစ်တပ်က ညည ဆိုရင် ရွာတွေထဲကို မော်တာကျည်တွေ ပစ်ထည့်တတ်ပါတယ်။ အိပ်နေရာကနေ ကျမတို့ ဖုံးကျင်းထဲကို ဝင်ပြေးကြရပါတယ်။ ခုထိတောင် ကျမတို့ အိမ်တွေထဲမှာ မအိပ်ရဲကြသေးဘူး။ ညရောက်လာပြီဆိုရင် အိမ်အောက်မှာ လူစုပြီး၊ အခြေအနေကို နားစွင့်ရပါတယ်။ လက်နက်ကြီးပေါက်ကွဲသံတွေကြားရင် ဖုံးကျင်းထဲကို ကျမတို့ ဝင်ပြေးကြတယ်။ ကလေးတွေနဲ့ သက်ကြီးရွယ်အိုတွေအတွက် ခက်ပါတယ်။ ကျမတို့ရွာက ကလေးငယ်ငယ်လေးရှိတဲ့ မိန်းမတယောက် စစ်တပ်က ပစ်လိုက်တဲ့ မော်တာဖုံးမှန်လို့ သေဆုံးသွား ခဲ့ပါတယ်။ မော်တာဖုံးသီးက သူ့အိမ်နားမှာကျပြီး၊ သူ့ခေါင်း တည့်တည့်ကို ဖုံးဆံထိသွားတာပါ။ ပွဲချင်းပြီး သေသွားတာပဲ။*

"

(ကရင် အမျိုးသမီးတဦး၊ ကော့ကရိတ်မြို့နယ်၊ ပြည်တွင်းနေရပ်ရင်းစွန့်ခွာခဲ့ရသူ
ကရင်အမျိုးသားများဆိုင်ရာကော်မီတီ (CIDKP) ၏ တွေ့ဆုံမေးမြန်းချက်၊
ဇွန်လ၊ ၂၀၁၁–ခုနှစ်)

အခန်း (၂)

# မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းအတွင်း ဖြစ်ပွားနေမှုအခြေအနေများ



အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ပျက်ပြယ်ပြီးသည့်နောက်
(SHRF, တန့်ယန်းမြို့နယ်၊ ၂၀၁၁ ခုနှစ်)

## ၂။ ၁။ ရေရှည်ဖြစ်ပွားနေသော ပြည်တွင်းစစ်

လွန်ခဲ့သောနှစ်အတွင်း ဒီမိုကရေစီရေး ပြုပြင်ပြောင်းလဲမှုများ ရှိသလို၊ နယ်စပ်ဒေသများ၌ စစ်တပ်များနေရာအနှံ့ တိုးချဲ့ချထားမှုများနှင့် စစ်မက်တိုက်ပွဲဖြစ်ပွားမှုများလည်း ရှိခဲ့သည်။ ဤသို့ဖြစ်ခြင်းအကြောင်းမှာ စစ်တပ်က ပြည်တွင်းတွင် နေရာအနှံ့ကို ထိန်းချုပ်ကြီးစိုးရေးကြိုးပမ်းချက်နှင့် နယ်မြေဒေသအတွင်း၌ သယံဇာတထုတ်ယူခြင်းလုပ်ငန်းအတွက် ရင်နှီးမြှုပ်နှံရေး စိတ်ဝင်စားမှုများကြောင့် ဖြစ်သည်။ အစိုးရ၏ နယ်ခြားစောင့်တပ်ဖွဲ့စည်းရေးနှင့် ပြည်သူ့စစ်လက်နက်ကိုင်တပ် တည်ဆောက်ရေး မူဝါဒသည် နိုင်ငံအတွင်းရှိ လက်နက်ကိုင်တပ်အားလုံးကို မြန်မာ့တပ်မတော်၏ အမိန့်အောက်တွင် ထားရှိရမည်ဟူသော ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပြဋ္ဌာန်းလိုအပ်ချက်အရ ဖြစ်သည်ဟု အကြောင်းပြသည်။ သို့ရာတွင် ဤသို့တပ်တိုးချဲ့ တည်ဆောက်ရေးလုပ်ရပ်ကို လူမျိုးစုများ လက်နက်ကိုင်တပ်ဖွဲ့များက ခုခံဆန့်ကျင်ခဲ့ကြသောကြောင့် များစွာအကန့်အသတ် ရှိနေသည်။ တချိန်တည်းမှာပင် အစိုးရသည် ဧရာမ ဖွံ့ဖြိုးရေးစီမံကိန်းကြီးများအတွက် အာရှရှိ အိမ်နီးချင်းနိုင်ငံများနှင့် စီးပွားရေးကိစ္စကြီးများကို ဆွေးနွေးခဲ့သည်။ သို့ရာတွင် လူမှုရေးဆိုင်ရာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ရိုက်ခတ်နိုင်မှု အခြေအနေများနှင့် ပတ်သက်၍မူ နယ်မြေဒေသတွင်းရှိ လူမှုအသိုက်အဝန်းများကို တိုင်ပင်ဆွေးနွေးခြင်းမပြုဘဲ ပစ်ပယ်ထားခဲ့သည်။

မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် လူသားလုံခြုံရေးအပေါ် အဓိကခြိမ်းခြောက်နေမှုများသည် စစ်တပ်များနေရာအနှံ့ တိုးချဲ့ချထားမှုနှင့် ဆက်စပ်နေပါသည်။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းအတွင်း ချထားသေ စစ်တပ်အင်အားသည် လွန်ခဲ့သောနှစ် (၂၀) အတွင်းမှာ နှစ်ဆနီးပါး ဖြစ်လာခဲ့သည်။ သူပုန်နှိမ်နင်းရေး စစ်ဆင်ရေးများသည် နေရာအနှံ့အပြား၌ အရပ်သားများကို စနစ်တကျ ပစ်မှတ်ထား တိုက်ခိုက်နေမြဲရှိသည်။ စစ်တပ်များ နေရာအနှံ့ တိုးချဲ့ချထားမှုနှင့် ဆက်စပ်နေသော၊ ဘေးကင်းလုံခြုံမှုအပေါ် တိုက်ရိုက်ခြိမ်းခြောက်နေမှုများတွင် လက်နက်ကြီးများဖြင့် မခွဲခြားဘဲ ရမ်းသန်းပစ်ခတ်ခြင်းနှင့် မြေမြှုပ်မိုင်းထောင်ခြင်းတို့ အပါအဝင် ဖြစ်သည်။ အတင်းအဓမ္မလုပ်အားစေခိုင်းခြင်း၊ ခရီးသွားလာမှုကိုကန့်သတ်ချုပ်ချယ်ခြင်း၊ အနိုင်ကျင့်ငွေတောင်းခြင်းကဲ့သို့သော စားဝတ်နေရေးအပေါ် သွယ်ဝိုက်ခြိမ်းခြောက်မှုများသည် ရှေ့တန်းရှိ စစ်တပ်များက ထောက်ပံ့မှုမလုံလောက်ဘဲ မိမိဘာသာ "ကိုယ်ထူကိုယ်ထ" ရပ်တည်ခိုင်းသည့် အထက်မူဝါဒ၏ ဆိုးကျိုးဆက်များဖြစ်ပြီး၊ စစ်တပ်များနေရာအနှံ့ ချထားမှုကြောင့် ပို၍အနှံ့အပြား ဖြစ်ပွားနိုင်သော သက်ရောက်ရိုက်ခတ်မှုများ ဖြစ်သည်။ [၈]


(၁၉၉၀) ခုလွန်နှစ်များတွင် ဆက်တိုက်ပြုလုပ် သဘောတူညီခဲ့ကြသည့် အပစ်အခတ်ရပ်စဲရေးစာချုပ်များသည် လူနည်းစုတိုင်းရင်းသားများအတွက် မည်သည့် နိုင်ငံရေးဖြေရှင်းချက်ကိုမျှ ဆောင်ကျဉ်းပေးနိုင်ခြင်း မရှိခဲ့ချေ။ ထို့အတူပင်၊ အမျိုးသားညီလာခံမှာ (၁၅) နှစ်လုံးလုံး ပါဝင်တက်ရောက်ခဲ့ခြင်းကြောင့်လည်း (၂၀၀၈) ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သူတို့လိုလားသည့် ဖက်ဒရယ်ပြည်ထောင်စု အုပ်ချုပ်ရေးစနစ်တရပ် ပေါ်ပေါက်လာအောင်လည်း စွမ်းဆောင်နိုင်ခဲ့ကြခြင်း မရှိချေ။ (၂၀၀၅) ခုနှစ်က အစိုးရအပေါ် ဆန့်ကျင်ရေးလှုံ့ဆော်မှုဖြင့် ရှမ်းထိပ်တန်းနိုင်ငံရေးပါတီခေါင်းဆောင်များကို  နှစ်ရှည်ထောင်ဒဏ်များ ချမှတ်ခဲ့ခြင်းသည် နှိပ်ကွပ်ရေးခေတ်သစ်တခေတ်၏ ပြယုဂ်ပင် ဖြစ်တော့သည်။ အပစ်အခတ်ရပ်စဲရေး အဖွဲ့များကို မြန်မာစစ်တပ်၏ ထိန်းချုပ်မှုအောက်ရှိ နယ်ခြားစောင့်တပ်များအဖြစ်သို့ ပြောင်းလဲဖွဲ့စည်းရန် အမိန့်ကျလာသောအခါ၌ ၎င်းအဖွဲ့များ၏ နိုင်ငံရေးမျှော်မှန်းချက်များကိုလည်း ပစ်ပယ်ခံရသကဲ့သို့ ရှိခဲ့ပြန်သည်။ ထို့နောက်၊ (နယ်ခြား စောင့်တပ်ဖွဲ့အဖြစ် အသွင်ပြောင်းဖွဲ့စည်းရေးကို ငြင်းဆန်သော အင်အားအကြီးဆုံး အပစ်ရပ်အဖွဲ့တဖွဲ့ဖြစ်သည့် ကချင်လွတ်လပ်ရေးတပ်မတော် (KIA) နှင့် နီးစပ်သည့် နိုင်ငံရေးပါတီတခုကို (၂၀၁၀) ခုနှစ် ပါတီစုံရွေးကောက်ပွဲအတွက် ပါဝင်ယှဉ်ပြိုင်နိုင်ရန် မှတ်ပုံတင်သည့်အခါ ပယ်ချခဲ့ပြန်သည်။ [၉]

---

8 TBBC, 2009, Protracted Displacement and Militarisation in Eastern Burma, pp30-35

9 Transnational Institute, June 2011, "Conflict or Peace: Ethnic Unrest  Intensifies in Burma", Burma Policy Briefing #7 http://www.tni.org/briefing/conflict-or-peace-ethnic-unrest-intensifies-burma (accessed 04/10/11)

# မြေပုံ (၂)။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ စစ်တပ် တိုးချဲ့ချထားမှုနှင့် တိုက်ပွဲဖြစ်ပွားနေဆဲ ဒေသများ



အကျိုးဆက်ကား ရွေးကောက်ပွဲကျင်းပပြီးနောက်ပိုင်းတွင် ကရင်၊ ကချင်နှင့် ရှမ်းပြည်နယ်တို့၌ လက်နက်ကိုင်တိုက်ပွဲများ ပြန်လည်ပေါ်ပေါက်လာခဲ့ခြင်းပင် ဖြစ်သည်။ ဤတိုက်ပွဲများသည် မြန်မာစစ်တပ်နှင့် အတိုက်အခံလက်နက်ကိုင်အဖွဲ့ အစည်းအမျိုးမျိုးတို့အကြားမှာ ဆယ်စုနှစ်များနှင့်ချီ၍ ဆက်လက်ဖြစ်ပွားလာခဲ့သော ကြိုကြားကြိုကြား လက်နက်ကိုင်တိုက်ပွဲများအပြင်၊ နောက်ထပ်အသစ် ဖြစ်ပွားသော တိုက်ပွဲများဖြစ်သည်။ နိုင်ငံတကာ အကြပ်အတည်းဖြေရှင်းရေးအဖွဲ့ (International Crisis Group) ၏ အဆိုအရ၊ ကျူးလွန်ချိုးဖောက်မှုများအတွက် အပြစ်ပေးခံရရန် စိုးရိမ်စရာမလိုဘဲ အရပ်သားများအပေါ် စနစ်တကျ မတော်မတရားပြုမှုများနှင့် "မြန်မာစစ်တပ်၏ ရက်စက်ကြမ်းကြုတ်သော နည်းပရိယာယ်နှင့် အပြုအမူများသည် ဤနယ်မြေဒေသများအတွင်း အများအားဖြင့် မပြောင်းမလဲဘဲ ဆက်လက်ရှိနေသည်။"[၁၀]

မြေပုံ (၂) တွင် စစ်တပ်များတိုးချဲ့ချထားပုံနှင့် လူမျိုးစုလက်နက်ကိုင်တပ်များက မိမိရရထိန်းချုပ်မထားနိုင်တော့သော်လည်း လှုပ်ရှားသွားလာမှု ရှိနေမြဲဖြစ်ပြီး၊ တိုက်ပွဲများဖြစ်ပွားသော နယ်မြေဒေသများကို ဖေါ်ပြထားပါသည်။ မြန်မာ စစ်တပ်၏ စစ်အင်္ဂါစဉ်ကို နောက်ဆက်တွဲ (၃) တွင် ဖေါ်ပြထားပါသည်။ အစိုးရ ပြောရေးဆိုခွင့်ရှိသူ၏ ပြောကြားချက်အရ ဆိုလျှင်၊ ကချင်ပြည်နယ်ရှိ (KIO) ၊ မွန်ပြည်နယ်ရှိ (NMSP)၊ ရှမ်းပြည်နယ်ရှိ (UWSA ESifh NDAA/ မိုင်းလားဒေသ)၊ ကရင်ပြည်နယ်ရှိ (KNU- ငြိမ်းချမ်းရေးကောင်စီ) တို့က နယ်ခြားစောင့်တပ်ဖွဲ့စည်းရေး မူဝါဒအပေါ် တရားဝင် ငြင်းဆန်ခဲ့သော်လည်း၊ အပစ်အခတ်ရပ်စဲခဲ့သော လက်နက်ကိုင်အဖွဲ့များ (၂၅) ဖွဲ့ ရှိသည့်အနက်၊ အဖွဲ့ (၂၀) က နယ်ခြားစောင့်တပ်ဖွဲ့ (သို့မဟုတ်) ပြည်သူ့စစ်အရပ်သားနက်ကိုင်တပ်ဖွဲ့များ အဖြစ်သို့ (အနည်းဆုံးအားဖြင့် အင်အားတဝက်တပျက်) ပြောင်းလဲဖွဲ့စည်းပြီး ဖြစ်သည်ဟုဆိုသည်။[၁၁] ထို့အပြင် ကရင်ပြည်နယ်ရှိ (DKBA) နှင့် ရှမ်းပြည်နယ်ရှိ (SSA) မြောက်ပိုင်းရှိ လက်နက်ကိုင်အဖွဲ့များထဲမှ အတော်အတန်အင်အားရှိသောအုပ်စုများက ဖွဲ့စည်းပြီးသား နယ်ခြားစောင့်တပ်ဖွဲ့များနှင့် ပြည်သူ့စစ် အရပ်သားလက်နက်ကိုင်တပ်ဖွဲ့များထဲမှ ခွဲထွက်သွားခဲ့သည်။ ကရင်ပြည်နယ်ရှိ (KNU)၊ ရှမ်းပြည်နယ် ရှိ (SSA) တောင်ပိုင်း၊ ကယားပြည်နယ်ရှိ (KNPP) တို့မှာ ရေရှည်ဖြစ်ပွားလာခဲ့သော လက်နက်ကိုင်ခုခံမှုများကလည်း ဆက်လက်ဖြစ်ပွားနေမြဲ ဖြစ်ပွားနေသည်။

အသွင်ပြောင်းဖွဲ့စည်းမှုမလုပ်ဘဲ ငြင်းဆန်ခဲ့သော လက်နက်ကိုင်အဖွဲ့များအနက် ကချင်လွတ်လပ်ရေးအဖွဲ့ (KIO)၊ ရှမ်းပြည်တပ်မတော်–မြောက်ပိုင်း (SSA-N)၊ တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော် (DKBA) တို့က လက်နက်ကိုင်ခုခံမှု ပြန်လုပ်ကြသည်။ မွန်ပြည်သစ်ပါတီ (NMSP)၊ ကရင်အမျိုးသား အစည်းအရုံး–ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်–ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-Peace Council) တို့ အုပ်ချုပ်သော ယခင်အပစ်ရပ်စဲရေး နယ်မြေများတွင်မူ လက်နက်ကိုင် ခုခံမှုများကို ပြန်လုပ်ကြခြင်း မရှိကြချေ။ တင်းမာမှုများ လအတော်ကြာ ဖြစ်ပွားပြီးနောက် ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) နှင့် (NDAA) မိုင်းလားတို့က (၂၀၁၁) ခုနှစ်၊ စက်တင်ဘာလဆန်းတွင် မြန်မာစစ်တပ်နှင့် ဆွေးနွေးပြီး၊ ယာယီအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အသစ်များ ပြုလုပ်ခဲ့ကြသည်။

မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း၌ ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) နှင့် NDAA- မိုင်းလားဒေသတို့၏ နှစ်ဖွဲ့ပေါင်း အင်အားသည် (၃၁,၀၀၀) ခန့်ရှိသည်ဟု ခန့်မှန်းရပြီး၊ မြန်မာစစ်တပ်ကို ဆန့်ကျင်တိုက်ခိုက်နေသော အခြား လက်နက်ကိုင်အဖွဲ့များ၏ တိုက်ခိုက်ရေးအင်အား စုစုပေါင်းသည် (၁၈,၀၀၀) ခန့်ရှိသည်။ နယ်စပ်ဒေသများ၌ မြန်မာစစ်တပ်၏ လက်ရှိအင်အားသည် ခန့်မှန်းခြေအားဖြင့် (၇၀,၀၀၀) ခန့်ရှိသည့်အပြင်၊ အင်အား (၁၀,၀၀၀) ခန့်ရှိသော နယ်ခြားစောင့်တပ်ဖွဲ့နှင့် ပြည်သူ့စစ် အရပ်သားလက်နက်ကိုင်တပ်ဖွဲ့များလည်း ရှိနေသေးသည်။[၁၂] မြန်မာစစ်တပ်သည် စစ်အင်အားအရ သာလွန်နေသည့်အပြင်၊ ကျယ်ပြန့်သော နယ်မြေများကိုဖြတ်လျှက် ထောက်ပံ့ရေးလုပ်ငန်းကို ညှိနှိုင်းဆောင်ရွက်နိုင်ခြင်း၊ လက်နက်အသစ်အဆန်းများရှိခြင်း (အထူးသဖြင့် တရုတ်နိုင်ငံမှရရှိသော လက်နက်များဖြစ်သည်) အားဖြင့်လည်း တပန်းသာ

[10] International Crisis Group, 22 September 2011, "Myanmar: Major Reform Underway", Asia Briefing #127, page 6 http://www.crisisgroup.org/en/regions/asia/south-east-asia/burma-myanmar/B127-myanmar-major-reform-underway.aspx (accessed 04/10/11)

[11] ပြန်ကြားရေးဝန်ကြီး ဦးကျော်ဆန်း၊ သြဂုတ်လ ၁၂ ရက်၊ ၂၀၁၁ ခုနှစ်။ နေပြည်တော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြီးနောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအရ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ အသွင်ပြောင်းရေးနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းမှုများ သတင်းစာ ရှင်းလင်းပွဲ၊ "Press briefing on the Government's Efforts to transform national armed groups in accordance with the State Constitution after the adoption of the Constitution", Naypidaw

[12] Jan Zawelski, June 2011, "Borderline Disorder: Low-intensity conflict prevails in Myanmar", Jane's Intelligence Review, Volume 23, Number 6, pages 28-34.

သေးသည်။ အတိုက်အခံ လူမျိုးစုလက်နက်ကိုင်အဖွဲ့အစည်းများသည် မြန်မာစစ်တပ်ကို စစ်ရေးအရ အနိုင်ယူနိုင်မည့်ပုံ မရှိသော်လည်း ထိုးစစ်များကို ကြံ့ကြံ့ခံနိုင်စွမ်းရှိကြောင်းကိုမူ သက်သေပြသခဲ့ပြီးဖြစ်ကာ၊ နိုင်ငံရေးပြဿနာများကို နိုင်ငံရေး နည်းလမ်းဖြင့် ဖြေရှင်းရေးအတွက် အစဉ်တစိုက်တောင်းဆို နေလျှက်ရှိသည်။[၁၃]

အမှန်စင်စစ်တွင်ပြည်တွင်းစစ်ရပ်စဲရေးသည် အပူတပြင်းဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ပြီး၊ ငြိမ်းချမ်းရေးလုပ်ငန်းအတွက် စံနမူနာယူစရာအများအပြား ရှိနေပြီးဖြစ်သည်။ အစိုးရလက်အောက်ခံမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများအနေ နှင့် သက်ဆိုင်ရာပြည်နယ် (သို့မဟုတ်) တိုင်းဒေသကြီးများ၏ အစိုးရများနှင့် ပဏာမစေ့စပ်ဆွေးနွေးနိုင်သည်ဟု မြန်မာအစိုးရက ကြေညာခဲ့သည်။[၁၄] သို့ရာတွင် လူမျိုးစုလက်နက်ကိုင်အဖွဲ့အစည်းများကမူ မိမိတို့အား "သွေးခွဲအုပ်ချုပ်ရေး" နည်းပရိယာယ်ဖြင့် သွေးခွဲရန် ကြိုးစားနေသည်ဟု သင်္ကာမကင်းရှိကြကာ၊ အစိုးရနှင့် ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ **(UNFC)** တို့၏ တပြည်လုံးအတိုင်းအတာဆောင်သော ငြိမ်းချမ်းရေးနှင့် အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲများ ကျင်းပပေးရန် တောင်းဆိုနေလျှက်ရှိသည်။ နယ်ခြားစောင့်တပ်ဖွဲ့စည်းရေးသည် စေ့စပ်ဆွေးနွေးစရာ မရှိ သော ကိစ္စဖြစ်သည်ဟု ယခင်က တပ်တလဲလဲပြောဆိုခဲ့သော်လည်း၊ ယခု၌မူ မြန်မာစစ်တပ်က **(UWSA)**၊ **NDAA-** မိုင်းလားဒေသတို့နှင့် ယခင် အပစ်အခတ်ရပ်စဲခဲ့သော အခြေအနေအတိုင်း ယာယီအပစ်အခတ်ရပ်စဲထားရန် သဘောတူညီမှုအသစ်များ လုပ်ဆောင်ခဲ့သည်။[၁၅] ပြည်ထောင်စုလွှတ်တော်၏ အထက်လွှတ်တော်က ဖွဲ့စည်းပေးလိုက်သော ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး ဖော်ဆောင်မှုကော်မီတီ၏ အရေးပါမှုနှင့်ပတ်သက်၍ ရှင်းရှင်းလင်းလင်းမသိရသေးသည့် နည်းတူပင်၊ နယ်ခြားစောင့်တပ်ဖွဲ့ ဖွဲ့စည်းရေးကိစ္စ ဤသို့လမ်းကြောင်းပြောင်းသွားခြင်းသည် အခြားသော လူမျိုးစုလက်နက်ကိုင်အဖွဲ့အစည်းများအပေါ် မည်သို့ သက်ရောက် ရိုက်ခတ်မည် ဆိုသည်ကို ရှင်းရှင်းလင်းလင်းမသိရသေးချေ။

သို့ရာတွင် တဘက်မှာ အစိုးရက (၂၀၀၈) ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ်မှာ အခြေခံလျှက်၊ စေ့စပ်ဆွေးနွေးပွဲများ အတွက် တခုပြီးတခု ကမ်းလှမ်းနေပြီး၊ အခြားတဘက်မှာ ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ **(UNFC)** က ပင်လုံ ပြည်ထောင်စုစိတ်ဓါတ်အပေါ်မှာ အခြေခံလျှက်၊ တပြည်လုံးအတိုင်းအတာဆောင်သော ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် အခိုင်အမာရပ်ခံနေသည်ဖြစ်ရာ ဤလိပ်ခဲတည်းလည်းဖြစ်နေသောအခြေအနေမှ ဖောက်ထွက်ရေးတွင် ကြားဝင်ဖြန်ဖြေပေးမည့် တတိယလူက အခရာကျနိုင်ပါသည်။ အမျိုးသားရင်ကြားစေ့ရေးကိစ္စ အဆင်ပြေချောမွေ့ရေးအတွက် လူမျိုးစု လက်နက်ကိုင် အဖွဲ့အစည်းများက ကုလသမဂ္ဂ၊ အာဆီယံ၊ အိမ်နီးချင်းနိုင်ငံများ ကဲ့သို့သော နိုင်ငံတကာအသိုက်အဝန်း၏ ကြားဝင်ပေးမှုကို ရှေးယခင်ကအတိုင်း တစိုက်မတ်မတ် တောင်းဆိုနေလျှက်ရှိသည်။[၁၆]

[13] For example, Office of the Supreme Headquarters, Karen National Union, 4 April 2011, "KNU Statement on New Military Government and Concerns of Ethnic Nationalities", AND Ethnic Nationalities Conference, 13 June 2011, "Statement : The 6th Ethnic Nationalities Conference"

[14] ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့၊ မြန်မာ့အလင်းသတင်းစာပါ ပြည်ထောင်စု အစိုးရ၏ ကြေညာချက်အမှတ် ၁/၂၀၁၁။ Union Government Announcement 1/2011, (18 August 2011), published in the New Light of Myanmar, 19 August 2011,

[15] Shan Herald Agency for News, 09/10/11, "Wa, Mongla sign new ceasefire agreement", http://www.shanland.org/index.php?option=com_content&view=article&id=4022:wa-mongla-sign-new-ceasefire-agreement&catid=85:politics&Itemid=266 (accessed 04/10/11)

[16] United Nationalities Federal Council, 08/10/11, "Appeal of UNFC to the People and International Community", Statement from UNFC Central Executive Committee, www.shanland.org/images/docs/unfc-statement.pdf (accessed 10/10/11);
AND Lanyaw Zawng Hra, Chairman, Kachin Independence Organisation, 26/09/11, letter to Ban Ki-Moon, Secretary General of the United Nations

## ၂။ ၂။ သံယံဇာတအရင်းအမြစ်ကြောင့် ဖြစ်သည့်ကျိန်စာ နှင့် ဖွံ့ဖြိုးရေး စီမံကိန်း လုပ်ငန်းကြီးများ

လူမျိုးစုနယ်မြေဒေသများအတွင်း ရေနံနှင့် သဘာဝဓါတ်ငွေ့တူးဖော်ခြင်း၊ ရေအားလျှပ်စစ်ဆည်များ၊ ပင်လယ်ရေနက်ဆိပ်ကမ်း၊ နယ်စပ်ဖြတ်စီးပွားရေးဇုန်များအတွက် စီမံကိန်းများအရှိန်ရနေသည်နှင့် တပါတည်းမှာပင်၊ နယ်စပ်ဒေသများတွင် လက်နက်ကိုင် တိုက်ပွဲများ ပြန်လည်ဖြစ်ပွားလာခြင်းသည် တိုက်ဆိုင်မှုသက်သက်မျှမဟုတ် ဟုယူဆရပါသည်။[၁၇] မြန်မာနိုင်ငံ၏ အခြေအနေသည် "သယံဇာတအရင်းအမြစ်များကြောင့် ဖြစ်ရသည့်ကျိန်စာပမာ ဥပမာ" နှင့်ပတ်သက်၍ အထင်ရှားဆုံး သာဓကတရပ် ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ဥပဒေစိုးမိုးမှု ရေရေရာရာမရှိသောအခြေအနေတွင် သဘာဝအရင်းအမြစ်များဆီမှနေ၍ ဝင်ငွေအလုံး အရင်းရရေးလောဘကြောင့် ဆွေသဟာကောင်းစားရေးလုပ်ရပ်များနှင့် မသမာမှုများကြီးထွားကာ၊ အုပ်ချုပ်ရေးကောင်းမွန်ရေးနှင့် ဆင်းရဲမွဲတေမှုလျှော့ချရေး ရည်ရွယ်ချက်များမှာ ထိခိုက်နေလျှက်ရှိသည်။[၁၈]

မြေပုံ (၃) က မြန်မာနိုင်ငံအရှေ့တောင်ပိုင်းအတွက် လျာထားသော အဓိကရင်းနှီးမြှုပ်နှံမှုကြီးများကို လည်းကောင်း၊ လွန်ခဲ့သော နှစ်အတွင်းက လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ဆက်နွယ်နေသော ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများကို လည်းကောင်း ဖော်ပြထားပါသည်။ ဆင်းရဲမွဲတေမှု လျှော့ချရေးအတွက် လုပ်သော အခြေခံအဆောက်အဦတည်ဆောက်ရေးလုပ်ငန်း၊ သယံဇာအရင်းအမြစ်ထုတ်ယူရေးလုပ်ငန်း၊ စီးပွားဖြစ်စိုက်ပျိုးရေးလုပ်ငန်းတို့နှင့်ပတ်သက်၍ နယ်ခံလူမှုအုပ်စုများ ခံစားရသော အကျိုးကျေးဇူးက မပြောပလောက်သော်လည်း လုံခြုံရေးအစောင့်များအဖြစ် စစ်တပ်များဝင်ရောက်လာခြင်းအတွက် တန်ဖိုး ကြီးမားစွာ ပေးဆပ်ခဲ့ကြရလေသည်။ "အတင်းအဓမ္မလုပ်အားစေခိုင်းခြင်း၊ အနိုင်ကျင့်ငွေတောင်းခြင်း၊ မြေသိမ်းယူခြင်းကဲ့သို့သော နိုင်ထက်စီးနင်း ပြုမှုပေါင်းစုံတို့" ဖြစ်ပွားလေ့ရှိကာ၊ "မိသားစုများ စီးပွားပျက်ပြီး၊ ဇာတိနေရပ်ရင်းကို စွန့်ခွာသွားရန်မှလွဲ၍ ရွေးစရာလမ်းမရှိတော့သောအဖြစ်သို့ ရောက်သည်အထိ ဝင်ငွေကျဆင်းသွားခဲ့ကြရသည်။"[၁၉]

အစိုးရအဖွဲ့နှင့် ဥပဒေပြုလွှတ်တော်တို့၏ ဖွဲ့စည်းပုံသည် နိုင်ငံရေးအရကိုယ်စားပြုခွင့်နှင့် ဆုံးဖြတ်ချက်ချရေးကိစ္စတွင် နယ်မြေလူထု၏ ပါဝင်ခွင့်တို့ကို အားပေးသင့်ပါသည်။ သို့ရာတွင် အစိုးရအုပ်ချုပ်ရေးဖွဲ့စည်းပုံမှာ အပြောင်းအလဲများ မလုပ်မီ ကတည်းကပင် ဤအကြီးစားတည်ဆောက်ရေးစီမံကိန်းများ၏ လျှောက်လွှာအများစုကို ကြိုတင်ခွင့်ပြုချက်ပေးနှင့်ပြီး ဖြစ်နေ ခဲ့သည်။ ဤအတွက် အကျိုးဆက်များက ကြီးမားပေလိမ့်မည်။ နယ်မြေအခြေစိုက် လူမျိုးစုအဖွဲ့အစည်းများနှင့် လူမျိုးစု သတင်းမီဒီယာအဖွဲ့ များက ဤအခြေခံအဆောက်အဦတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများ၏ တိုးတက်ဖြစ်ပေါ်မှုများ အကြောင်း၊ ထို့အပြင်နယ်မြေ လူမှုအုပ်စုများအပေါ် ကျရောက်မည့် လူမှုရေးဆိုင်ရာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်ရိုက်ခတ်မှုများ အကြောင်းတို့ ကို အကြီးအကျယ် မှတ်တမ်းပြုဖော်ပြပေးခဲ့သည်။[၂၀]

စီမံကိန်းများရေးဆွဲရာ၌ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှု မရှိခြင်းတို့ကြောင့် နယ်မြေလူထုများက တန်ဖိုးပေးရမှု ဝန်ထုပ်ဝန်ပိုးကြီး ဒဏ်ကို ခံရတော့မည်ဖြစ်ပြီး၊ အကျိုးအမြတ်များကိုမူ အိမ်နီးချင်းနိုင်ငံများနှင့် လာဘ်စားသော စစ်ဗိုလ်များကသာ အကြီးအကျယ် ခံစားရတော့မည်ဟု ရင်လေးစရာဖြစ်နေပါသည်။[၂၁]

နိုင်ငံတကာဘဏ္ဍာရေးအဖွဲ့အစည်းများသည် မြန်မာနိုင်ငံကဲ့သို့သော ချိနဲ့သည့် တိုင်းပြည်များတွင် ပြုပြင်ပြောင်းလဲရေးအတွက် ကူညီဆောင်ရွက်ပေးသူများ ဖြစ်နိုင်ခြေရှိသကဲ့သို့၊ ဖိနှိပ်ရေးအတွက် ကူညီဆောင်ရွက်ပေးသူများလည်း ဖြစ်နိုင်ခြေရှိပါသည်။ ပဋိပက္ခမှ ပြောင်းလဲပစ်ရေးနှင့်ပတ်သက်၍ ကမ္ဘာ့ဘဏ်က အသိအမှတ်ပြုထားသည့်အတိုင်းပင် "နိုင်ငံသားများ ၏ လုံခြုံမှု၊

---

[17] National Geographic, August 2011, "Land of Shadows", Vol. 220, No. 2, Washington DC, pp96-119


[18] Sean Turnell, 2009, "Burma's Economy 2009: Disaster, Recovery… and Reform?"

[19] Paulo Sérgio Pinheiro, 7 March 2008, *Report of the Special Rapporteur on the Situation of Human Rights in Myanmar*, A/HRC/7/18, para 75, http://ap.ohchr.org/documents/dpage_e.aspx?m=89

[20] For example, Shwe Gas Movement, September 2011, "Sold Out: Launch of China pipeline project unleashes abuse across Burma" http://www.shwe.org/campaign-update/sold-out-new-report/ (accessed 04/10/11)
Karenni Development Research Group, March 2011, "Stop the Dam Offensive against the Karenni", www.burmariversnetwork.org and www.salweenwatch.org

[21] Transnational Institute, May 2011, "Burma's New Government: Prospects for Governance and Peace in Ethnic States", http://www.tni.org/report/burmas-new-government-prospects-governance-and-peace-ethnic-states (accessed 04/10/11)

# မြေပုံ (၃)။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသရှိ ဖွံ့ဖြိုးရေး စီမံကိန်းကြီးများ



တရားမျှတမှုနှင့် အလုပ်အကိုင်တို့ရရှိရေးအတွက် တရားဝင် အဖွဲ့အစည်းများနှင့် အုပ်ချုပ်မှုတို့အင်အားတောင့် တင်းအောင်ဆောင်ရွက်ခြင်းသည် ပဋိပက္ခသံသရာကို ချိုးဖျက်ပစ်ရေးတွင် မရှိမဖြစ်လိုအပ်သည်။[၂၂] (၁၉၈၈) ခုနှစ်တွင် ငြိမ်းချမ်းစွာဆန္ဒပြသူများအား အစိုးရက နှိမ်နင်းပြီးနောက်ပိုင်းတွင် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) က ချေးငွေများ ထုတ်မပေးဘဲ နေခဲ့သည်။ သို့ရာတွင် သံလွင်မြစ်ပေါ်ရှိ တာဆန်းဆည်နှင့် မဟာမဲခေါင်ရပ်ဝန်းဒေသ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်၏ အစိတ်အပိုင်းဖြစ်သော အာရှလမ်းမကြီးတို့အတွက် ပုဂ္ဂလိကကဏ္ဍရင်းနှီးမြှုပ်နှံမှုများကို အားပေးရေးတွင် ဤဘဏ်က အရေးပါသော အခန်းကဏ္ဍမှပါဝင်ခဲ့သည်ဟု ယူဆရပါသည်။[၂၃] ဒေသတွင်း စီးပွားဖြစ်စိုက်ပျိုးရေး လုပ်ငန်းရင်းနှီးမြှုပ်နှံမှုသည် တနင်္သာရီတိုင်းဒေသကြီးတွင် အင်အားအကောင်းဆုံးဖြစ်သည်။ ထိုတိုင်းဒေသကြီး၌ ကန်ထရိုက်စာချုပ်များဖြင့် လုပ်သောလယ်ယာများ၊ ကျွန်းစိုက်ခင်း၊ ဆီအုန်းစိုက်ခင်း၊ ရာဘာစိုက်ခင်းများကို သိမ်းယူထားသော မြေယာများပေါ်မှာ တည်ထောင်ခဲ့ကြခြင်း ဖြစ်သည်။

သို့ရာတွင် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် လူသားတိုးတက်ဖွံ့ဖြိုးရေးက စစ်ပွဲများရပ်နားရေးနှင့် အခြေခံအဆောက်အဦတည်ဆောက်ပေးမှုတို၌မှာ ရင်းနှီးမြှုပ်နှံရေးတို့ထက် များစွာပို၍ လိုအပ်ပါလိမ့်မည်။ အနှံ့အပြားနှင့် စနစ်တကျ လူ့အခွင့်အရေးချိုးဖောက်မှုများကို ရပ်တန်းက ရပ်ပစ်ရန်သာမက၊ နောင်ထပ်မံမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရန်လည်း လိုအပ်ပါသည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် ကုလသမဂ္ဂအထူးသံတမန်တို့က ပြစ်ဒဏ်ခံရစရာမရှိဘဲ ပြစ်မှုကျူးလွန်ခြင်းများ အဆုံးသတ်သွားရေးအတွက်နှင့် အမှန်တရား၊ တရားမျှတမှု၊ တာဝန်ခံစိတ်တို့တိုးတက်လာရေးအတွက် မတော်မတရားမှု များကို သီးခြားလွတ်လပ်စွာ စုံစမ်းစစ်ဆေးရေးနှင့် ပြန်လည်ကုစားရေးလုပ်ထုံးလုပ်နည်းများကို အလေးထားပြောကြားသွားခဲ့သည်။[၂၄] ဒုက္ခသည်များ စဉ်းစားချင့်ချိန်ပြီး၊ မိမိတို့သဘောဆန္ဒအလျောက် နောက်ဆုံးမှာ ထိုင်းနိုင်ငံမှ ဘေးကင်းစွာ နှင့် ဂုဏ်သိက္ခာရှိစွာ အိမ်ပြန်နိုင်ရေးအတွက် အနည်းဆုံးအားဖြင့် သိနားလည်မှုဖြင့် ခွင့်ပြုခြင်းကိစ္စနှင့် လူသားချင်းစာနာမှုဆိုင်ရာအကူအညီများ ရရှိနိုင်ရေးကိစ္စတို့ကို ဆွေးနွေးညှိနှိုင်းခြင်း၊ မြေမြှုပ်မိုင်းထောင်ထားရာနေရာများကို သတ်မှတ်ပြထားခြင်း၊ ပြန်လည်ထူထောင်ရေး အထောက်အပံ့များ ရရှိခြင်း၊ လူမှုအဖွဲ့အစည်းထဲသို့ ပြန်လည်ပေါင်းစပ်နေထိုင်စေခြင်း စသည်တို့ လုပ်ဆောင်ရန် လိုအပ်ပါသည်။

## ၂။ ၃။ အတင်းအဓမ္မနေရာရွှေ့ပြောင်းစေခြင်း

ထိုင်းမြန်မာနယ်စပ်တလျှောက် ကူညီစောင့်ရှောက်ရေးညွန့်ပေါင်းအသင်း (TBBC) ၏ လုပ်ဖော်ကိုင်ဖက် အဖွဲ့အစည်းများက မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းမှာ (၁၉၉၆) ခုနှစ်ကစ၍ အရပ်သားများနေထိုင်ရာ နေရာပေါင်း (၃,၇၀၀) ကျော်တို့ ဖျက်ဆီးခံရခြင်း (သို့မဟုတ်) ထိုနေရာများမှ အတင်းအဓမ္မရွှေ့ပြောင်းစေခြင်း၊ (သို့မဟုတ်) ထိုနေရာများကို စွန့်ပစ်သွားရခြင်းတို့ကို မှတ်တမ်းပြုဖော်ပြခဲ့ကြသည်။ ဤအထဲတွင် (၂၀၁၀) ခုနှစ် ဩဂုတ်လမှ (၂၀၁၁) ခုနှစ် ဇူလိုင်လအတွင်း အလားတူအဖြစ်မျိုး ကြုံတွေ့ခဲ့ရသော ကျေးရွာနှင့် ပုန်းအောင်းရာနေရာပေါင်း (၁၀၅) ခုတို့ အပါအဝင် ဖြစ်သည်။ လွန်ခဲ့သော နှစ်များအတွင်းက ရရှိခဲ့သော စစ်တမ်းကောက်နယ်မြေများမှ သတင်းပေးပို့ချက်များကို အဆင့်မြင့်ဂြိုဟ်တုဓာတ်ပုံများဖြင့် သီးခြားလွတ်လပ်စွာ အတည်ပြုခဲ့ပါသည်။[၂၅] လွန်ခဲ့သော (၁၂) လအတွင်း ရွှေ့ပြောင်းသွားခဲ့ရသော ကျေးရွာများ၏ တည်နေရာများကို နောက်ဆက်တွဲ (၂) နှင့် မြေပုံ (၄) တို့တွင် ဖော်ပြထားပါသည်။ (၁၉၉၆) ခုနှစ်ကစ၍ ရွှေ့ပြောင်းသွားခဲ့ရသော လူနေအိမ်ခြေနေရာအားလုံးကို ပထဝီဝင်သတင်းအချက်အလက်စနစ် (Geographic Information System-GIS) ထဲတွင် ရှာကြည့်နိုင်ပါသည်။


[22] World Bank, 2011, "World Development Report: Conflict, Security and Development", Washington DC, page 2http://wdr2011.worldbank.org/fulltext (accessed 04/10/11)

[23] S. Bourne, April 2011, "The ADB in Burma: Behind the Scenes", NGO Forum on ADB, http://www.forum-adb.org/inner.php?sec=2&id=37 (accessed 04/10/11)

[24] Tomas Ojea Quintana, 23/05/11, "Statement of the Special Rapporteur on the situation of human rights in Myanmar", Bangkok, http://www.ohchr.org/en/NewsEvents/Pages/DisplayNews.aspx?NewsID=11046&LangID=E (accessed 04/10/11)

[25] Science and Human Rights Program, 2007, *High Resolution Satellite Imagery of the Conflict of Burma*, American Association for the Advancement of Science, Washington DC, http://shr.aaas.org/geotech/burma/burma.shtml (accessed 18/10/10)

# မြေပုံ (၄)။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် နေရပ်ရင်းစွန့်ခွာ ပြောင်းရွှေ့ ထွက်ပြေးကြရသည့် ကျေးရွာများ (၁၉၉၆–၂၀၁၁) ခုနှစ်




| ပြည်နယ်နှင့် တိုင်းဒေသကြီးများ | ဖျက်ဆီး၊ ပြောင်းရွှေ့၊ စွန့်ပစ်ခံခဲ့ရသည့် ရွာများ | |
|---|---|---|
| | ၁၉၉၆–၂၀၁၀ | ၂၀၁၁ |
| ရှမ်းပြည်နယ် တောင်ပိုင်း | ၁,၆၄၅ | ၂၄ |
| ကယားပြည်နယ် | ၂၈၇ | ၃ |
| ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း | ၃၉၅ | ၂၄ |
| ကရင်ပြည်နယ် | ၉၉၇ | ၄၉ |
| မွန်ပြည်နယ် | ၈၈ | ၀ |
| တနင်္သာရီတိုင်းဒေသကြီး | ၂၀၇ | ၇ |
| စုစုပေါင်း | ၃,၆၁၉ | ၁၀၅ |

အရပ်သားများ၏လူနေအိမ်ခြေနေရာများကို ဖျက်ဆီးပစ်ခြင်းနှင့် ရွှေ့ပြောင်းစေခြင်းသည် မြန်မာစစ်တပ်၏ ဆယ်စုနှစ်များနှင့်ချီခဲ့သော သူပုန်နှိမ်နင်းရေးမဟာဗျူဟာ၏ မှတ်တိုင်တခု ဖြစ်ခဲ့သည်။ ဤမဟာဗျူဟာက ရည်ရွယ်သည်မှာ ကျေးရွာများကို တိုက်ပွဲဖြစ်ပွားရာနယ်မြေများမှ အစိုးရထိန်းချုပ်သော နယ်မြေများသို့ အတင်းအဓမ္မပြောင်းရွှေ့စေခြင်းအားဖြင့် လက်နက်ကိုင်အတိုက်အခံအဖွဲ့များအဖို့ တပ်သားသစ်များ၊ သတင်းအချက်အလက်များ၊ ထောက်ပံ့ရေးပစ္စည်းများ၊ ဘဏ္ဍာငွေကြေးများရရှိနေမှုကို အားနည်းသွားစေရန်ဖြစ်သည်။ ပြောင်းရွှေ့မိန့်ကို မလိုက်နာသူအရပ်သားများအား သူပုန်လိုလားသူများဟု သဘောထားပြီး၊ နိုင်ငံတကာလူသားချင်းစာနာမှုဆိုင်ရာဥပဒေများနှင့် ဆန့်ကျင်ကာ ပစ်မှတ်ထားသည်။

(၂၀၁၀) ခုနှစ်ဩဂုတ်လ မှ (၂၀၁၁) ခုနှစ်ဇူလိုင်လ အတွင်းမှာ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် လူပေါင်းအနည်းဆုံး (၁၁၂,၀၀၀) တို့အား မိမိတို့နေအိမ်များမှနေ၍ အတင်းအဓမ္မရွှေ့ပြောင်းခိုင်းခဲ့သည်ဟု ဤနှစ်စစ်တမ်းက ခန့်မှန်းထားပါသည်။ ဤအတိုင်းအတာအထိကြီးမားလှသော နေရာရွှေ့ပြောင်းစေမှုသည် စစ်ပွဲဆက်လက်ဖြစ်ပွားနေခြင်းနှင့် လူ့အခွင့်အရေး ဆက်လက်ချိုးဖောက်နေခြင်းတို့ကို ညွှန်ပြနေခြင်းဖြစ်ပါသည်။ ဤခန့်မှန်းချက်သည် မတိကျဘဲ လျော့ပေါ့ထားသောခန့်မှန်းချက်သာဖြစ်ပါသည်။ အကြောင်းမှာ စစ်တမ်းကောက်ယူသောနယ်မြေတွင် မြို့နယ် (၅၀) သာ ပါသောကြောင့် ဖြစ်ပါသည်။ ဤစစ်တမ်းကောက်ယူမှု နယ်ပယ်ကို  မြန်မာနိုင်ငံအရှေ့တောင်ပိုင်းမျှအထိသာ ကန့်သတ်ထားရာ၊ (၁၇) နှစ်တာ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ပျက်ပြီးနောက်တွင် ကချင်ပြည်နယ်မှာ ပြန်လည်ဖြစ်ပွားလာခဲ့သောတိုက်ပွဲ များကြောင့် အိုးအိမ်အခြေပျက်ခဲ့ကြသော မြန်မာနိုင်ငံမြောက်ပိုင်းမှ အရပ်သားပြည်သူ (၂၅,၀၀၀)[26] ကို အိုးအိမ်အခြေပျက်မှု ခန့်မှန်းချက်တွင် ထည့်သွင်းထားခြင်းမရှိချေ။


လောလောဆယ်အားဖြင့် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းမှ နှစ်စဉ်ပျမ်းမျှအိုးအိမ်အခြေပျက်မှုနှုန်းသည် လူဦးရေ (၇၅,၀၀၀) ခန့်ဖြစ်သည်။ သို့ရာတွင် ပြီးခဲ့သောနှစ်က ခန့်မှန်းရချက်သည် ဆယ်စုနှစ်တစုအတွင်းမှာ အမြင့်ဆုံးဖြစ်သည်။ အပစ်ခတ်ရပ်စဲထားသော သူပုန်လက်နက်ကိုင်အဖွဲ့များအား မြန်မာစစ်တပ်၏ လက်အောက်ခံနယ်ခြားစောင့်တပ်ဖွဲ့များ အဖြစ်သို့ အသွင်ပြောင်းခိုင်းသောအမိန့်ကြောင့် ဖြစ်ပွားလာခဲ့သော တနေ့တခြားမတည်မငြိမ်ဖြစ်လာမှုကို ဤအချက်က ထင်ဟပ်ပြလိုက်ခြင်း ဖြစ်ပါသည်။ မကြာသေးမီက အိုးအိမ်အခြေပျက်မှုများကို မြို့နယ်အလိုက်ခွဲလျက်၊ နောက်ဆက်တွဲ (၁) တွင် ဖေါ်ပြထားပါသည်။

ထိုင်းနိုင်ငံနှင့်ကပ်လျက် ကရင်ပြည်နယ်အလယ်ပိုင်း၏ နယ်စပ်ဒေသနယ်မြေများ၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ကရင်ပြည်နယ်မြောက်ပိုင်းနယ်မြေများတွင် မြန်မာစစ်တပ်နှင့် သူပုန်အဖွဲ့ (၃) ဖွဲ့တို့၏ တိုက်ပွဲများကြောင့် အိုးအိမ်အခြေပျက်မှုများဖြစ်ပွားနှုန်း မြင့်မားခဲ့သည်။ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် **(DKBA)** မှ ခွဲထွက်အုပ်စုတစုသည် (၂၀၁၀) ခုနှစ်၊ နိုဝင်ဘာလတွင် လက်နက်ကိုင်ခုခံမှု ပြန်လုပ်ခဲ့ရာ၊ တိုက်ပွဲများကြောင့် မြဝတီနှင့် ပတ်ဝန်းကျင် မြို့နယ်များမှ လူပေါင်း (၂၇,၀၀၀) ကျော်တို့ အိုးအိမ်အခြေပျက်သွားခဲ့ရသည်။ မြန်မာစစ်တပ်က (၂၂) နှစ်ကြာ အပစ်ခတ်ရပ်စဲရေးသဘောတူညီချက်ကို ဖျက်သိမ်းပြီးနောက်၊ ရှမ်းပြည်တပ်မတော်–မြောက်ပိုင်း **(SSA-N)** အား ထိုးစစ်တဖန် ပြန်ဆင်ခဲ့ရာ (၂၀၁၁) ခုနှစ်၊ မတ်လကစ၍ လူပေါင်း (၃၁,၀၀၀) ကျော်တို့ မိမိတို့၏ နေအိမ်များမှနေ၍ ထွက်ပြေးခဲ့ကြရသည်။ ကျောက်နဂါးဆည်နှင့်ပတ်သက်သောရေကြီးမှုနှင့် မြန်မာစစ်တပ်က ကရင်အမျိုးသားအစည်းအရုံး **(KNU)** အား ထိုးစစ်ဆင်တိုက်ခိုက်မှုတို့ကြောင့် ကရင်ပြည်နယ်မြောက်ပိုင်းနှင့် ပဲခူးတိုင်းဒေသကြီးအရှေ့ခြမ်းမှ နောက်ထပ် အရပ်သား (၂၈,၀၀၀) တို့ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့သည်။

မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း၏ ကျေးလက်ဒေသများတွင် လောလောဆယ်အားဖြင့် ပြည်တွင်းဒုက္ခသည်ပေါင်း အနည်းဆုံး (၄၅၀,၀၀၀) ရှိနေသည်ဟု ခန့်မှန်းရပါသည်။ ၎င်းင်းတို့ကို နောက်ဆက်တွဲ (၁) တွင်မှတ်တမ်းပြုထားပြီး၊ မြေပုံ (၅) မှာလည်း နေရာဒေသအလိုက်ဖြန့်၍ ဖေါ်ပြထားပါသည်။ ဤခန့်မှန်းချက်များသည် **(TBBC)** ၏ မိတ်ဖက်အဖွဲ့အစည်းများ ဆောင်ရွက်ခဲ့သော စစ်တမ်းကောက်ယူမှုများအပေါ်မှာ အခြေခံထားခြင်းဖြစ်ပြီး၊ သီးခြားလွတ်လပ်သော လူမျိုးစု အဖွဲ့အစည်းများ၏ ခန့်မှန်းချက်များနှင့်လည်း ၎င်းင်းတို့ကို တိုက်ဆိုင်စစ်ဆေးခဲ့ပါသည်။ ထိုင်းနိုင်ငံထဲသို့ ထွက်ပြေးသွားခဲ့သော အိုးအိမ်အခြေပျက်သူများကိုသော်လည်းကောင်း၊ မူလကျေးရွာသို့ ပြန်သွားသူများကို သော်လည်းကောင်း၊ မြန်မာနိုင်ငံတွင်းရှိ

[26] Kachin Womens Association of Thailand, October 2011, “Burma’s covered up war: Atrocities against the Kachin People” www.kachinwomen.com

# မြေပုံ (၅)။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် နေရပ်ရင်း ရွှေ့ပြောင်းထွက်ပြေးရမှုများ (၂၀၁၁ ခုနှစ်)




| ပြည်နယ်၊ တိုင်းဒေသကြီးနှင့် မြို့နယ် | အိုင်ဒီပီ စုစုပေါင်း (၂၀၁၁) |
|---|---|
| ရှမ်းပြည်နယ် | ၁၄၅၆၀၀ |
| မောက်မယ် | ၃၃၀၀ |
| မိုးကောင်း | ၃၇၀၀ |
| လဲချား | ၁၇၀၀၀ |
| လွိုင်လင် | ၁၉၀၀ |
| နမ့်ဆမ် | ၆၈၀၀ |
| ကွန်ဟိန်း | ၈၀၀၀ |
| မိုင်းဆတ် | ၃၁၀၀၀ |
| မိုင်းတုံ | ၃၀၀၀၀ |
| မိုင်းပန် | ၄၀၀၀ |
| ကျေးသီး | ၁၄၉၀၀ |
| လင်းခေး | ၂၀၀၀ |
| မိုးနဲ | ၃၀၀၀ |
| မိုင်းရှူး | ၄၃၀၀ |
| မိုင်းရယ် | ၄၁၀၀ |
| သီပေါ | ၅၁၀၀ |
| လားရှိုး | ၁၈၀၀ |
| နမ့်ခန်း | ၅၀၀ |
| နမ့်စန် | ၄၀၀ |
| ကျောက်မဲ | ၅၀၀ |
| တန့်ယန်း | ၃၃၀၀ |
| ကယားပြည်နယ် | ၃၅၁၀၀ |
| ရှားတော | ၁၂၀၀ |
| လွိုင်ကော် | ၃၃၀၀ |
| ဒီမောဆို | ၉၅၀၀ |
| ဖရူဆို | ၅၉၀၀ |
| ဘောလခဲ | ၂၀၀၀ |
| ဖားဆောင်း | ၈၇၀၀ |
| မဲ့စက် | ၄၅၀၀ |
| ပဲခူးတိုင်းဒေသကြီး | ၄၄၉၀၀ |
| တောင်ငူ | မရရှိနိုင် |
| ကျောက်ကြီး | ၃၃၇၀၀ |
| ရွှေကျင် | ၁၁၂၀၀ |
| ကရင်ပြည်နယ် | ၁၀၆၈၀၀ |
| သံတောင် | ၁၆၀၀၀ |
| ဖာပွန် | ၄၁၀၀၀ |
| လှိုင်းဘွဲ့ | ၅၅၀၀ |
| မြဝတီ | ၆၀၀၀ |
| ကော့ကရိတ် | ၂၃၀၀ |
| ကြာအင်းဆိပ်ကြီး | ၃၆၀၀၀ |
| မွန်ပြည်နယ် | ၄၀၀၀၀ |
| ရေး | ၄၀၀၀၀ |
| တနင်္သာရီတိုင်းဒေသကြီး | ၇၇၆၀၀ |
| ရေဖြူ | ၂၈၂၀၀ |
| ထားဝယ် | ၇၆၀၀ |
| သရက်ချောင်း | ၄၀၀၀ |
| ပုလော | ၁၃၇၀၀ |
| မြိတ် | ၆၃၀၀ |
| တနင်္သာရီ | ၁၄၄၀၀ |
| ဘုတ်ပြင်း | ၃၄၀၀ |
| စုစုပေါင်း | ၄၅၀၀၀၀ |

တနေရာရာမှာ ပြန်လည်အခြေချနေထိုင်သူများကိုသော်လည်းကောင်း ဤခန့်မှန်းချက်များထဲမှ ဖယ်ထုတ်ခဲ့ပါသည်။ ပြည်တွင်းဒုက္ခသည် ဖြစ်နေနှင့်ပြီး၊ လွန်ခဲ့သော နှစ်အတွင်းမှာ တဖန်ပြန်၍ ထွက်ပြေးရသူများကို ထပ်၍ ရေတွက်ခြင်းမပြုခဲ့ချေ။ ပြည်တွင်းဒုက္ခသည်များကို မြေပုံ (၅) မှာ ဖြန့်ခွဲ ဖော်ပြထားပါသည်။

## ၂။ ၄။ ဆင်းရဲမွဲတေမှုနှင့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီ

နာတာရှည် ဆင်းရဲတွင်းမှ လွတ်မြောက်မတက်နိုင်ခဲ့သော အဖြစ်များသည် မြန်မာနိုင်ငံတနံတလျားမှာ ရှိနေခဲ့ပါသည်။ အစိုးရ စာရင်းအင်းများကပင်လျှင် လူဦးရေ၏ (၄) ပုံ (၁) ပုံသည် ဆင်းရဲတွင်းထဲမှာ ကျရောက်နေကြပြီး၊ အခြေခံလိုအပ်ချက်များ မလုံမလောက် ဖြစ်နေကြသည်ဟု ခန့်မှန်းထားသည်။[၂၇] ဆယ်စုနှစ်ပေါင်းများစွာကြာခဲ့သော စစ်တပ်အုပ်စိုးမှုသည် စီးပွားရေး တခုလုံးကို တလွဲတချော်စီမံအုပ်ချုပ်ခြင်း၊ လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု အလွန်ခေါင်းပါးခြင်း၊ ကျူးလွန်သူများ အနေဖြင့် ပြစ်ဒဏ်ခံရစရာမရှိဘဲ လူ့အခွင့်အရေးချိုးဖောက်ခွင့်ရနေသော အခြေအနေတို့ဖြင့် ထူးခြားစွာရှိနေခဲ့ပါသည်။ ဤပြဿနာများသည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းမှာ ရေရှည်ဖြစ်ပွားနေသောစစ်ပွဲနှင့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီ များ မရောက်ရှိနိုင်အောင် ကန့်သတ်ခံနေရခြင်းတို့ကြောင့် ပို၍ဆိုးရွားခဲ့သည်။[၂၈]

(TBBC) နှင့် လူမျိုးစုအခြေခံ အဖွဲ့အစည်းများက လွန်ခဲ့သော (၂) နှစ်အတွင်း မြို့နယ်ပေါင်း (၁၄) မြို့နယ်မှာ လုပ်ဆောင် ခဲ့သော ဆင်းရဲမွဲတေမှု အကဲဖြတ်ချက်များက ဖော်ပြနေသည်ကား မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း ကျေးလက်နယ်မြေများရှိ အိမ်ထောင်စုများ၏ (၃) ပုံ (၂) ပုံနီးပါးသည် အခြေခံလိုအပ်ချက်များကိုပင် ရရှိနိုင်ခြင်း မရှိကြ ဟူ၍ ဖော်ပြနေပါသည်။ ဤခန့်မှန်းချက်များသည် စံချိန်မီ နေထိုင်စားသောက်နိုင်မှုနှင့် ဖူလုံပြည့်စုံမှုဆိုင်ရာ အဓိက ညွှန်းကိန်း (၅) ခု၏ ပျမ်းမျှကိန်း များကို အခြေခံထားသော ခန့်မှန်းချက်များ ဖြစ်သည်။ ဤညွှန်ပြကိန်းများကား ဘေးကင်းသော သောက်သုံးရေ ရရှိမှု၊ ကောင်းမွန်သော ပတ်ဝန်းကျင်သန့်ရှင်းရေး ရရှိမှု၊ လုံလောက်သော နေအိမ် (အမိုးအကာ) ရရှိမှု၊ ရိက္ခာလုံခြုံဖူလုံမှုနှင့် ကြွေးမြီကင်းရှင်းမှုတို့ ဖြစ်ပါသည်။ ဇယား (၁) နှင့် မြေပုံ (၆) မှာ ဖော်ပြထားသည့်အတိုင်းပင် ဆင်းရဲမွဲတေမှုသည် စစ် ဒဏ်သင့်နယ်မြေများဖြစ်သည့် ပဲခူးတိုင်းဒေသကြီး အတွင်းရှိ ကျောက်ကြီးမြို့နယ် ရွှေကျင်မြို့နယ်တို့နှင့် ကရင်ပြည်နယ်ရှိ သံတောင်မြို့နယ်တို့တွင် အထူးဆိုးရွား ပြင်းထန်ပါသည်။

[27] IHLCA, 2011, *Op. Cit.*, pages 12-13,

[28] Charles Petrie, 2008, “End of Mission Report : UN Resident and Humanitarian Coordinator, UNDP Resident Representative for Myanmar 2003-2007”

ဇယား (၁) မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသရှိ အိမ်ထောင်စုအလိုက် ဆင်းရဲမွဲတေမှု ညွှန်းကိန်းများ (၂၀၁၀–၂၀၁၁) ခုနှစ်

| မြို့နယ်၊ ပြည်နယ်/တိုင်းဒေသကြီး | သန့်ရှင်းသော သောက်သုံးရေမရရှိခြင်း | ပိုမို ကောင်းမွန်သည့် အိမ်သာ စနစ် မရှိခြင်း | လုံလောက်သည့်အမိုး အကာ မရှိခြင်း | လုံလောက်စွာ မစား သောက်နိုင်ခြင်း | စားနပ်ရိက္ခာ မလုံလောက်မှုကြောင့် ကြွေးတင်ခြင်း | ဆင်းရဲမှု စုပေါင်း ညွှန်းကိန်းများ |
|---|---|---|---|---|---|---|
| မိုင်းတုံ–ရှမ်း (၂၀၁၀) | ၈၀ % | ၈ % | ၅၉ % | ၁၃ % | ၂၅ % | ၃၇ % |
| မိုင်းဆတ်– ရှမ်း (၂၀၁၁) | ၈၂ % | ၁၀ % | ၉၉ % | မရှိ | ၄၈ % | ၆၀ % |
| ဖားဆောင်း–ကယား (၂၀၁၀) | ၁၀၀ % | ၉၆ % | ၉၇ % | ၈၅ % | ၂၀ % | ၈၀ % |
| ရှားတော–ကယား (၂၀၁၁) | ၇၉ % | ၂၁ % | ၈၃ % | ၆၂ % | ၃၁ % | ၅၅ % |
| သံတောင်–ကရင် (၂၀၁၁) | ၉၉ % | ၉၀ % | ၇၃ % | ၉၈ % | ၆၅ % | ၈၅ % |
| ဖာပွန်–ကရင် (၂၀၁၀) | ၉၆ % | ၈၈ % | ၉၆ % | ၆၇ % | ၃၈ % | ၇၇ % |
| ကော့ကရိတ်– ကရင် (၂၀၁၁) | ၆၀ % | ၃၇ % | ၅၇ % | ၃၃ % | ၂၇ % | ၄၃ % |
| ကြာအင်းဆိပ်ကြီး– ကရင် (၂၀၁၁) | ၈၄ % | ၃၄ % | ၅၅ % | ၄၆ % | ၂၄ % | ၄၉ % |
| ကျောက်ကြီး– ပဲခူး (၂၀၁၀) | ၅၁ % | ၉၉ % | ၉၉ % | ၉၉ % | ၉၂ % | ၈၈ % |
| ရွှေကျင်– ပဲခူး (၂၀၁၁) | ၉၈ % | ၈၈ % | ၉၉ % | ၉၄ % | ၅၆ % | ၈၇ % |
| ရေး– မွန် (၂၀၁၀) | ၈၃ % | ၁၁ % | ၈၁ % | ၃၇ % | ၃၂ % | ၄၉ % |
| ရေဖြူ–တနင်္သာရီ (၂၀၁၁) | ၆၅ % | ၉ % | ၇၂ % | ၇၄ % | ၅၂ % | ၅၄ % |
| ပုလော–တနင်္သာရီ (၂၀၁၀) | ၈၂ % | ၈၈ % | ၉၉ % | ၅၇ % | ၃၉ % | ၇၃ % |
| တနင်္သာရီ– တနင်္သာရီ (၂၀၁၁) | ၇၇ % | ၃ % | ၉၀ % | ၃၃ % | ၂၆ % | ၄၆ % |
| ပျမ်းမျှ | ၈၁ % | ၄၉ % | ၈၃ % | ၆၁ % | ၄၁ % | ၆၃ % |

ဆယ်စုနှစ်ပေါင်းများစွာ လျစ်လျူရှုထားခဲ့ပြီးခါမှ၊ ဆင်းရဲမွဲတေမှု လျှော့ချရေးသည် နိုင်ငံ၏ ဦးစားပေးလုပ်ငန်းတရပ် ဖြစ် လာမည်ဟု အစိုးရကဖော်ပြပြောဆို၍ မျှော်လင့်ချက်ပေးခဲ့သည်။ ပြည်ထောင်စုလွှတ်တော် အဖွင့်မိန့်ခွန်းတွင် သမ္မတ ဦးသိန်းစိန်၏ စီးပွားရေး ပြုပြင်ပြောင်းလဲရေးအကြောင်း ပြောကြားချက်၊ အများလေးစားခံရသော စီးပွားရေး ပညာရှင်တဦးကို သမ္မတ၏ အကြံပေးအဖြစ် ခန့်ထားမှု၊ တက်ရောက်သူများ အစုံအလင်ပါသော ဆင်းရဲမွဲတေမှုလျှော့ချရေး နီးနှောဖလှယ်ပွဲကျင်းပခြင်း စသည်တို့သည် အကောင်းဘက်သို့ ရှေ့ရှုစေသော ဖြစ်ပေါ်တိုးတက်မှုများဖြစ်သည်။ "ချမ်းသာသူနှင့် ဆင်းရဲသူတို့အကြား၊ ထို့အပြင် မြို့ပြဒေသနှင့် ကျေးလက်ဒေသတို့အကြား စီးပွားရေးကွာဟမှု လျှော့ချရန်"[၂၉] လိုအပ်ကြောင်း သမ္မတ၏ အသိအမှတ်ပြုမှုသည် ယခင်အစိုးရ အဆက်ဆက်ကပြောခဲ့သော စကားများနှင့် သိသိသာသာခြားနားကြောင်း ဖေါ်ပြလိုက်ခြင်းပင်ဖြစ်သည်။ အလားတူပင် ပွင့်လင်းမြင်သာပြီး တာဝန်ခံသော အစိုးရတရပ် ဖြစ်ပေါ်လာစေရေးအတွက် အနှံ့အပြား ဖြစ်ပွားနေသော အကျင့်ပျက်ခြစားမှုများကို ဖြေရှင်းရေး၊ တန်ဖိုး အကြီးအကျယ် မြှင့်ထားသော ငွေလဲလှယ်နှုန်းကို ဖျက်သိမ်းပစ်ရေး၊ စိုက်ပျိုးစရိတ် ချေးငွေထုတ်ပေးရေးနှင့် မြေယာပြုပြင်ရေး၊ ကျေးရွာပိုင်မြေများကို ကာကွယ်စောင့်ရှောက်ရေးတို့ လိုအပ်ကြောင်း စီးပွားရေး အကြံပေးအဖွဲ့ခေါင်းဆောင် ဦးမြင့်၏ တင်ပြချက်များသည် ယခင်က မရှိခဲ့ဖူးသော ကိစ္စမျိုး ဖြစ်သည်။[၃၀]


[29] New Light of Myanmar, 31 March 2011, "President U Thein Sein delivers inaugural address to Pyidaungsu Hluttaw", Naypitaw, http://www.burmalibrary.org/docs11/NLM2011-03-31.pdf (accessed 21/9/11)

[30] U Myint, "Reducing Poverty in Myanmar: the Way Forward", Presented to the Workshop on Rural Development and Poverty Alleviation in Myanmar, 20-21 May 2011, Naypidaw, http://www.mizzima.com/edop/commentary/5314-poverty-in-burma-economist-u-myint.html (accessed 21/9/11)

ဆင်းရဲမွဲတေမှုပြဿနာကို အစိုးရသစ်က မည်မျှမြန်မြန်ဆန်ဆန်၊ ထိထိရောက်ရောက် ဖြေရှင်းနိုင်မည်ဆိုသည်ကို မမြင်တွေ့ရသေးသော်လည်း၊ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းသို့ လူသားချင်းစာနာမှုဆိုင်ရာအဖွဲ့အစည်းများ ဝင်ရောက်ခွင့် နှင့် ပတ်သက်သော ကန့်သတ်ချုပ်ချယ်ထားမှုများကိုတော့မူ တစုံတရာဖြေလျှော့ပေးခြင်း မပြုသေးချေ။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မီတီ (ICRC) ၏ အစဉ်တစိုက် ကြိုးပမ်းလာခဲ့မှုကြောင့်၊ အကျဉ်းထောင်များထဲသို့ အကန့်အသတ်ဖြင့် ဝင်ရောက်ကြည့်ရှုခွင့် (အကျဉ်းသားများနှင့် တွေ့ဆုံခွင့် မဟုတ်) ကို အာဏာပိုင်များက ခွင့်ပြုခဲ့သည်။ သို့ဖြစ်သည့်တိုင်၊ တိုက်ပွဲဖြစ်ပွားရာနယ်မြေများထဲသို့ ဝင်ရောက်လေ့လာခွင့်နှင့် ပတ်သက်၍ (၂၀၀၅) ခုနှစ်က (ICRC) အပေါ် ချမှတ်ထားခဲ့သော ကန့်သတ်ချုပ်ချယ်မှုများကိုမူ ပိုနေမြဲကျားနေမြဲ ရှိနေစေပြီး၊ သိသာသောတိုးတက်မှု တစုံတရာမရှိသေးချေ။ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းနယ်မြေများအတွင်း ကွင်းဆင်းလုပ်ငန်းများအတွက် လုပ်ငန်းဌာနရုံးဖာင့်ခွင့်ပေးရန် ကုလသမဂ္ဂဒုက္ခသည်များရေးရာ မဟာမင်းကြီး၏ တရားဝင် မေတ္တာရပ်ခံချက်သည်လည်း မကြာသေးမီက ပယ်ချခံခဲ့ရသည်။

ဤအခြေအနေ၌ နိုင်ငံခြားအကူအညီ ရောမအများစုသည် ရောဝတီမြစ်ဝကျွန်းပေါ်ဒေသ၊ မိုးနည်းရပ်ဝန်းခြောက်သွေ့ဇုန်ဒေသ၊ ရခိုင်ပြည်နယ်ကဲ့သို့သော စစ်ဒဏ်သင့်မခံရသည့် နယ်မြေဒေသများသို့ ဝင်ရောက်သွားရန် ရှိသည်။ ဤသို့ ဝင်ရောက်ခြင်းသည် သိသာမြင်သာသော လိုအပ်ချက်များကို ဖြည့်ဆည်းပေးရင်း အာဏာပိုင်များနှင့် ယုံကြည်မှုတည်ဆောက်ရန်နှင့် တိုင်းပြည်တဝှမ်းမှာ အကူအညီလိုအပ်နေသောနေရာများ တိုး၍များလာနေကြောင်း တင်ပြချက်များကို အားပေးရန်ဖြစ်သည်။ ဤယုံကြည်မှုတည်ဆောက်ခြင်းမှနေ၍ ဝင်ရောက်ခွင့်ရလာသည့်အချိန်အထိ၊ နယ်စပ်ဖြတ်ကျော်၍ပေးသော အကူအညီများသည် စစ်ဘေးဒဏ်သင့်ခံရပြီး၊ ရန်ကုန်မှလာသောအကူအညီကို မရရှိနိုင်ကြသူ အရပ်သားများ၏ လိုအပ်ချက်များ လျစ်လျူရှုထားမခံရစေရေးအတွက် မရှိမဖြစ်လိုအပ်နေဦးမည် ဖြစ်သည်။

## မြေပုံ (၆)။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသများ၌ ဆင်းရဲမွဲတေမှု ဖြစ်ပွားနေပုံ (၂၀၁၀–၂၀၁၁) ခုနှစ်။



“

*ဗမာ စစ်တပ်ရန်က လွတ်အောင် ကျနော်ထွက်ပြေးလာခဲ့တာ နှစ် (၃၀) နီးနီးလောက် ကြာခဲ့ပါပြီ။ အဲဒီတုန်းက စစ်တပ် က ကျနော့်အိမ်ကို အကြိမ် (၂၀) လောက်မီးရှို့ခဲ့တယ်။ အိမ် (၃) လုံးကတော့ ပျဉ်ထောင်အိမ်၊ ကျန်တာတွေကတော့ ဝါးအိမ်တွေပါ။ (၂၀၀၀) ခုနှစ်တုန်းက ဗမာစစ်သားတွေ ကျနော့်သားတယောက်နဲ့ ကျနော့် ချွေးမကို သေနတ်နဲ့ ပစ်သတ် ခဲ့တယ်။ အဲဒီတုန်းက ကျနော်တို့ပုန်းနေတဲ့နေရာနားကို စစ်သားတွေ ကင်းလှည့်လာတယ်ကြားလို့ ကျနော်က စပါးတွေကို တနေရာရာမှာ သွား ဝှက်ထားဖို့ ကျနော့်သားကို ခိုင်းလိုက်တာ။ သူ တောင်ယာထဲ ရောက်တော့ စစ်သားတွေ လာနေ တာကို မြင်တာနဲ့ ထွက်ပြေးတယ်။ စစ်သားတွေက သူ့ကို သေနတ်နဲ့ ပစ်တယ်။ ဒါပေမယ့် မထိဘူး။ စစ်သားတွေက ကျနော့် စပါးကျီကိုရော၊ အထဲက စပါးတွေကိုရော အကုန် မီးရှို့ပစ်ကြတယ်။ တရက်၊ နှစ်ရက်လောက်ကြာတော့ ကျနော် တို့ အိမ်တွေအားလုံးကို မီးရှို့ပစ်လိုက်ကြတယ်။ စာသင်ကျောင်းနဲ့ ကျောင်းသားတွေရဲ့ အိပ်ဆောင်တွေကို ရောပဲ … တချို့လူတွေက ထိုင်းနယ်စပ်ကို ပြေးကြတယ်။ တချို့ကတော့ စစ်တပ်က ပြောင်းခိုင်းတဲ့ စခန်းတွေဆီကို ပြောင်းသွားကြ တယ်။ ကျနော်ကတော့ ထိုင်းနိုင်ငံထဲပဲ ဖြစ်ဖြစ်၊ နယ်စပ်ကိုပဲဖြစ်ဖြစ်၊ စစ်တပ်ပြောင်းခိုင်းတဲ့ စခန်းကိုဘဲဖြစ်ဖြစ် ဘယ်တော့ မှ မပြောင်းဘူး။ လိပ်ခွံလောက်ရှိတဲ့ ကျနော့်နေရာလေးမှာ ကျနော်နေလောက်သရွေ့တော့ ဒီမှာပဲ ဆက်နေမှာပဲ။*

”

(ကရင်အမျိုးသားတဦး၊ တနင်္သာရီမြို့နယ်၊ ပြည်တွင်းနေရပ်ရင်းစွန့်ခွာခဲ့ရသူ ကရင်အမျိုးသားများဆိုင်ရာ ကော်မီတီ **(CIDKP)** ၏ တွေ့ဆုံမေးမြန်းချက်၊ ဇူလိုင်လ၊ ၂၀၁၁–ခုနှစ်)

အခန်း (၃)

# ဆင်းရဲမွဲတေမှု အခြေအနေ




ပဋိပက္ခ ဒဏ်ခံနေကြရသည့် လူမမယ်ကလေးငယ်များ။
(KORD, သံတောင်မြို့နယ်၊ ၂၀၁၁ ခုနှစ်)

## ၃။ ၁။ လူဦးရေဆိုင်ရာ ဖွဲ့စည်းပုံ အကြောင်းအချက်များ

မြန်မာနိုင်ငံအရှေ့တောင်ပိုင်း၏ ဆင်းရဲမွဲတေမှုနှင့် လူဦးရေတို့၏ ဆက်သွယ်မှုကို ပိုင်းခြားသုံးသပ်ရာ၌ လူဦးရေဆိုင်ရာ ဖွဲ့စည်းထားပုံ၊ အိမ်ထောင်စုတခု၏ ပျမ်းမျှအရွယ်အစား၊ လူတဦးချင်း၏ အထောက်အထားမှတ်ပုံတင် ပိုင်ဆိုင်မှုတို့ကို လေ့လာခြင်းအားဖြင့် သုံးသပ်ပါသည်။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် မှီခိုသူအချိုးအစားနှင့် အိမ်ထောင်စုအရွယ်အစားတို့သည် အစိုးရစာရင်းအင်းများမှာ ဖေါ်ပြထားသည်တို့ထက် များစွာပိုကြောင်း၊ ထို့အပြင် လူဦးရေထက်ဝက် နီးပါးမျှသည် နိုင်ငံသားအဖြစ် အထောက်အထား စာရွက်စာတမ်းများ မပြနိုင်ကြောင်း လေ့လာတွေ့ရှိချက်များက ညွှန်ပြနေပါသည်။ လူဦးရေဖိစီးမှုက ဆင်းရဲမွဲတေမှုကို ပိုဆိုးရွားစေပုံနှင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ အခက်အခဲများနှင့်ပတ်သက်၍ ဖြေရှင်းနိုင်စွမ်း နည်းစေပုံတို့ကို ဤအချက် (၃) ချက်က ထင်ဟပ်ပြနေပါသည်။

လူဦးရေသဘောအရ မှီခိုမှု (Demodraphic Dependency) ဆိုသည်မှာ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုတို့ကို စောင့်ရှောက်ပေးရသော လုပ်မှုရေးဝန်ထုပ်ဝန်ပိုးဟူ၍ အဓိပ္ပါယ်ရပါသည်။ အိမ်ထောင်စုတစု၏ အသက် (၁၅) နှစ်အောက် နှင့် (၆၄) နှစ်အရွယ် အိမ်ထောင်စုဝင်ဦးရေကို အသက် (၁၅) နှစ်နှင့် (၆၄) နှစ်ကြားအရွယ် အိမ်ထောင်စုဝင်ဦးရေနှင့် နှိုင်းယှဉ်လိုက်သောအခါ၌ ပထမအမျိုးအစား ဦးရေက များစွာပိုနေပါလျှင်၊ လူဦးရေသဘောအရမှီခိုမှု အချိုးအစားများနေခြင်းဖြစ်ပြီး၊ သာမာန် အိမ်ထောင်စုအပေါ်မှာ ကြီးလေးသော ဝန်ထုပ်ဝန်ပိုး ရှိနေသည်ဟု ဆိုနိုင်ပါသည်။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် လွန်ခဲ့သော (၁၀) နှစ်အတွင်း (TBBC) ၏ မိတ်ဖက် လူမျိုးစုအခြေခံလူမှုအဖွဲ့အစည်းများ စုဆောင်းခဲ့သော ဖြေကြားချက်များကို အခြေခံလျှက်၊ ပုံ (၅) တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၏ အသက်အရွယ်အရ လူဦးရေဖွဲ့စည်းပုံကို မြန်မာအစိုးရ၏ တရားဝင်ကိန်းဂဏန်းများနှင့် နှိုင်းယှဉ်ဖေါ်ပြထားပါသည်။ (TBBC) ၏ မိတ်ဖက် လူမျိုးစုအခြေခံ လူမှုအဖွဲ့အစည်းများ စုဆောင်းရရှိသော ကိန်းဂဏန်းများအရ တွေ့ရှိရသည်မှာ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ လူဦးရေသဘောအရ မှီခိုမှုဝန်သည် မြန်မာအစိုးရ၏ ကိန်းဂဏန်းများအရတွေ့ရှိရသော မှီခိုမှုဝန်ထက် ၃၀% ပိုမို များကြောင်းနှင့် တနိုင်ငံလုံးဆိုင်ရာ ပျမ်းမျှဝန်ထက် ၅၀% ပိုမိုများကြောင်းပင် ဖြစ်သည်။ တနည်းဆိုရသော် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် အလုပ်လုပ်နိုင်သော အသက်အရွယ်ရှိသူ လူနည်းနည်းအပေါ်မှာ မှီခိုနေသော ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုဦးရေသည် အစိုးရသိထားသည်ထက် များစွာ ပိုမိုနေကြောင်း ပေါ်လွင်နေပါသည်။

**ပုံ (၅)။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသရှိ လူဦးရေသဘောအရ မှီခိုမှု အကြောင်းများ [၃၁]**




[31] IHLCA, 2011, *Op. Cit.*, pages 31-32,

(၂၀၁၁) ခုနှစ်အတွင်းက မြန်မာနိုင်ငံအရှေ့တောင်ပိုင်းမှာ စစ်တမ်းကောက်ယူခဲ့သော လူဦးရေဖွဲ့စည်းပုံကို ဇယား (၂) တွင် မြို့နယ်အလိုက် အသက်အရွယ်နှင့် လိင်တို့ကို ခွဲခြားဖေါ်ပြထားပါသည်။ အစိုးရကိန်းဂဏန်းများနှင့် သိသိသာသာ ကွာခြားမှုရှိပါသည်။ လွန်ခဲ့သောနှစ်များအတွင်းက (TBBC) ပြုစုခဲ့သော စစ်တမ်းများနှင့် နှိုင်းယှဉ်ကြည့်နိုင်ပါသည်။ (၁၅) နှစ်အောက် အသက်အရွယ်ရှိသူများသည် လူဦးရေ၏ ၃၉ % ရှိသည်ဟူသောအချက်က မွေးဖွားမှုနှုန်းမြင့်ခြင်းကို ထင်ဟပ်ပြနေပါသည်။

အမျိုးသမီးဦးရေသည် လူဦးရေတခုလုံး၏ ၅၁ % ရှိသော်လည်း အသက် (၁၅–၄၄) အသက်အရွယ်အုပ်စု လူဦးရေတွင် အမျိုးသမီးရာခိုင်နှုန်းသည် သည့်ထက်ပိုများကာ ၅. ၂၄ % ရှိသည်။ အသက် (၄၅) နှစ်အထက် အသက်အရွယ်ရှိသူ လူဦးရေတွင်မူ ၄၇. ၇ % သာ ရှိသည်။ အလုပ်လုပ်နိုင်သော အသက်အရွယ်ရှိသူ ယောကျ်ားသားများက လက်နက်ကိုင်တပ်ထဲသို့ ပို၍ဆင့်ခေါ်ခံရကြောင်း (သို့မဟုတ်) စစ်ကြောင့်သေကြေခဲ့ကြောင်း (သို့တည်းမဟုတ်) မိသားစုကို ထောက်ပံ့နိုင်ရေးအတွက် အရပ်တပါးသို့ ဝင်ငွေရှာသွားကြရကြောင်းကို ဤအချက်က ထင်ဟပ်ပြနေပါသည်။ ထို့အပြင် အာဟာရချို့တဲ့ခြင်း၊ ဆေးဝါးကုသမှု အဆက်ပြတ်ခြင်း ကဲ့သို့သော စစ်၏ သွယ်ဝိုက်သောအကြောင်းတရားများကြောင့် အမျိုးသမီးများက သက်တမ်းပို၍ တိုကြောင်းကိုလည်း ထင်ဟပ်ပြနေပါသည်။


ဇယား (၂)။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသရှိ လူဦးရေ ဖွဲ့စည်းထားပုံ (၂၀၁၁ ခုနှစ်)

| | | ၅နှစ် အောက် | ၅–၁၄ | ၁၅–၂၉ | ၃၀–၄၄ | ၄၅–၅၉ | ၆၀ အထက် | စုစုပေါင်း | နမူနာ |
|---|---|---|---|---|---|---|---|---|---|
| မိုင်းဆတ် | ကျား | ၁၃% | ၂၇ % | ၂၀ % | ၁၆ % | ၁၈ % | ၅ % | ၁၀၀ % | ၃၁၄ |
| | မ | ၁၂ % | ၂၈ % | ၁၅ % | ၂၂ % | ၁၈ % | ၅ % | ၁၀၀ % | ၃၃၉ |
| ရှားတော | ကျား | ၁၈ % | ၂၉ % | ၂၁ % | ၁၄ % | ၁၆ % | ၂ % | ၁၀၀ % | ၆၀၇ |
| | မ | ၁၈ % | ၃၀ % | ၂၁ % | ၂၀ % | ၁၁ % | ၂ % | ၁၀၀ % | ၅၉၉ |
| သံတောင် | ကျား | ၅ % | ၂၄ % | ၃၀ % | ၂၀ % | ၁၃ % | ၇ % | ၁၀၀ % | ၅၇၀ |
| | မ | ၈ % | ၂၉ % | ၂၈ % | ၁၇ % | ၁၅ % | ၂ % | ၁၀၀ % | ၅၈၉ |
| ရွှေကျင် | ကျား | ၁၃ % | ၁၉ % | ၂၂ % | ၂၂ % | ၁၉ % | ၅ % | ၁၀၀ % | ၇၇၈ |
| | မ | ၁၁ % | ၁၈ % | ၂၅ % | ၂၃ % | ၁၇ % | ၆ % | ၁၀၀ % | ၇၅၀ |
| ကော့ကရိတ် | ကျား | ၁၅ % | ၂၈ % | ၁၈ % | ၂၀ % | ၁၂ % | ၈ % | ၁၀၀ % | ၆၁၂ |
| | မ | ၁၂ % | ၂၈ % | ၂၀ % | ၁၉ % | ၁၃ % | ၉ % | ၁၀၀ % | ၆၆၃ |
| ကြာအင်းဆိပ်ကြီး | ကျား | ၁၃ % | ၂၀ % | ၂၆ % | ၁၉ % | ၁၆ % | ၆ % | ၁၀၀ % | ၅၀၉ |
| | မ | ၁၃ % | ၂၄ % | ၂၃ % | ၂၂ % | ၁၆ % | ၃ % | ၁၀၀ % | ၅၆၁ |
| ရေဖြူ | ကျား | ၁၃ % | ၂၅ % | ၂၂ % | ၁၇ % | ၂၀ % | ၃ % | ၁၀၀ % | ၃၄၆ |
| | မ | ၁၃ % | ၂၉ % | ၃၀ % | ၂၁ % | ၇ % | ၁ % | ၁၀၀ % | ၃၇၈ |
| တနင်္သာရီ | ကျား | ၂၀ % | ၂၈ % | ၂၃ % | ၁၆ % | ၁၁ % | ၂ % | ၁၀၀ % | ၅၁၈ |
| | မ | ၂၀ % | ၂၂ % | ၂၉ % | ၁၅ % | ၁၂ % | ၂ % | ၁၀၀ % | ၅၄၆ |
| စုစုပေါင်း | ကျား | ၁၄ % | ၂၅ % | ၂၃ % | ၁၈ % | ၁၅ % | ၅ % | ၁၀၀ % | ၄‚ ၂၅၄ |
| | မ | ၁၃ % | ၂၅ % | ၂၄ % | ၂၀ % | ၁၄ % | ၄ % | ၁၀၀ % | ၄‚ ၄၂၅ |

အိမ်ထောင်စု အရွယ်အစားသည် ဆင်းရဲမွဲတေမှုနှုန်းမြင့်ခြင်းနှင့် အများဆုံးဆက်နွယ်နေသော နောက်ထပ်ညွှန်ပြချက်တခု ဖြစ်သည်။ အစိုးရ၏ ကိန်းဂဏန်းများအရ တနိုင်ငံလုံး၏ သာမန်အိမ်ထောင်စုတွင် အိမ်ထောင်စုဝင် (၅) ဦး၊ သာမာန် ‘ဆင်းရဲသော’ အိမ်ထောင်စုတွင် (၆) ဦး၊ သာမန် ‘မဆင်းရဲသော’ အိမ်ထောင်စုတွင် (၄.၇) ဦးရှိကြောင်း တွေ့ရှိရသည်။ လွန်ခဲ့သော (၂) နှစ်အတွင်းက (TBBC) ၏ မိတ်ဖက်လူမှုအဖွဲ့အစည်းများ စုဆောင်းရရှိသော အချက်အလက်များက ညွှန်ပြနေသည်မှာ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ သာမန်အိမ်ထောင်စု၏ အိမ်ထောင်စုဝင်ဦးရေသည် (၆.၂) ဦး ဟူ၍ဖြစ်သည်။ ဤတွေ့ရှိချက်များကို ပုံ (၆) တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ခွဲခြားကာ၊ အစိုးရကိန်းဂဏန်းများနှင့် နှိုင်းယှဉ်ဖေါ်ပြထားသည်။ ဤစစ်တမ်းနှစ်ခုတွင်ပါသော အိမ်ထောင်စုအရွယ်အစားများသည် အများအားဖြင့် များစွာကွာဟခြင်း မရှိချေ။


ပဲခူးတိုင်းဒေသကြီးအရှေ့ခြမ်းမှ ကိန်းဂဏန်းများထဲမှာသာ များစွာကွာဟမှု ရှိပါသည်။ ဤအချက်က အိမ်ထောင်စုအလိုက် လုပ်အားဆင့်ဆိုခြင်း၊ ငွေကောက်ခြင်းတွင်သက်သာအောင် မိသားစုများကို အိမ်ထောင်စုတစုတည်းအဖြစ်သို့ ပေါင်းလိုက်သည် ဟူသော နယ်မြေသတင်းပေးပို့ချက်ကို ထင်ဟပ်နေပါသည်။

### ပုံ (၆) မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသရှိ ပျမ်းမျှ အိမ်ထောင်စု အရွယ်အစား ^၃၂




နိုင်ငံသား အမှန်တကယ်ဖြစ်ကြောင်း၊ ပြသနိုင်ရေးနှင့် ခရီးဝေးသွားလာနိုင်ရေးအတွက် အရွယ်ရောက်သူများအဖို့ မြန်မာနိုင်ငံတွင် အမျိုးသားမှတ်ပုံတင်ကဒ်ပြားများသည် မရှိမဖြစ် လိုအပ်ပါသည်။ အမျိုးသားမှတ်ပုံတင်ကဒ်ပြားရရှိရေးအတွက် လုပ်ထုံးလုပ်နည်းသည် စာတွေ့မှာလွယ်ကူသော်လည်း၊ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းမှာ ဆယ်စုနှစ်များနှင့်ချီ၍ စစ်ဖြစ်ပွားလာခဲ့သောကြောင့် ဤနယ်မြေ၏ လူဦးရေထက်ဝက်နီးပါးခန့်သည် မိမိမည်သူဖြစ်ကြောင်း အထောက်အထားမပြနိုင်ဘဲ ရှိနေကြသည်။ ခွဲခြားဆက်ဆံခြင်းခံရမှုကြောင့် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရိုဟင်ဂျာတို့သည် စစ်မက်ဖြစ်ပွားသော နယ်မြေများရှိ လူများကထက်ပင် အမျိုးသား မှတ်ပုံတင်ရရှိရန် ပို၍ခက်ခဲကြောင်း ပုံ (၇) က ညွှန်ပြနေပါသည်။

### ပုံ (၇) မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသနှင့် ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် နိုင်ငံသားအဖြစ် ရရှိမှု အခြေအနေ ^၃၃




ဇယား (၃) မှာ ဖော်ပြထားသည့်အတိုင်းပင်၊ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းနယ်မြေအတွင်းမှာ အမျိုးသားမှတ်ပုံတင်ကဒ် ရရှိမှုသည် တနယ်နှင့်တနယ် အလွန်ကွာခြားနေပါသည်။ ရှားတောနှင့် ရေဖြူမြို့နယ်တို့တွင် မှတ်ပုံတင်မှုနှုန်း အလွန်မြင့်သည်။ (၂၀၀၈) ခုနှစ် ဆန္ဒခံယူပွဲအကြိုကာလတွင် ဤမြို့နယ်များ၌ မဲဆန္ဒရှင်စာရင်းမှတ်ပုံတင်ခြင်းနှင့် မှတ်ပုံတင်ကဒ်ပြားထုတ်ပေးခြင်းတို့ သိသိသာသာ များခဲ့သည်ဟူသော ကွင်းဆင်းလေ့လာသူများ၏ သတင်းပေးပို့ချက်ကို ဤအချက်က ထင်ဟပ်ပြနေပါသည်။ မိုင်းဆတ်၊ ရွှေကျင်နှင့် ကြာအင်းဆိပ်ကြီး မြို့နယ်တို့တွင် မှတ်ပုံတင်ကဒ်ပြားရရှိမှုနှုန်း အလွန်နိမ့်သည်။ မိုင်းဆတ်မြို့နယ်တွင် မှတ်ပုံတင်ကဒ်ပြားရရှိမှုနှုန်း နိမ့်နေခြင်းသည် အာဏာပိုင်များနှင့် မဆက်ဆံလိုခြင်းကို ထင်ဟပ်ပြနေပြီး၊ ကြာအင်းဆိပ်ကြီး မြို့နယ်တွင် အိမ်ထောင်စုမှတ်ပုံတင်မှုနှုန်း သိသိသာသာမြင့်နေခြင်းသည် လူမှတ်ပုံတင်ခြင်းကို အစားထိုးသည့်အနေနှင့်

[32] IHLCA, *op. cit*. page 29.

[33] ရခိုင်ပြည်နယ် မြောက်ပိုင်တွင် ဆောင်ရွက်ထားသည့် အဖွဲ့အတွင်း စစ်တမ်းကောက်ယူချက်ကို မေတ္တာရပ်ခံတောင်းဆို၍ ဖော်ပြခြင်း ဖြစ်သည်။

အိမ်ထောင်စုမှတ်ပုံတင်ခြင်းကို လုပ်ခဲ့ကြောင်း ဖော်ပြနေခြင်းဖြစ်သည်။ မှတ်ပုံတင်ကဒ်ပြား ရယူသော အမျိုးသားဦးရေနှင့် အမျိုးသမီးဦးရေမှာ သိသိသာသာ ကွာခြားမှုရှိသည်။ မှတ်ပုံတင်ရယူသူဦးရေသည် အမျိုးသားများတွင် ၅၇% ရှိပြီး၊ အမျိုးသမီးဦးရေတွင် ၄၉ % သာရှိသည်။ ဤအချက်သည် အမျိုးသမီးများက အိမ်မှုကိစ္စတွင် ပို၍တာဝန်ယူရပြီး၊ အမျိုးသားများက ဝင်ငွေရှာရေးတွင်ပို၍တာဝန်ယူရကာ ခရီးသွားရသည်ဟူသော အစဉ်အလာ အလုပ်တာဝန်ခွဲဝေမှုကို ထင်ဟပ်ပြနေပါသည်။

**ဇယား (၃)။ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသ၌ လူပုဂ္ဂိုလ်ဆိုင်ရာသတ်မှတ်ဖော်ပြချက် အထောက်အထားရှိခြင်း (၂၀၁၁) ခုနှစ်**


| | မိုင်းဆတ် | ရှားတော | သံတောင် | ရွှေကျင် | ကော့ကရိတ် | ကြာအင်းဆိပ်ကြီး | ရေဖြူ | တနင်္သာရီ | အားလုံးလွှမ်းခြုံ |
|---|---|---|---|---|---|---|---|---|---|
| မှတ်ပုံတင်ကဒ် | ၆ % | ၉၈ % | ၇၅ % | ၂၄ % | ၄၅ % | ၁၃ % | ၈၇ % | ၆၄ % | ၅၃ % |
| အိမ်ထောင်စုစာရင်း | ၂ % | ၉၈ % | ၀ % | ၀ % | ၆၇ % | ၄၅ % | ၂၀ % | ၃၆ % | ၃၆ % |
| ဘာမှမရှိ | ၈၅ % | ၁ % | ၂၅ % | ၆၃ % | ၂၀ % | ၄၂ % | ၃ % | ၂၈ % | ၃၀ % |

## ၃။ ၂။ ရေ၊ တကိုယ်ရေ သန့်ရှင်းရေးနှင့် နေအိမ် (အမိုးအကာ)

ဘေးကင်းသော သောက်သုံးရေ၊ တိုးတက်ကောင်းမွန်သော တကိုယ်ရေသန့်ရှင်းရေးနှင့် တာရှည်ခံသော နေအိမ်တို့သည် နေထိုင်မှုနှင့် သာယာဝပြောမှု အဆင့်အတန်းကို အကဲဖြတ်ရာတွင် အခရာကျသော အကြောင်းအချက်များ ဖြစ်သည်။ ဤလေ့လာချက်က တွေ့ရှိသည်မှာ မြန်မာနိုင်ငံအရှေ့တောင်ပိုင်း၊ ကျေးလက်ဒေသများ၏ အိမ်ယာဆောက်လုပ်နေထိုင်မှု အခြေအနေသည် ရခိုင်ပြည်နယ်မြောက်ပိုင်း၊ ကျေးလက်ဒေသများ၏အခြေအနေနှင့် ထူးမခြားနားဖြစ်နေပြီး၊ အလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသ၏ အခြေအနေထက်များစွာပို၍ ဆိုးရွားသည်ဟူ၍ ဖြစ်သည်။ အိမ်ထောင်စုများ၏ (၅) ပုံ (၁) ပုံသာ လုံလောက်သော နေအိမ် (အမိုးအကာ) များဖြင့် နေထိုင်ကြရပြီး၊ ဖုံးအုပ်ကာကွယ်ထားသည့် သောက်သုံးရေကို ရရှိကြသည်။ အိမ်ထောင်စုများ၏ ထက်ဝက်နီးပါးမှာ ကျန်းမာရေးသန့်ရှင်းရေးနှင့် ညီညွတ်သော အိမ်သာမရှိကြချေ။

ဘေးကင်းသော သောက်သုံးရေကို နက်နက်တူးထားသော အစီစီတွင်း၊ အုတ်ရေတွင်း၊ မိုးရေခံရေလှောင်ကန်၊ ခြံစည်းရိုးကာထားသောစမ်းရေတွင်း စသည့် ထိန်းသိမ်းကာကွယ်ထားသော ရေအရင်းမြစ်နေရာများမှ ရရှိနိုင်ပါသည်။ မြန်မာနိုင်ငံတခုလုံးအနေနှင့် အိမ်ထောင်စုများ၏ ၆၉% (ကျေးလက်ဒေသ အိမ်ထောင်စု ၆၅ %အပါအဝင်ဖြစ်သည်)သည် ဘေးကင်းသော သောက်သုံးရေကို ရရှိကြသည်ဟု အစိုးရကိန်းဂဏန်းများက ဖော်ပြထားသည့်တိုင်၊ ဤစစ်တမ်းက တွေ့ရှိထားသည်မှာ မြန်မာနိုင်ငံအရှေ့တောင်ပိုင်း၌ အိမ်ထောင်စုများ၏ ၁၉ % သာလျှင် ဖုံးအုပ်ကာကွယ်ထားသော ရေအရင်းမြစ်နေရာများမှရေကို ရရှိနိုင်ကြသည်ဟူ၍ ဖြစ်သည်။ သီးခြားလွတ်လပ်စွာ ကောက်ယူခဲ့သော စစ်တမ်းများ၏ တွေ့ရှိချက်များအရ၊ ဤဒေသတွင် မိုးနည်းရပ်ဝန်းဒေသနှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတို့မှာထက် ရေကြောင့်ကူးစက်သောရောဂါများ ပို၍ဖြစ်ပွားမှု သိသိသာသာများနိုင်ကြောင်း ပုံ (၈) က ဖော်ပြနေပါသည်။

**ပုံ (၈) မြန်မာနိုင်ငံ၏ သီးသန့်ရွေးချယ်ထားသောနေရာများ၌ သန့်ရှင်းသော သောက်သုံးရေ ရရှိမှု** [34]




[34] IHLCA, 2011, *op. cit.*, page 63, and WFP, 2011, *op. cit.*, page 22; and WFP, 2011a, *op. cit.*, page 27


(၂၀၁၁) ခုနှစ်၊ စစ်တမ်းရလဒ်များကို ဇယား (၄) တွင် ခွဲခြားဖော်ပြထားပါသည်။ သံတောင်နှင့် ရွှေကျင်မြို့နယ်တို့၏ ကျေးလက်ဒေသများတွင် ဖုံးအုပ်ကာကွယ်ထားသော ရေအရင်းမြစ်နေရာများ မရှိသလောက်နီးပါး ဖြစ်နေကြောင်းနှင့် အခြားမြို့နယ်များတွင်လည်း အလွန်နည်းပါးကြောင်းတွေ့နိုင်ပါသည်။ ရေကြောင့်ကူးစက်သောရောဂါများ ဖြစ်ပွားမှုနည်းအောင် ရေကို ကျိုချက်သောက်သုံးမှု မည်မျှရှိကြောင်းကိုတော့မူ စစ်တမ်းကောက်ယူခဲ့ခြင်း မရှိချေ။ သို့ရာတွင် ရေကိုသန့်စင်ခြင်း အကြောင်းနှင့် ပတ်သက်၍ အများပြည်သူတို့အား ပညာပေးခြင်းသည် အတော်အတန်လွယ်ကူသော ရှေ့ဦးဆောင်ရွက်ချက်ဟု ဆိုနိုင်ပါသည်။ မြစ်၊ စမ်းချောင်း၊ အုတ်ဘောင်မခတ်ထားသောရေတွင်း၊ ခြံစည်းရိုးကာမထားသော စမ်းရေတွင်းတို့မှ ရေကိုသောက်သုံးခြင်းသည် ပြဿနာတရပ်ဖြစ်သော်ငြားလည်း ဖုံးအုပ်ကာကွယ်ထားခြင်းမရှိသော သောက်သုံးနေကျရေ၏ အရည်အသွေးသည် ကျေနပ်လောက်ဖွယ်ရှိပါသည်။ အကြောင်းမှာ ကျေးရွာသားများသည် အများအားဖြင့် ညစ်ညမ်းမှုအတော်အတန်နည်းသော အမြင့်ပိုင်း စမ်းရေတွင်းနှင့် စမ်းချောင်းများမှရေကို ဝါးပိုက်များဖြင့် သွယ်ယူကြသောကြောင့် ဖြစ်သည်။

**ဇယား (၄)။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသများ၌ သန့်ရှင်းသော သောက်သုံးရေကို ရရှိနိုင်ကြပုံ (၂၀၁၁) ခုနှစ်**

| မိုင်းဆတ် | ရှားတော | သံတောင် | ရွှေကျင် | ကော့ကရိတ် | ကြာအင်းဆိပ်ကြီး | ရေဖြူ | တနင်္သာရီ |
|---|---|---|---|---|---|---|---|
| ၁၈% | ၂၁ % | ၁ % | ၂ % | ၄၀ % | ၁၆ % | ၃၅ % | ၂၃ % |

ရေကြောင့်ကူးစက်သောရောဂါများ ဖြစ်ပွားနိုင်ဖွယ်ရှိမှုသည် တိုးတက်ကောင်းမွန်သော သန့်ရှင်းမှုအိမ်သာစနစ် မရှိသူများအဖို့ ပို၍ဆိုးရွားနိုင်ပါသည်။ ဤနေရာ၌ ရေလောင်းအိမ်သာနှင့် အဖုံးပိတ်တွင်းတူးအိမ်သာ (ယင်လုံအိမ်သာဟု လည်းခေါ်ကြသည်) မရှိခြင်းကို ဆိုလိုပါသည်။ မြန်မာနိုင်ငံအရှေ့တောင်ပိုင်း၏ အိမ်သာသန့်ရှင်းမှုသည် ရခိုင်ပြည်နယ်မြောက်ပိုင်း၏ အိမ်သာစနစ်သန့်ရှင်းမှုနှင့် ယှဉ်၍ရနိုင်ကြောင်း၊ သို့ရာတွင် ရနိုင်သမျှ အချက်အလက်များအရ မိုးနည်းရပ်ဝန်းဒေသနှင့် တပြည်လုံးပျမ်းမျှ အခြေအနေထက် များစွာ ပိုဆိုးကြောင်းကို ပုံ (၉) က ဖော်ပြနေပါသည်။

**ပုံ (၉)။ မြန်မာနိုင်ငံ သီးသန့်ရွေးချယ်ထားသော ဒေသများ၌ ကောင်းမွန်သည့်အိမ်သာစနစ် ရရှိပုံ [၃၅]**




မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းမှာ အသုံးပြုသော အိမ်သာအမျိုးအစားများနှင့် ပတ်သက်၍ (၂၀၁၁)ခုနှစ် ကိန်းဂဏန်းများကို ဇယား (၅) တွင် မြို့နယ်အလိုက် ခွဲခြားဖော်ပြထားပါသည်။ တိုးတက်ကောင်းမွန်သော သန့်ရှင်းမှုအိမ်သာစနစ်သည် သံတောင်နှင့် ရွှေကျင်မြို့နယ်တို့မှာ အလွန်နည်းပါးကြောင်း တွေ့ရသည်။ ထိုမြို့နယ်များ၌ အိမ်ထောင်စု (၁၀) စုလျှင် တစုသာလျှင် ရေလောင်းအိမ်သာ (သို့မဟုတ်) အဖုံးပိတ် တွင်းတူးအိမ်သာကို အသုံးပြုကြောင်းတွေ့ရသည်။ ထိုမြို့နယ် (၂) မြို့နယ်တို့တွင် ဘေးကင်းသော သောက်သုံးရေ ရရှိနိုင်မှုသည်လည်း အလွန်နည်းသည်ဖြစ်ရာ၊ ရေကြောင့် ကူးစက်သော ရောဂါများဖြစ်ပွားနိုင်ခြေ အထူးများပြားနိုင်ပါသည်။ ထိုမြို့နယ် (၂) မြို့နယ်စလုံးတွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) နှင့် မြန်မာစစ်တပ်တို့ တိုက်ပွဲများ ရေရှည်ဖြစ်ပွားလာခဲ့သော အစွန်အဖျားတောင်ကုန်းနယ်မြေများရှိသည်။ အစိုးရ၏ သူပုန်နှိမ်နင်းရေး

[35] IHLCA, 2011, *op. cit.*, page 66; and WFP, 2011, *op. cit.*, page 20; and WFP, 2011a, *op. cit.*, page 15.

မဟာဗျူဟာအဖြစ် တိုက်ပွဲဖြစ်ပွားရာနယ်မြေများရှိ အရပ်သားလူနေအိမ်ခြေနေရာများကို တိုက်ရိုက်ပစ်မှတ်ထားသဖြင့်၊ ဤနယ်မြေများတွင် နေထိုင်မှုအခြေအနေ အထူးဆိုးရွားသည်မှာ အံ့သြစရာတော့ မဟုတ်ချေ။ ကုန်းမြင့်တောထဲသို့ အလွယ် သွားရောက်နိုင်ခြင်းနှင့် ကျန်းမာရေးအသိခေါင်းပါးခြင်းတို့ကြောင့်လည်း ကျန်းမာရေးနှင့် မညီညွတ်သော အလေ့အကျင့်များ စွဲမြဲနေဟန်ရှိပါသည်။


**ဇယား (၅)။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသ၌ အိမ်ထောင်စုများ အိမ်သာရရှိနိုင်မှု အခြေအနေ (၂၀၁၁ ခုနှစ်)**

| | ရေလောင်း အိမ်သာ | အဖုံးရှိသည့် ကျင်းအိမ်သာ/ အိမ်သာခြောက် | အဖုံးမရှိသည့် အိမ်သာ | အိမ်သာလုံးဝ မရှိ |
|---|---|---|---|---|
| မိုင်းဆတ် | ၁၄ % | ၇၆ % | ၈ % | ၂% |
| ရှားတော | ၂၇ % | ၅၃ % | ၀ % | ၂၀ % |
| သံတောင် | ၄ % | ၆ % | ၁ % | ၈၉ % |
| ရွှေကျင် | ၂ % | ၁၀ % | ၇၈ % | ၁၀ % |
| ကော့ကရိတ် | ၅၅ % | ၈ % | ၅ % | ၃၃ % |
| ကြာအင်းဆိပ်ကြီး | ၂၃ % | ၄၃ % | ၁၀ % | ၂၄ % |
| ရေဖြူ | ၇၀ % | ၂၁ % | ၀ % | ၉ % |
| တနင်္သာရီ | ၁၀ % | ၈၇ % | ၃ % | ၁ % |
| စုစုပေါင်း | ၂၅ % | ၃၆ % | ၁၄ % | ၂၅ % |

ရနိုင်သမျှပစ္စည်းများဖြင့် နေအိမ်များကိုဆောက်လုပ်နေထိုင်ကြရာ၌ နေအိမ်သည် နေထိုင်ရေးအတွက် အခြေခံလိုအပ်ချက် ဖြစ်ရာ၊ အိမ်အမိုးအကာအတွက် အသုံးပြုသောပစ္စည်းများသည် နေထိုင်မှုအဆင့်အတန်းကို သွယ်ဝိုက်သောနည်းဖြင့် ညွှန်ပြနေသော အချက်အလက်ဖြစ်သည်။ နိုင်ငံ့ယှဉ်ပြနိုင်ရေးအတွက် ဤအစီရင်ခံစာက အိမ်မိုးသွပ်ပြားနှင့် (သို့မဟုတ်) အုတ်ကြွပ်ကို အဓိက ဆောက်လုပ်ရေးပစ္စည်းအဖြစ်သတ်မှတ်ပြီး၊ သက်ကယ်၊ ဝါးနှင့် မိုးကာဖျင်တို့ကို ယာယီအမိုးအတွက် အသုံးပြုသောပစ္စည်းများ အဖြစ် သတ်မှတ်ပါသည်။ အစိုးရ၏ ကိန်းဂဏန်းများအရ၊ မြန်မာနိုင်ငံရှိ အိမ်ထောင်စုများ၏ ၅၃% အဖို့ လုံလောက်သော အိမ်အမိုးများ ရှိကြကြောင်းတွေ့ရသည်။ သို့ရာတွင် (TBBC) နှင့် မိတ်ဖက်လူမှုအဖွဲ့အစည်းများက လွန်ခဲ့သော (၂) နှစ်အတွင်း၊ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ မြို့နယ် (၁၄) မြို့နယ်မှာ ကောက်ယူခဲ့သော စစ်တမ်းများအရမူ အိမ်ထောင်စု ၂၀ % သာလျှင် တာရှည်ခံသော အိမ်မိုးပစ္စည်းများကို အသုံးပြုကြောင်းတွေ့ရှိရသည်။

ပုံ (၁၀) က ဤစစ်တမ်းရလာဒ်များကို ပြည်နယ်အလိုက်ခွဲခြားဖော်ပြထားပါသည်။ (TBBC) ၏ ကိန်းဂဏန်းများသည် ပြည်နယ်အသီးသီးနှင့် တိုင်းဒေသကြီးအသီးသီးကို ကိုယ်စားပြုသည်ဟု မဆိုနိုင်သော်လည်း အစိုးရကိန်းဂဏန်းများနှင့် နှိုင်းယှဉ်ကြည့်လိုက်သောအခါ၌ ကွာဟချက်များသည် အလွန်သိသာနေပါသည်။ ဤသို့သိသိသာသာ ကွာဟနေခြင်းသည် မြန်မာနိုင်ငံတဝှမ်းလုံးရှိ (အထူးသဖြင့် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ) အိမ်ထောင်စုအလိုက် ဆင်းရဲမွဲတေမှု နှင့် ပတ်သက်၍ ယုံကြည်အားထားလောက်စရာ အချက်အလက်များ မလုံမလောက်ဖြစ်နေခြင်းကို ညွှန်ပြနေပါသည်။ လုံခြုံမှုမရှိသော၊ ထို့အပြင် အိုးအိမ်အခြေပျက်နေသော အိမ်ထောင်စုများသည် တာရှည်ခံသော နေအိမ်များအတွက် ငွေကုန်ကြေးကျခံပြီး ဆောက်လုပ်ခြင်း မရှိတတ်ကြချေ။ ထို့အပြင် အစိုးရ၏ စစ်တမ်းကောက်ယူရာ နမူနာစံကွက်မှာ ပါဝင်ရန် အလားအလာလည်း နည်းတတ်ပါသည်။

### ပုံ (၁၀)။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် လုံလောက်သော အမိုးအကာ ရရှိမှု [၃၆]




မြန်မာနိုင်ငံအရှေ့တောင်ပိုင်းမှာ စစ်တမ်းကောက်ယူခြင်းမှ (၂၀၁၁) ခုနှစ်အတွက် ရရှိသေ ရလဒ်များကို ဇယား (၆) မှာ မြို့နယ်အလိုက်ခွဲခြားဖေါ်ပြထားသည့်အပြင်၊ တာရှည်ခံသော အိမ်နံရံ ရရှိမှုဆိုင်ရာ အချက်အလက်အလက်များကိုပါ ဖေါ်ပြထားပါသည်။ အလွယ်ရရှိနိုင်သော ဝါးနှင့် သက်ကယ်ကို အသုံးများကြောင်း၊ တာရှည်ခံသော အိမ်ဆောက်ပစ္စည်းများကို အသုံးပြုမှုနည်းကြောင်း၊ အထူးသဖြင့် မိုင်းဆတ်နှင့် ရွှေကျင်မြို့နယ်တို့မှာ ဤသို့ အသုံးပြုမှုနည်းကြောင်း တွေ့ရှိရသည်။

### ဇယား (၆)။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် လုံလောက်သော အမိုးအကာ ရရှိနိုင်မှု (၂၀၁၁ ခုနှစ်)

| | တာရှည်ခံသော အမိုး (အဓိကအားဖြင့် သွပ်မိုး၊ သစ်ချပ်ပြား၊ သွပ်ပြား စသဖြင့်) | တာရှည်ခံသော နံရံ (အဓိကအားဖြင့် သစ်၊ အုပ်၊ ကျောက်) |
|---|---|---|
| မိုင်းဆတ် | ၁ % | ၂ % |
| ရှားတော | ၁၇ % | ၁၇ % |
| သံတောင် | ၄၁ % | ၁၄ % |
| ရွှေကျင် | ၀ % | ၂ % |
| ကော့ကရိတ် | ၃၅ % | ၅၁ % |
| ကြာအင်း ဆိပ်ကြီး | ၂၉ % | ၆၁ % |
| ရေဖြူ | ၁၇ % | ၄၀ % |
| တနင်္သာရီ | ၁၁ % | ၈ % |
| စုစုပေါင်း | ၂၀ % | ၂၅ % |


[36] IHLCA, 2011, *op. cit*., page 62.

## ၃။ ၃။ ကလေးသူငယ်များ၏ ပညာရေးနှင့် အာဟာရချို့တဲ့မှု အဆင့်များ

ကလေးသူငယ် အခွင့်အရေးအရ ကလေးသူငယ်များ ကျန်းမာခြင်းနှင့် ပညာတတ်ခြင်းသည် လူသားတိုးတက်ဖွံ့ဖြိုးမှု၏ အကျိုးရလဒ်ကောင်းဖြစ်သည် သာမက၊ အနာဂတ် စားဝတ်နေရေးအခက်အခဲများကို ဖြေရှင်းရေးတွင် နောက်မျိုးဆက်၏ စွမ်းရည်အတွက် အလားအလာကောင်းကြောင်းကို ညွှန်ပြနေခြင်းလည်း ဖြစ်သည်။ ဤစစ်တမ်းက အကဲဖြတ်ထားသော မူလတန်းအဆင့် ကျောင်းနေနှုန်းသည် အစိုးရကိန်းဂဏန်းများက ညွှန်ပြနေသော ကျောင်းနေနှုန်းထက် သိသိသာသာ နိမ့်ကျနေကြောင်း တွေ့ရှိရပါသည်။ ကလေးသူငယ်များ အပြင်းစားအာဟာရချို့တဲ့ရောဂါနှင့် ပတ်သက်သော တွေ့ရှိချက်များသည် ကလေးသူငယ် (၅) ယောက်လျှင် တယောက်က ပိန်သည်၊ သို့မဟုတ် ကြွက်သားကိုယ်ကာယ ဆုံးရှုံးနေသည်ဟု အခိုင်အလုံ ညွှန်ပြနေခြင်း မရှိချေ။ ယခုနှစ် စစ်တမ်းက ညွှန်ပြသော အာဟာရချို့တဲ့မှုရောဂါ ဖြစ်ပွားမှုနှုန်းသည် ပြီးခဲ့သောနှစ် စစ်တမ်းက ညွှန်ပြသော ဖြစ်ပွားမှုနှုန်းထက် နည်းပါသည်။

မူလတန်း ကျောင်းနေနှုန်းနှင့်ပတ်သက်၍ တပြည်လုံးအတိုင်းအတာအရ ၈၈ %၊ တနင်္သာရီတိုင်းဒေသကြီး၏ မှာ ၈၅ % နှင့် ကယားပြည်နယ်မှာ (မယုံကြည်နိုင်လောက်စွာပင်) ၉၆ % ရှိကြောင်း အစိုးရကိန်းဂဏန်းများအရ သိရှိရပါသည်။[37] သို့ရာ တွင် ဤကိန်းဂဏန်းများ၌ ကျောင်းထွက်သွားသော (သို့မဟုတ်) ကျောင်းမှန်မှန်မတက်သော ကလေးများ မပါရှိချေ။ နယ်မြေအလိုက်ကောက်ယူသော စစ်တမ်းများအရ တွေ့ရှိရသည်မှာ မူလတန်းကျောင်းနေနှုန်းသည် ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ ၅၈%၊[38] မိုးနည်းရပ်ဝန်း ဒေသမှာ ၆၄ % [39] ဖြစ်သည်။ လွန်ခဲ့သော (၂) နှစ်အတွင်း မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းမှာ ကောက်ယူခဲ့သော ဤစစ်တမ်းအရ ဤနယ်မြေရှိ ကျောင်းမှန်မှန်တက်သော မူလတန်းကျောင်းသားအရွယ် ကလေးသူငယ်များသည် ၆၄ % ရှိကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းမှ တွေ့ရှိချက်များကို ပုံ (၁၁) တွင် မြို့နယ်အလိုက် ခွဲခြားဖော်ပြ ထားပါသည်။

**ပုံ (၁၁)။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် မူလတန်းကျောင်းတက်မှုနှုန်း (၂၀၁၁ ခုနှစ်)**




(၂၀၁၁) ခုနှစ်တွင် ဤစစ်တမ်းက မှတ်တမ်းပြုခဲ့သော ကျောင်းမနေနှုန်းများအနက် အမြင့်ဆုံးနှုန်းသည် မိုင်းဆတ်မြို့နယ်၏ ကျောင်းမနေနှုန်း ဖြစ်သည်။ ဤသို့ဖြစ်ရခြင်း၏ အဓိကအကြောင်းရင်းသည် အနီးဆုံးမှာတည်ရှိနေသော စာသင်ကျောင်းနှင့်ပင် ဝေးကွာလှမ်းနေခြင်းကြောင့်ဟု ဇယား (၇) က ညွှန်ပြနေပါသည်။ ဝေးလံသီခေါင်သော နယ်မြေဒေသများမှာအစိုးရကျောင်းများ မရှိခြင်းသည် နေရာအနှံ့အပြားမှာ တွေ့နိုင်သောပြဿနာတရပ် ဖြစ်သည်။ ဤအချက်သည် ရှမ်းပြည်နယ် တောင်ပိုင်းမှာ နယ်စပ်ဖြတ် အကူအညီဖြင့် ထောက်ပံ့ထားသော ကျောင်းအရေအတွက်သည် ကရင်၊ ကရင်နီ၊ မွန်နယ်မြေ များရှိ အထောက်အပံ့ခံ ကျောင်းများထက်နည်းသည် ဟူသောအချက်နှင့် ကိုက်ညီနေပါသည်။ ကော့ကရိတ်မြို့နယ်မှာ

---

[37] IHLCA, 2011, *op. cit.*, page 92

[38] WFP, 2011, *op. cit.*, page 26

[39] WFP, 2011a. *op. cit.*, page 29

လုံခြုံမှုမရှိခြင်းကြောင့် ကျောင်းထွက်နှုန်း မြင့်ခြင်းသည် အသစ်ဖွဲ့စည်းပြီးစ နယ်ခြားစောင့်တပ်ဖွဲ့မှ နယ်မြေခံ ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် (DKBA) တပ်ရင်းတရင်း ခွဲထွက်ပြီးချိန်နောက်ပိုင်းမှာ တိုက်ပွဲများ ဖြစ်ပွားနေခြင်းကို ထင်ဟပ်ပြနေသည်ဟု ဆိုနိုင်ပါသည်။

**ဇယား (၇)။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် ကျောင်းထွက်ရသည့် အကြောင်းအရင်း (၂၀၁၁ ခုနှစ်)**

| | ကြေးများနှင့် ကုန်ကျစရိတ်များ | အလုပ်လုပ်ရန် လိုအပ်သောကြောင့် | ဖျားနာ | ကျောင်းမရှိခြင်း– ဝေးကွာခြင်း | လုံခြုံမှု မရှိခြင်း |
|---|---|---|---|---|---|
| မိုင်းဆတ် | ၁၅ % | ၁၂% | ၉ % | ၅၄ % | ၉ % |
| ရွာတော | ၄၀ % | ၃၃ % | ၄ % | ၄ % | ၃ % |
| သံတောင် | ၅၂ % | ၃၅ % | ၀ % | ၂ % | ၁၀ % |
| ရွှေကျင် | ၂၉ % | ၅၉ % | ၃ % | ၀ % | ၃ % |
| ကော့ကရိတ် | ၁၆ % | ၄ % | ၁၆ % | ၀ % | ၅၆ % |
| ကြာအင်းဆိပ်ကြီး | ၅၀ % | ၁၅ % | ၁၀ % | ၀ % | ၀ % |
| ရေဖြူ | ၁၈ % | ၉ % | ၃၆ % | ၀ % | ၁၈ % |
| တနင်္သာရီ | ၂ % | ၁၀ % | ၅၇ % | ၁၂ % | ၀ % |
| စုစုပေါင်း | ၂၇ % | ၂၃ % | ၁၆ % | ၁၃ % | ၁၁ % |

ကလေးသူငယ်များ၏ အပြင်းစားအာဟာရချို့တဲ့မှု (ပိန်လှီခြင်း) ကို တိုင်းတာစစ်ဆေးခြင်းတွင် ကလေးသူငယ်များ၏ လောလောဆယ် ကိုယ်အလေးချိန်ကျဆင်းမှုကို တိုင်းတာခြင်း ပါဝင်သည်။ ထို့အပြင် ဤနည်းကို အများပြည်သူတို့၏ ရောဂါဖြစ်ပွားနိုင်ဖွယ်ရှိမှုနှင့် သေဆုံးနိုင်ဖွယ်ရှိမှုတို့ကို အကဲခတ်ရာတွင်လည်း သွယ်ဝိုက်တိုင်းတာခြင်းနည်းအဖြစ် အများကလက်ခံထားကြသည်။ ကလေးသူငယ်များ၏ အရပ်အတွက်ရှိသင့်သော ကိုယ်အလေးချိန်အဆင့်အတန်းကို တိုင်းတာစစ်ဆေးကြည့်ခြင်း (measuring the weight-for-height status) သည် ကောင်းမွန်သော ညွှန်ပြနည်းဖြစ်ပါသည်။ သို့ရာတွင် တံတောင်ဆစ်အထက် လက်မောင်းလုံးပတ်ကို တိုင်းတာကြည့်ခြင်း (mid-upper arm circumference measurements-MUAC) စစ်တမ်းကောက်ယူနည်းသည် အပြင်းစားအာဟာရချို့တဲ့မှုကို သတ်မှတ်ရေးအတွက် သီးခြားလွတ်လပ်သော စံချိန်ဖြစ်သည့်အပြင်၊ ရောဂါဖြစ်ပွားမှုနှုန်းကို ညွှန်ပြရာ၌လည်း အကောင်းဆုံးနည်း ဖြစ်သည်။ (MUAC) အတွက် မကြာသေးမီကပင် ပြန်လည်မွမ်းမံထားသော လမ်းညွှန်ချက်များသည် အသက် (၆ – ၅၉) လ အရွယ်ကလေးသူငယ်များကို စစ်ဆေးရန် နှင့် စံချိန်အဖြစ် တိတိကျကျ သတ်မှတ်ထားသောနှုန်းများ (standard cut-off rates) အရ အဆင့်ခွဲထားသော ရလဒ်များကို ဖေါ်ပြပေးရန် အကြံပြုထားသည်။[၄၀]

ဝေးလံသီခေါင်သော နယ်မြေဒေသများသို့ တိုင်းတာရေးကိရိယာများ သယ်ဆောင်သွားရန်ခက်ခဲခြင်းနှင့် ရှုပ်ထွေးနေသော အရေးပေါ် အခြေအနေတို့ကြောင့် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် မြန်မြန်ဆန်ဆန်အကဲဖြတ်နိုင်သော လုပ်နည်းအဖြစ် (MUAC) စစ်ဆေးမှုများကို လုပ်ခဲ့ပါသည်။ သို့ရာတွင် ဤစစ်တမ်းသည် အသက်(၁၂–၅၉) လ အရွယ်ကလေးသူငယ်များကို စစ်ဆေးရန် အကြံပြုထားသော လမ်းညွှန်ချက်အဟောင်း[၄၁] အပေါ်မှာ အခြေခံခဲ့ပါသည်။ နောက်ထပ်ပြဿနာတခုမှာ မြန်မာနိုင်ငံရှိ အပြင်းစားအာဟာရချို့တဲ့မှုနှင့် ပတ်သက်၍ နှိုင်းယှဉ်စရာ အချက်အလက်များရရှိမှု အလွန်နည်းခြင်းပင် ဖြစ်ပါသည်။ စစ်တမ်းအများစုသည် ရေရှည်ကြီးထွားမှု အကြောင်းအချက်များ (သို့မဟုတ်) အရပ်အတွက်ရှိသင့်သော ကိုယ်အလေးချိန် အဆင့်အတန်းတို့နှင့် ဆက်စပ်နေသော နာတာရှည် အာဟာရချို့တဲ့ရောဂါကို အကဲဖြတ်ရန်အတွက် အရပ်အတွက်ရှိသင့်သော


[40] The Sphere Project, 2011, Humanitarian Charter and Minimum Standards in Humanitarian Response, page 221. www.sphere-project.org (accessed 16 September 2011)

[41] The Sphere Project, 2004, Humanitarian Charter and Minimum Standards in Disaster Response, p183.

ကိုယ်အလေးချိန် အဆင့်အတန်း (နာတာရှည်အာဟာရချို့တဲ့ရောဂါတို့ နှစ်ခုစလုံးအတွက် ညွှန်ပြချက်အဖြစ် ၎င်းကို အသုံးပြုနိုင်သည်) ကို တိုင်းတာစစ်ဆေးကြသည်။

ပုံ (၁၂) က မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် အပြင်းစားအာဟာရချို့တဲ့မှုနှင့်ပတ်သက်၍ မကြာသေးမီက လုပ်ခဲ့သော စစ်တမ်းကောက်ယူမှု၏ ရလဒ် (၃) မျိုးကို နှိုင်းယှဉ်ဖော်ပြထားပါသည်။ လွန်ခဲ့သော (၂) နှစ်အတွင်း ကောက်ယူခဲ့သည့် **(TBBC)** ၏ စစ်တမ်းများအရ တွေ့ရှိသော ကလေးသူငယ်များ၏ ပိန်လှီမှုနှုန်းသည် ကျေးရွာကျန်းမာရေးလုပ်သားများ ကောက်ယူခဲ့သည့် ပို၍စုံလင်သော အိမ်ထောင်စုစစ်တမ်း (၂၀၁၀ ခုနှစ်ထုတ်) ရလဒ်များ၏ ကလေးသူငယ်များပိန်လှီမှုနှုန်းထက် သိသိသာသာ ပိုနိမ့်သည်။ **(TBBC)** ၏ မိတ်ဖက်လူမှုအဖွဲ့များသည် နမူနာစံကွက်အတွင်းရှိ ကလေးသူငယ် အားလုံးကို စစ်ဆေးခဲ့သည် မဟုတ်ချေ။ အကြောင်းမှာ အသက်အရွယ်နှင့်ပတ်သက်သော ဒီဇိုင်းပုံစံအမှားကြောင့် လည်းကောင်း၊ အိမ်ထောင်စုအတွက် ဖြေကြားပေးသူများသည် စစ်တမ်းကောက်ယူသောအချိန်တွင် ဖြေကြားမည့်နေရာသို့ ကလေးအားလုံးကို ခေါ်လာခဲ့သည် မဟုတ်သောကြောင့်လည်းကောင်း ဖြစ်ပါသည်။ ဤအတွက်ကြောင့်၊**(TBBC)** ၏ အချက်အလက်များက ကလေးသူငယ်များ၏ အပြင်းစား အာဟာရချို့တဲ့မှု အမှန်တကယ် ဖြစ်ပွားမှုနှုန်းကို ဖော်ပြရာ၌ လျော့နည်းသွားခဲ့ခြင်း ဖြစ်သည်ဟု ဆိုနိုင်သည်။ ကောက်ချက်ချရာ၌ အသုံးပြုသော စံချိန်မီ ညွှန်ပြချက်များအရဆိုလျှင်၊ ဤသီးခြားလွတ်လပ်သော စစ်တမ်းကောက်ယူမှု နှစ်ခုပေါင်း၏ ရလဒ်များက ညွှန်ပြနေသည်မှာ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း၏ အများပြည်သူ့ကျန်းမာရေးစနစ်သည် "ညံ့ဖျင်း"သော အခြေအနေမှာ ရှိသည့်အပြင်၊ "စိုးရိမ်စရာ"အခြေအနေမှာ ရှိသည်ဟုလည်း ဆိုနိုင်သည်။

**ပုံ (၁၂)။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် ကလေးငယ်များ အာဟာရချို့တဲ့မှုနှုန်း**[၄၂]




## ၃။ ၄။ စိုက်ပျိုးမြေနှင့် လယ်လုပ်ကရိယာ ပိုင်ဆိုင်မှုများ


ကျေးလက်ဒေသစီးပွားရေး၌ လယ်ယာမြေနှင့် လယ်လုပ်ကရိယာ ရရှိရေးသည် ရိက္ခာလုံခြုံမှုနှင့် တည်ငြိမ်သော အသက်မွေး ဝမ်းကျောင်းမှုတို့အတွက် မရှိမဖြစ်လိုအပ်သော အကြောင်းအချက်များ ဖြစ်သည်။ အိမ်ထောင်စုအလိုက်စစ်တမ်း ကောက်ယူမှု၏ ရလဒ်များအရသိရသည်မှာ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ အိမ်ထောင်စု (၃) ပုံ (၁) ပုံသာလျှင် ဝမ်းစာစိုက်ပျိုးရေးအတွက် မြေယာလုံလောက်သည်ဟူ၍ ဖြစ်သည်။ အိမ်ထောင်စု (၆) စုတွင် (၁) စုသာလျှင် ရေသွင်းလယ်စိုက်ပျိုးနိုင်ကြသည်။ ရွှေ့ပြောင်းတောင်ယာကို အားထားရမှု များသည့်သဘောပင် ဖြစ်သည်။ ခိုင်းကျွဲနွားနှင့် လယ်ယာသုံးစက်ကရိယာ အသုံးပြုနိုင်မှု နည်းခြင်းကြောင့် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ စိုက်ပျိုးရေးလုပ်ငန်း၏ လုပ်အားအပြင်းအထန် စိုက်ထုတ်ရခြင်းနှင့် ဝမ်းစာ အတွက်သာ ထုတ်လုပ်ခြင်းသဘောကို ထင်ဟပ်ပြနေပါသည်။

[42] BPHWT etal, 2010, Diagnosis Critical: Health and Human Rights in Eastern Burma, http://www.backpackteam.org/?p=730 (accessed 16 September 2011)

အစိုးရ၏ တွက်ချက်မှုအရဆိုလျှင် မြန်မာနိုင်ငံတဝှမ်းလုံးရှိ တောင်သူလယ်သမား အိမ်ထောင်စု ၂၄ % သာလျှင် မြေမဲ့ယာမဲ့များဖြစ်သည်။[၄၃] ဤစစ်တမ်းက မြန်မာနိုင်ငံအရှေ့တောင်ပိုင်းမှာလည်း ဤနှုန်းအတိုင်း တွေ့ရှိသည်။ ရခိုင်ပြည်နယ် မြောက်ပိုင်းနှင့် မိုးနည်းရပ်ဝန်းဒေသတို့တွင် မြေမဲ့ယာမဲ့နှုန်းသည် သည့်ထက်များစွာပိုကြောင်း ပုံ (၁၃) က ဖေါ်ပြနေပါသည်။ မြန်မာနိုင်ငံရှိ တောင်သူလယ်သမား အိမ်ထောင်စုတစုအတွက် ဝမ်းစာစပါးလုံလောက်အောင် စိုက်ပျိုးမည်ဆိုလျှင် အနည်းဆုံးအားဖြင့် လယ်မြေ (၂) ဧက လိုအပ်သည်ဟု ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်အဖွဲ့ (World Food Program) က ဆိုပါသည်။[၄၄] မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် အိမ်ထောင်စု ၃၅ % သာလျှင် ဤပျမ်းမျှလယ်မြေ လိုအပ်ချက်အတိုင်း ပြည့်မှီပါသည်။ မိုးနည်းရပ်ဝန်းဒေသ၌ အိမ်ထောင်စု ၄၈ % ပြည့်မှီပြီး၊ ရခိုင်ပြည်နယ်မြောက်ပိုင်း၌မူ အိမ်ထောင်စု ၁၈%သာ ပြည့်မှီပါသည်။ ဤသို့နယ်မြေဒေသ ပေါ်မူတည်ပြီး ကွာခြားခြင်းသည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် လူနေထူထပ်မှုနှုန်း နိမ့်ခြင်း၊ လယ်စပါးစိုက်ပျိုးရေးအတွက် မြေပြန့်လယ်မြေနည်းခြင်း၊ မြေယာအသုံးပြုမှုအတွက် အစိုးရက ဥပဒေစည်းကမ်းဖြင့် ကောင်းစွာ စီမံအုပ်ချုပ်နိုင်စွမ်းမရှိခြင်းတို့ကို ထင်ဟပ်ပြနေပါသည်။

လုပ်စားစရာလယ်ယာမြေ နည်းရသည့်အပြင် မိုးကြီးမှုကြောင့်လည်း ပို၍ဆိုးသွားတတ်သည်။ ရေသွင်း၊ ရေနုတ်မြောင်းများ အလုံအလောက်မရှိသဖြင့် လယ်မြေများ ရေလွှမ်းခံရလေ့ရှိသည်။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းနှင့် ရခိုင်ပြည်နယ်မြောက်ပိုင်း တို့မှာထက် မိုးနည်းရပ်ဝန်းဒေသမှာ ရေသွင်း၊ ရေနုတ်မြောင်းများကို သိသိသာသာပို၍ အသုံးပြုနိုင်ကြောင်း ပုံ (၁၃) တွင် ညွှန်ပြထားပါသည်။ ရေသွင်းရေနုတ်မြောင်းများ အသုံးပြုနိုင်မှုနှုန်းနည်းသော်လည်း ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် လယ်သမားအိမ်ထောင်စု (၄) ပုံ (၃) ပုံခန့်သည် နှစ်သီးစားအဖြစ် လယ်စပါးနှင့် အာလူးကို စိုက်ပျိုးကြသည်။[၄၅] မြေပြန့်မှာ မိုးစပါးစိုက်ပျိုးနိုင်မှုနှုန်းနှင့် စပါးအပြင် သီးထပ်စိုက်ပျိုးနိုင်မှုနှုန်းသည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် နည်းသည်။ ဤဒေသတွင် တောင်ကုန်းများပေါ်မှာ စိုက်ပျိုးသော ရွှေ့ပြောင်းတောင်ယာအလုပ်ကို လုပ်ကိုင်သူပိုများသည်။ စိုက်ပျိုးပြီး မြေကို (၄-၇) နှစ် ပလပ်ထားပြီးနောက်၊ ဖုန်းဆိုးတောများက မြေသြဇာပြန်ဖြည့်ပေးပြီးမှ တောင်ယာအသစ်ပြန်ခုတ်ပြီး စိုက်ပျိုးစရာ မြေအလုံအလောက်ရှိမှသာလျှင် ရွှေ့ပြောင်းတောင်ယာလုပ်ငန်းကို ရေရှည်လုပ်နိုင်ပါသည်။

**ပုံ (၁၃)။ မြန်မာနိုင်ငံ၏ သီးသန့်ရွေးချယ်ထားသောနေရာများတွင် စိုက်ပျိုးမြေ ရရှိနိုင်မှု အခြေအနေ [၄၆]**




ဇယား (၈) က မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် စိုက်ပျိုးမြေရရှိမှုကို မြို့နယ်အလိုက် ခွဲခြားဖေါ်ပြထားပါသည်။ မြေယာမဲ့မှု နှင့် ပတ်သက်၍ ရလဒ်အမျိုးမျိုး ကွဲပြားနေသော်လည်း မြို့နယ်အားလုံးရှိ စစ်တမ်းကောက်ယူခြင်းခံရသော အိမ်ထောင်စုများ၏ ထက်ဝက်နီးပါးမှာ မြေမဲ့နေခြင်း (သို့မဟုတ်) လုပ်စားစရာမြေ (၂) ဧကထက် နည်းနေခြင်းကို တွေ့ရှိရပါသည်။

[43] IHLCA, 2011, *op. cit.*, page 43.

[44] WFP, 2011, *op. cit.*, page 7, and WFP, 2011a, *op. cit.*, page 6.

[45] WFP, 2011, *op. cit.*, page 11

[46] WFP, 2011, *op. cit.*, page 21, and WFP, 2011a, *op. cit.*, page 25.


သံတောင်မြို့နယ်သည် စိုက်မြေရရှိမှုအများဆုံး မြို့နယ်ဖြစ်ကြောင်း တွေ့ရှိရသည်။ နှစ်ရှည်ခံသော ကွမ်းသီးခြံ၊ ဒူးရင်းခြံ၊ ဖာလာခြံများ စိုက်ပျိုးသည်ဟူသော အချက်နှင့် ကိုက်ညီနေပါသည်။ သို့ဖြစ်သည့်တိုင် သံတောင်မြို့နယ်၌ ရိက္ခာလုံခြုံမှု အရိပ်လက္ခဏာ များစွာမရှိချေ။ အကြောင်းမှာ ရေသွင်း၊ ရေနုတ်မြောင်းများ မရှိသလောက်ပင် နည်းပါးနေသောကြောင့် ဖြစ်သည်။ ရွှေကျင်မြို့နယ်ရှိ အိမ်ထောင်စုများ၏ ပြောပြချက်အရ ထိုမြို့နယ်သည် စိုက်ပျိုးမြေနှင့် ရေသွင်းရေနုတ်မြောင်းများ ရရှိရေးမှာ အခက်အခဲဆုံး မြို့နယ်ဖြစ်ကြောင်း သိရသည်။ ဤအချက်သည် 'ရှေ့တန်း' စစ်မျက်နှာမှာ ရှိနေကြသော ကျေးရွာများအဖို့ လုံခြုံမှုမရှိခြင်း၊ တပါတည်းမှာပင် အစိုးရ၏ စည်းမျဉ်းစည်းကမ်းများနှင့် မြန်မာစစ်တပ်၏ သူပုန်နှိမ်နင်းရေး လုပ်ဆောင်ချက်များအောက်မှာ နေထိုင်နေရခြင်း အကြောင်းတို့နှင့် ကိုက်ညီနေပါသည်။

ဇယား (၈)။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် စိုက်ပျိုးမြေ ရရှိနိုင်မှု (၂၀၁၁ ခုနှစ်)

| | မြေမဲ့ | ၂ ဧကထက် လျော့နည်းရရှိ | ရေသွင်းတူးမြောင်းစနစ် ရရှိ |
|---|---|---|---|
| မိုင်းဆတ် | ၁၂% | ၅၅ % | ၂၃ % |
| ရှားတော | ၈ % | ၅၅ % | ၃၄ % |
| သံတောင် | ၁ % | ၄၈ % | ၁ % |
| ရွှေကျင် | ၃၁ % | ၆၄ % | ၀ % |
| ကော့ကရိတ် | ၅၅ % | ၁၀ % | ၁၆ % |
| ကြာအင်းဆိပ်ကြီး | ၃၂ % | ၅၂ % | ၂၅ % |
| ရေဖြူ | ၃၉ % | ၂၀ % | ၂၆ % |
| တနင်္သာရီ | ၁၉ % | ၃၂ % | ၅ % |
| စုစုပေါင်း | ၂၃ % | ၄၂ % | ၁၅ % |

ပုံ (၁၄) က လယ်လုပ်ကရိယာ ရရှိမှုနှင့်ပတ်သက်၍ လွန်ခဲ့သော (၂) နှစ်အတွင်း မြန်မာနိုင်ငံအရှေ့တောင်ပိုင်းမှ တွေ့ရှိ ချက်များကို ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ အလားတူ စစ်တမ်းကောက်ယူမှုမှ ရရှိခဲ့သောတွေ့ရှိချက်များနှင့် နှိုင်းယှဉ်ဖေါ်ပြ ထားပါသည်။ ဤနယ်မြေဒေသများ၌ ငွေအရင်းအနှီးမဲ့ခြင်းက သမရိုးကျ လယ်လုပ်ကရိယာနှင့် ကာယအလုပ်ကို အားထား၍ လုပ်ကိုင်စားနေရခြင်းမှာ ပေါ်လွင်နေပါသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ လယ်ယာသုံးစက်ကရိယာ ရရှိမှုပိုများပြီး၊ မြန်မာနိုင်ငံအရှေ့တောင်ပိုင်း၌မူ ခိုင်းကျွဲနွားရရှိမှု ပိုများသည်။

ပုံ (၁၄)။ မြန်မာနိုင်ငံ၏ သီးသန့်ရွေးချယ်ထားသော နေရာများ၌ ကုန်ထုတ်ပစ္စည်း ပိုင်ဆိုင်ရရှိမှု အခြေအနေ (၂၀၁၀–၁၁)[၄၇]




47 WFP, 2011, *op. cit.*, page 25.

ဇယား (၉) တွင် အများအသုံးပြုကြသော သမရိုးကျ လယ်လုပ်ကရိယာများသုံးစွဲမှုကို မြို့နယ်အလိုက်ခွဲခြားဖော်ပြသည့်အပြင်၊ မြို့နယ် (၂) မြို့နယ်၏ ထူးခြားချက်ကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။ ခိုင်းကျွဲနွားနှင့် လယ်ယာသုံးစက်ကရိယာ ရရှိမှုကို ကော့ကရိတ်နှင့် ကြာအင်းဆိပ်ကြီးမြို့နယ်တို့တွင် အများဆုံးတွေ့ရသည်။ ဤအချက်သည် ဤမြို့နယ်များ၌ မြေနိမ့်စပါးစိုက် လယ်မြေများခြင်း၊ လွန်ခဲ့သော နှစ်အနည်းငယ်အတွင်းက လယ်ထွန်စက်အသေးစားများကို မဝယ်မနေရ ဝယ်ခဲ့ရခြင်းဟူသော အချက်များနှင့် ကိုက်ညီနေပါသည်။ လက်လုပ်ကရိယာများနှင့် အထူးသဖြင့် ယက်ကန်း သို့မဟုတ် ဂျပ်ခုတ်ယက်ကန်း တို့သည် ရွှေကျင်မြို့နယ်တွင် တွေ့ရလေ့ရှိပြီး၊ အခြားနေရာများ၌ မရှိသလောက်ပင် ဖြစ်သည်။ ဤကရိယာများသည် စကောကရင်တို့၏ ယဉ်ကျေးမှုအမွေ ဆက်လက်ထိန်းထားခြင်းကို ထင်ဟပ်ပြနေပါသည်။

**ဇယား (၉)။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် ကုန်ထုတ်လုပ်ရေး ပစ္စည်း ပိုင်ဆိုင်ရရှိမှု အခြေအနေ (၂၀၁၁ ခုနှစ်)**

| | ရေရှားဒေသများနေ တိရိစ္ဆာန်များ | လယ်ယာသုံး စက်ကရိယာ | လယ်လုပ် ပစ္စည်း | လက်မှုကုန်ထုတ် ပစ္စည်း |
|---|---|---|---|---|
| မိုင်းဆတ် | ၇ % | ၈ % | ၉၀ % | ၁ % |
| ရှားတော | ၄ % | ၄ % | ၇၄ % | ၀ % |
| သံတောင် | ၁ % | ၅ % | ၉၉ % | ၀ % |
| ရွှေကျင် | ၁ % | ၁ % | ၉၉ % | ၄၈ % |
| ကော့ကရိတ် | ၂၆ % | ၃၅ % | ၉၉ % | ၀ % |
| ကြာအင်းဆိပ်ကြီး | ၃၅ % | ၂ % | ၈၉ % | ၀ % |
| ရေဖြူ | ၅ % | ၅ % | ၈၇ % | ၀ % |
| တနင်္သာရီ | ၂၂ % | ၃ % | ၇၄ % | ၀ % |
| စုစုပေါင်း | ၁၇ % | ၈ % | ၉၂ % | ၆ % |

## ၃။ ၅။ အိမ်ထောင်စုဝင်ငွေ၊ အသုံးစရိတ်နှင့် ကြွေးမြီ


မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ အိမ်ထောင်စု စီးပွားရေးများ၏ အားနည်းချက်နှင့် ခံနိုင်ရည်ရှိမှုတို့ကို ချုပ်ယူနိုင်ရန်အလို့ငှာ ငွေသားဝင်ငွေနှင့် အသုံးစရိတ်ဆိုင်ရာ ညွှန်ပြကိန်းများတွင် ကွဲပြားပိုင်ဆိုင်မှုနှင့် ကြွေးမြီဆိုင်ရာ အကဲဖြတ်ချက်များကို ပေါင်းထည့်ပါသည်။ အိမ်ထောင်စု (၄) ပုံ (၁) ပုံက လွန်ခဲ့သော (၁) လအတွင်းမှာ ငွေသားဝင်ငွေ လုံးဝမရှိကြောင်း ပြောပြကြပါသည်။ အိမ်ထောင်စု (၆) စုတွင် (၁) စုကသာလျှင် ဝင်ငွေဝင်လမ်း မည်မည်ရရရှိကြောင်း ဖော်ပြကြပါသည်။ လစဉ် အိမ်ထောင်စု အသုံးစရိတ်ကို အတော်အတန်အဆင့်အတန်းနိမ့်သော အစားအသောက်အတွက် သတ်မှတ်ထားကြသည်။ ဤအိမ်ထောင်စု ကြွေးမြီ၏ ၆၅% သည် စားစရာအလွန်ချို့တဲ့မှုကြောင့် တင်နေရခြင်းဖြစ်သည်။ ဝမ်းစာရရှိရေးလုပ်ငန်းများသည် ဘဝရပ်တည်ရေး အတွက် အားထား၍ မရနိုင်ကြောင်း၊ ရရှိသော ငွေသားဝင်ငွေပမာဏသည် စားစရိတ်ကို ဖြည့်ဆည်းမပေးနိုင်လောက်အောင်ပင် နည်းလှကြောင်း ပေါ်လွင်နေပါသည်။

ပုံ (၁၅) က မြန်မာနိုင်ငံထဲမှ သီးသန့်ရွေးချယ်သတ်မှတ်ထားသော နယ်မြေဒေသများတွင် လေ့လာသိရှိထားသည့် (အိမ်ထောင်စု၏) ဝင်ငွေရ အဓိက လုပ်ငန်းများကို နှိုင်းယှဉ်ဖော်ပြထားပါသည်။ ကျပန်းအလုပ်သည် အရေးကြီးဆုံး ဝင်ငွေရ လုပ်ငန်း ဖြစ်သည်ဟု နယ်မြေ (၃) ခုစလုံးမှာ ဖော်ပြခဲ့ကြသည်။ ဤအချက်သည် တတိုင်းပြည်လုံးမှာ ဖြစ်ပွားနေသော အခြေအနေနှင့် ကိုက်ညီနေသည့်အပြင်၊ အလုပ်လုပ်စရာရှိသော ရာသီများမှာသာ အလုပ်ရှိကြောင်း ဖော်ပြနေပါသည်။[၄၈] ရခိုင်ပြည်နယ် မြောက်ပိုင်းနှင့် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ အိမ်ထောင်စု ရာခိုင်နှုန်းအတော်များများက ထင်းကဲ့သို့သော သစ်တောထွက် ပစ္စည်းများ ရှာဖွေရောင်းချခြင်းကို အားထားနေရပါသည်ဟု ဖော်ပြကြသည်။

[48] IHLCA, 2011, *op. cit.*, page 37

ဤအချက်သည်လည်း စားဝတ်နေရေး အခြေမခိုင်ပုံကို ပေါ်ပြနေပါသည်။ သီးနှံစိုက်ပျိုးရေးလုပ်ငန်း၊ အသေးစား အရောင်းအဝယ်လုပ်ငန်း ကဲသို့သော သည့်ထက် အားထားလောက်စရာ ဝင်ငွေရလုပ်ငန်းများကို လုပ်ကိုင်သူ အိမ်ထောင်စုများသည် မိုးနည်းရပ်ဝန်း ဒေသမှာ ၅၉ ％၊ ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ၄၀ ％ နှင့် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် ၁၇ ％ ရှိသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် မိုးနည်းရပ်ဝန်းဒေသမှ အိမ်ထောင်စုအားလုံးနီးပါးသည် (နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ) ငွေသားဝင်ငွေ တစုံတရာ ရရှိကြသော်လည်း၊ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းမှ အိမ်ထောင်စု ၂၄ ％ သည် စစ်တမ်းမကောက်မီ (၁) လအတွင်းမှာ ငွေသားဝင်ငွေ လုံးဝမရှိကြချေ။

**ပုံ (၁၅)။ မြန်မာနိုင်ငံ၏ သီးသန့်ရွေးချယ်ဖော်ပြထားသည့် နေရာများ၌ အဓိကဝင်ငွေရလမ်းပြပုံ [၄၉]**




(၂၀၁၁) ခုနှစ်၊ စစ်တမ်းကောက်ယူမှု၏ ရလဒ်များကို ဇယား (၁၀) တွင် မြို့နယ်အလိုက်ခွဲခြား ဖော်ပြထားရာ၊ ဝင်ငွေရရေး အခွင့်အလမ်းသည် သံတောင်မြို့နယ်မှာ အရှားပါးဆုံးဖြစ်ကြောင်း ညွှန်ပြနေပါသည်။ ဤအချက်သည် (၂၀၀၆) ခုနှစ်ကစ၍ တောင်ငူမြို့ပတ်ဝန်းကျင် မြေနိမ့်နယ်မြေများနှင့် သံတောင်မြို့နယ်၏ ကုန်းမြင့်နယ်မြေများအကြားတွင် သွားလာမှု၊ ကုန်သွယ်မှုတို့ကို တိုး၍ ပိတ်ပင်ကန့်သတ်ခဲ့သည်ဟူသောအချက်နှင့် ကိုက်ညီနေပါသည်။ ထို့အပြင် အများအားဖြင့် ဖူလိုင်နှင့် ဩဂုတ်လများမှာ ခူးဆွတ်ရသော သစ်သီးခြံများစိုက်ပျိုး လုပ်ကိုင်သူများခြင်းကိုလည်း ထင်ဟပ်ပြနေပါသည်။ လောလောလတ်လတ် ဝင်ငွေရသောအလုပ်ကို အများဆုံးလုပ်ကိုင်ကြသည့် မြို့နယ်များတွင် မိုင်းဆတ်နှင့် ရေဖြူမြို့နယ် တို့ ပါဝင်ပါသည်။ ရွှေကျင်မြို့နယ်၌မူ သစ်တောထွက်ပစ္စည်းများ ရှာဖွေသော အလုပ်ကို အဓိကဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်ကြသည်။ တနင်္သာရီမြို့နယ်နှင့် ရှားတောမြို့နယ်တို့၌ ကွဲပြားရောင်းချမှု သိသိသာသာ ဖြစ်ပွားသည်။ သို့ရာတွင် ဤလုပ်ငန်းသည် ရေရှည်တည်တံ့နိုင်သော ဝင်ငွေရလုပ်ငန်းလော၊ အရင်းအနှီးပစ္စည်းများကို ဖြုတ်ပစ်ခြင်းလော ဟူသည်နှင့် ပတ်သက်၍ ရှင်းရှင်းလင်းလင်း မသိရချေ။

---


[49] WFP, 2011, *op. cit.*, page 9; and WFP, 2011a, *op. cit.*, page 11.

ဇယား (၁၀)။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် အဓိကဝင်ငွေ ရရှိရာလမ်း (၂၀၁၁ ခုနှစ်)

| | ကျပန်း လုပ်အား | သစ်တောထွက် ပစ္စည်းများ ရှာဖွေခြင်း | စိုက်ပျိုးသီးနှံ များ | ကျွဲနွားများ ရောင်းချခြင်း | ကုန်သွယ်မှု အသေးစား | လွန်ခဲ့သည့်လ တွင် ဝင်ငွေငွေသား လုံးဝမရှိပါ |
|---|---|---|---|---|---|---|
| မိုင်းဆတ် | ၆၅% | ၂ % | ၂၀ % | ၀ % | ၄ % | ၁ % |
| ရှားတော | ၅၁ % | ၁၈ % | ၁ % | ၁၂ % | ၆ % | ၁၃ % |
| သံတောင် | ၄ % | ၁ % | ၅ % | ၀ % | ၄ % | ၈၆ % |
| ရွှေကျင် | ၅ % | ၈၀ % | ၁ % | ၂ % | ၄ % | ၀ % |
| ကော့ကရိတ် | ၃၃ % | ၁၀ % | ၁၄ % | ၇ % | ၁၄ % | ၅ % |
| ကြာအင်းဆိပ်ကြီး | ၂၀ % | ၄ % | ၇ % | ၄ % | ၁၉ % | ၄၃ % |
| ရေဖြူ | ၅၉ % | ၀ % | ၄ % | ၄ % | ၁၁ % | ၁ % |
| တနင်္သာရီ | ၂၃ % | ၁၀ % | ၈ % | ၁၈ % | ၁၄ % | ၂၂ % |
| စုစုပေါင်း | ၃၀ % | ၁၆ % | ၇ % | ၆ % | ၁၀ % | ၂၃ % |

ကျွဲနွားတိရိစ္ဆာန် အရင်းအနှီးပစ္စည်းသည် ဝမ်းစာအတွက် စိုက်ပျိုးလုပ်ကိုင်သော စီးပွားရေးများတွင် အများအားဖြင့် ဥစ္စာဓနတမျိုး ဖြစ်သည်။ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းနှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတို့၏ ကျွဲနွားတိရိစ္ဆာန်ပိုင်ဆိုင်မှု နှုန်းတို့ကို ပုံ (၁၆) တွင် နှိုင်းယှဉ်ဖော်ပြထားပါသည်။ အဓိကခြားနားချက်ကား ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဝက်ပိုင်ဆိုင်မှု အလွန်နည်းခြင်းပင်ဖြစ်သည်။ ထိုနယ်မြေဒေသ၌ မူဆလင်လူဦးရေများသောကြောင့် ဖြစ်သည်။ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် တိရိစ္ဆာန်အသေးစားများ ပိုင်ဆိုင်မှုသိသိသာသာများနေခြင်းက မင်္ဂလာဆောင်၊ အသုဘကဲ့သို့သော လူမှုရေးကိစ္စများတွင် အစားအစာအဖြစ် ကျွေးမွေးရန်အတွက် ကြက်၊ ဝက်မွေးရေးသည် ယဉ်ကျေးမှုအရအရေးပါကြောင်း ညွှန်ပြနေပါသည်။

**ပုံ (၁၆)။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသနှင့် ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ကျွဲနွားတိရိစ္ဆာန် ပိုင်ဆိုင်မှု**[၅၀]




ဇယား (၁၁) မှာ ဖော်ပြထားသည့် အတိုင်းပင်၊ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းမှာ စစ်တမ်းကောက်ယူခြင်းခံရသော မြို့နယ်အားလုံးမှာ ကြက်ငှက်နှင့် ဝက်မွေးခြင်းအလုပ်ကိုလုပ်သော အိမ်ထောင်စုများသည်။ ရွှေကျင်၊ သံတောင်နှင့် မိုင်းဆတ် မြို့နယ်တို့၌ ကျွဲနွားတိရိစ္ဆာန်ပိုင်ဆိုင်မှု အလွန်နည်းခြင်းသည် ဤမြို့နယ်များ၌ အိုးအိမ်အခြေပျက်မှုနှုန်း မြင့်သည်ဟူသော အချက်နှင့် ကိုက်ညီနေပါသည်။ နေရာရွှေ့ပြောင်းရသောအခါ၌ တိရိစ္ဆာန်များကို ပြောင်းရွှေ့ရာနေရာသို့ ယူသွားခြင်းမရှိဘဲ ရောင်းချပစ်လေ့ရှိသည်။ နေရာသစ်သို့ ရောက်သောအခါ၌ အစားပြန်ဝယ်ရမည့် ဈေးနှုန်းက မတတ်နိုင်သော ဈေးနှုန်းဖြစ်နေလေ့ရှိသည်။


[50] WFP, 2011, *op. cit.*, page 25.

ဇယား (၁၁)။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသ၌ အိမ်ထောင်စုတခုလျှင် ကျွဲနွားတိရိစ္ဆာန် ပျမ်းမျှ ပိုင်ဆိုင်မှု

| | ကြက်ငှက် | ကျွဲနွား | ဆိတ် | ဝက်များ |
|---|---|---|---|---|
| မိုင်းဆတ် | ၈၁ % | ၆ % | ၁ % | ၆၈% |
| ရှားတော | ၉၁ % | ၄၆ % | ၀ % | ၆၈ % |
| သံတောင် | ၇၅ % | ၁ % | ၃ % | ၄၈ % |
| ရွှေကျင် | ၉၂ % | ၀ % | ၈ % | ၄၈ % |
| ကော့ကရိတ် | ၇၀ % | ၄၄ % | ၇ % | ၃၂ % |
| ကြာအင်းဆိပ်ကြီး | ၈၉ % | ၃၁ % | ၇ % | ၆၇ % |
| ရေဖြူ | ၉၃ % | ၂၀ % | ၀ % | ၃၀ % |
| တနင်္သာရီ | ၈၇ % | ၃၆ % | ၂၂ % | ၆၄ % |
| စုစုပေါင်း | ၈၄ % | ၂၄ % | ၆ % | ၅၃ % |

ဆင်းရဲမွဲတေမှု လျော့ပါးသက်သာသွားသည်နှင့်အမျှ အိမ်ထောင်စု၏ အစားအသောက်အတွက် ကုန်ကျစရိတ်သည် လည်း လျော့ကျသွားသည်ဟု ယေဘုယျအားဖြင့် ယူဆထားလေ့ရှိသည်။ မြန်မာနိုင်ငံရှိ သာမန်အိမ်ထောင်စုတစုသည် လစဉ် ကုန်ကျစရိတ်၏ ၆၅ %ကို အစားအသောက်အတွက် သတ်မှတ်ကြောင်း အစိုးရကိန်းဂဏန်းများက ညွှန်ပြနေပါ သည်။ သို့ရာတွင် ဆင်းရဲမွဲတေမှုနှင့် အစားအသောက်အတွက်ကုန်ကျစရိတ်တို့သည် တိုက်ရိုက်ဆက်စပ်မှုရှိနေသည် ဟူသော သဘောတရားကို ဆက်လက်ထောက်ခံခြင်းမပြုချေ။[51] သီးခြားလွတ်လပ်သော စစ်တမ်းများကလည်း ဤသဘောတရားနှင့် ပတ်သက်၍ သံသယပွားစေပါသည်။ အခြားသော ညွှန်ပြကိန်းများအရ မြန်မာနိုင်ငံအရှေ့တောင် ပိုင်းနှင့် ရခိုင်ပြည်နယ် မြောက်ပိုင်းတို့သည် မြန်မာနိုင်ငံ၏ ဒုက္ခအရောက်ဆုံးနှင့် အဆင်းရဲဆုံးနယ်မြေဒေသများဖြစ်ကြောင်း တွေ့ရှိရစေကာမူ၊ ဤ နယ်မြေဒေသများ၏ အစားအသောက် ကုန်ကျစရိတ်၏ အချိုးအစားကို (ပုံ ၁၇ မှာ ဖေါ်ပြထား သည့်အတိုင်း) တပြည်လုံး၏ ပျမ်းမျှအချိုးအစားထက် လျော့နည်းစွာ ဖေါ်ပြထားပါသည်။

**ပုံ (၁၇)။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းနှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် အိမ်ထောင်စုအလိုက် အသုံးစရိတ်**[52]




ဤသို့သဘောတရားနှင့် လက်တွေ့တို့ သိသိသာသာ ကွာဟနေရခြင်း၏ အကြောင်းရင်းတခုကား အစားအသောက် ကုန်ကျစရိတ် နှင့်ပတ်သက်သော ပိုင်းခြားသုံးသပ်မှုသည် ပစ္စည်းချင်းဖလှယ်မှု (barter exchange) အပေါ် အခြေခံသော ဝမ်းစာလောက်ရုံ ထုတ်လုပ်ရေးလုပ်ငန်းတွင် အရာမရောက်ဟူသော အချက်ပင်ဖြစ်သည်။ ဤအကြောင်းရင်းကို မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းမှ ကိန်းဂဏန်းများက (ဇယား (၁၂) မှာ (မြို့နယ်အလိုက် ခွဲခြားဖေါ်ပြထားသည့်အတိုင်း) ထောက်ခံ

[51] IHLCA, 2011, *op. cit.*, page 18.

[52] WFP, 2011, *op. cit.*, page 25.


ပေးနေပါသည်။ ဈေးကွက်စီးပွားရေးထဲမှာ ဝင်ဆံ့မှုအရှိဆုံးလည်းဖြစ်သော ရေဖြူနှင့် ရွှေကျင်မြို့နယ်တို့တွင် အစားအသောက်ကုန်ကျစရိတ်အချိုးအစား အများဆုံးဖြစ်ကြောင်းတွေ့ရသည်။ အလားတူပင် ကော့ကရိတ်နှင့် ကြာအင်းဆိပ်ကြီးမြို့နယ်တို့တွင် အစားအသောက် ကုန်ကျစရိတ် အချိုးအစားနိမ့်နေခြင်းသည် ဆင်းရဲမွဲတေမှု အတိုင်းအတာနိမ့်နေခြင်းကြောင့် မဟုတ်ဘဲ၊ **(DKBA)** ကရင်ဗုဒ္ဓဘာသာ ခွဲထွက်အုပ်စုနှင့် မြန်မာစစ်တပ်တို့ တိုက်ပွဲများ ပြန်ဖြစ်ချိန်ကစ၍ သွားလာမှုနှင့် ကုန်သွယ်မှုတို့အပေါ် ကန့်သတ်ချုပ်ချယ်မှုများ တိုးလာခဲ့ခြင်းကြောင့် ဖြစ်ကြောင်း ထင်ဟပ်ပြနေခြင်းဖြစ်ပါသည်။

**ဇယား (၁၂)။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် ပြီးခဲ့သည့်လအတွက် အိမ်ထောင်စု ပျမ်းမျှ အသုံးစရိတ်**

| | အစားအသောက် | ကျန်းမာရေး စောင့်ရှောက်မှု | အသုံးအဆောင်များ | အမိုးအကာ | ကြွေးမြီ | ပညာရေး |
|---|---|---|---|---|---|---|
| မိုင်းဆတ် | ၄၉% | ၁၀ % | ၁၃ % | ၁၁ % | ၇ % | ၁ % |
| ရှားတော | ၃၆ % | ၁၅ % | ၁၈ % | ၁၇ % | ၄ % | ၉ % |
| သံတောင် | ၄၇ % | ၁၃ % | ၈ % | ၃ % | ၁၂ % | ၅ % |
| ရွှေကျင် | ၆၆ % | ၁၁ % | ၉ % | ၅ % | ၁ % | ၃ % |
| ကော့ကရိတ် | ၃၅ % | ၂၀ % | ၂၆ % | ၀ % | ၁ % | ၆ % |
| ကြာအင်းဆိပ်ကြီး | ၃၃ % | ၁၀ % | ၁၂ % | ၂ % | ၆ % | ၅ % |
| ရေဖြူ | ၇၂ % | ၄ % | ၅ % | ၂ % | ၅ % | ၅ % |
| တနင်္သာရီ | ၃၃ % | ၂၂ % | ၁၁ % | ၄ % | ၄ % | ၄ % |
| စုစုပေါင်း | ၄၆ % | ၁၃ % | ၁၂ % | ၆ % | ၅ % | ၅ % |

ထို့အပြင်၊ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် ကြွေးတင်သောအခြင်းအရာက ဖော်ပြနေသည်မှာ အစားအသောက် ကုန်ကျစရိတ်အချိုးအစားသည် ဤဒေသတွင်း ဆင်းရဲမွဲတေမှုနှင့် ပတ်သက်၍ သင့်တော်သော ညွှန်ပြချက်မဟုတ် ဟူ၍ ဖြစ်ပါသည်။ ကြွေးသည် တကယ်မကောင်းသော ကိစ္စဟု မဆိုနိုင်ချေ။ ငွေချေးယူ၍ရခြင်းအားဖြင့် စားဝတ်နေရေးခက် အခက်အခဲတွေ့နေသော အချိန်မှာ ပုံမှန်စားသောက်နေကျအတိုင်း စားသောက် နေထိုင်နိုင်သည့်အပြင်၊ ဆင်းရဲတွင်းမှ ရုန်းထွက်နိုင်ရေးအတွက် ဝင်ငွေရရှိအောင် ရှာကြံနိုင်သည်ကတော့ အမှန်ပင်ဖြစ်သည်။ သို့ရာတွင် အခြေခံလိုအပ်ချက်များအတွက် တလျှောက်လုံး ကြွေးယူပြီးရင်းယူနေရန်မှာ မဖြစ်နိုင်ချေ။ ပုံ (၁၈) မှာ ဖော်ပြထားသည့်အတိုင်းပင်၊ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ ကြွေးတင်နေသော အိမ်ထောင်စုရာခိုင်နှုန်းသည် မြန်မာနိုင်ငံတဝှမ်းလုံးရှိ ကြွေးတင်နေသော ပျမ်းမျှအိမ်ထောင်စု ရာခိုင်နှုန်း၏ (၂) ဆ ရှိနေပြီး၊ ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် မိုးနည်းရပ်ဝန်းဒေသတို့ရှိ ကြွေးတင်နေသော အိမ်ထောင်စုရာခိုင်နှုန်းက သည့်ထက်ပို၍ပင် များနေပါသည်။


**ပုံ (၁၈)။ မြန်မာနိုင်ငံ၏ သီးသန့်ရွေးချယ်ထားသည့် နေရာများတွင် ကြွေးမြီတင်ရှိနေမှု** [၅၃]




[53] IHLCA, 2011, *op. cit.*, page 49; and WFP, 2011, *op. cit.*, page 13; and WFP, 2011a, *op. cit.*, page 18.

ပြဿနာကား မြန်မာနိုင်ငံအရှေ့တောင်ပိုင်း၏ အိမ်ထောင်စုကြွေးမြီကို ရိက္ခာပြတ်လပ်မှုက မီးထိုးပေးနေခြင်းပင် ဖြစ်သည်။ ရိက္ခာကိစ္စသည် ငွေချေးယူရခြင်း၏ အဓိကအကြောင်းရင်းဖြစ်သည်ဟု လွန်ခဲ့သော (၂) နှစ်အတွင်းမှာ စစ်တမ်းကောက်ယူခြင်းခံခဲ့ရသော အိမ်ထောင်စုများ၏ ၆၄% က ဖော်ပြခဲ့ကြောင်းကို ပုံ (၁၂) က ထင်ဟပ်ပြထားပါသည်။ ဤကိန်းဂဏန်းသည် မြန်မာနိုင်ငံ၏ အခြားနယ်မြေများမှ ဖော်ပြခဲ့သော ကိန်းဂဏန်းထက် အတော်အတန် ပိုနေပါသည်။ သီးနှံအထွက်တိုးရေးအတွက် လယ်ယာသုံးစရိတ်မှာ ရင်းနှီးမြှုပ်နှံမှုသည် မိုးနည်းရပ်ဝန်းဒေသမှာ သိသိသာသာ ဖြစ်ပွားပါသည်။ မြန်မာနိုင်ငံအရှေ့တောင်ပိုင်း၌မူ သိသိသာသာဖြစ်ပွားခြင်း မရှိချေ။ မြန်မာနိုင်ငံအရှေ့တောင်ပိုင်း၏ ဝမ်းစာရရှိရေးလုပ်ငန်းများသည် အိမ်ထောင်စု အတော်များများအဖို့ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခြင်းမရှိကြောင်း ဤအချက်က ညွှန်ပြနေပါသည်။ စားသုံးနေကျအတိုင်း စားသုံးနိုင်ရေးနှင့် အိမ်ထောင်စု၏ စီးပွားရေးပြိုလဲမသွားစေရေး တို့သည် ကြွေးတင်ခံရခြင်း၏ အဓိကအကြောင်းရင်းများဖြစ်သည်။

**ပုံ (၁၉)။ မြန်မာနိုင်ငံ၏ သီးသန့်ရွေးချယ်ထားသော နေရာများတွင် ကြွေးမြီတင်ရခြင်း အကြောင်းအရင်းများ [၅၄]**




(၂၀၁၁) ခုနှစ်က စစ်တမ်းကောက်ယူခဲ့သော မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ အိမ်ထောင်စုများ၏ ကြွေးမြီများအကြောင်းကို ဇယား (၁၃) တွင် လည်းကောင်း၊ ကြွေးတင်ရခြင်းအကြောင်းရင်းများကို ဇယား (၁၄) တွင်လည်းကောင်း မြို့နယ်အလိုက် ခွဲခြားဖော်ပြထားပါသည်။ ကြွေးတင်ခြင်းသည် ရေဖြူမြို့နယ်မှာ အများဆုံးဖြစ်ပွားသည်။ သို့ရာတွင် ဤမြို့နယ်သည် စိုက်ပျိုးရေးနှင့် လုပ်ငန်း အငယ်စားလေးများအတွက် ရင်းနှီးမြှုပ်နှံရန် ငွေချေးရအလွယ်ဆုံးနေရာလည်း ဖြစ်သည်။ ရိက္ခာလုံခြုံမှု ရှုထောင့်မှ ကြည့်လျှင် သံတောင်နှင့် ရွှေကျင်မြို့နယ်တို့တွင် ပြဿနာပိုကြီးသည်။ ထိုမြို့နယ်များ၌ စစ်တမ်းကောက်ယူခြင်းခံရသော အိမ်ထောင်စုများ၏ ၆၀% က မိမိတို့သည် ရိက္ခာပြတ်လပ်မှုပြဿနာကို ဖြေရှင်းရေးအတွက် ကြွေးတင်ခံခဲ့ရပါသည်ဟု ပြောပြကြသည်။ ဤအချက်သည် သူပုန်နှိမ်နင်းရေး နည်းလမ်းတရပ်အဖြစ် အရပ်သားများကို ပစ်မှတ်ထားသော ရေရှည်စစ်ဆင်ရေးများ၏ ဆိုးသည်ထက်ဆိုးလာသော အကျိုးဆက်များကို ထင်ဟပ်ပြနေခြင်း ဖြစ်ပါသည်။

**ဇယား (၁၃)။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် အိမ်ထောင်စု ကြွေးမြီတင်ရှိနေမှု အခြေအနေ (၂၀၁၁) ခုနှစ်**

| မိုင်းဆတ် | ရှားတော | သံတောင် | ရွှေကျင် | ကော့ကရိတ် | ကြာအင်းဆိပ်ကြီး | ရေဖြူ | တနင်္သာရီ |
|---|---|---|---|---|---|---|---|
| ၅၂% | ၅၄ % | ၇၄ % | ၆၅ % | ၆၀ % | ၄၉ % | ၈၆ % | ၅၅ % |

[54] IHLCA, 2011, *op. cit.*, page 49; and WFP, 2011, *op. cit.*, page 13: WFP, 2011a, *op. cit.*, page 18.

ဇယား (၁၄)။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် အိမ်ထောင်စုများ ကြွေးမြီတင်ရှိရသည့် အကြောင်းအရင်း (၂၀၁၁) ခုနှစ်

| | အစားအသောက် | ကျန်းမာရေးစောင့်ရှောက်မှု | စိုက်ပျိုးရေး/လုပ်ငန်းငယ် | ပညာရေး |
|---|---|---|---|---|
| မိုင်းဆတ် | ၉၂ % | ၃ % | ၃ % | ၀ % |
| ရွားတော | ၅၈ % | ၁၈ % | ၈ % | ၁၁ % |
| သံတောင် | ၈၇ % | ၇ % | ၀ % | ၆ % |
| ရွှေကျင် | ၈၆ % | ၁၂ % | ၀ % | ၂ % |
| ကော့ကရိတ် | ၄၅ % | ၂၄ % | ၅ % | ၄ % |
| ကြာအင်းဆိပ်ကြီး | ၅၀ % | ၂၂ % | ၁၉ % | ၆ % |
| ရေဖြူ | ၆၁ % | ၁၆ % | ၂၀ % | ၂ % |
| တနင်္သာရီ | ၄၈ % | ၃၂ % | ၄ % | ၅ % |
| စုစုပေါင်း | ၆၅ % | ၁၇ % | ၇ % | ၅ % |


## ၃။ ၆။ အစားအစာလုံခြုံမှု

အစားအစာလုံခြုံမှုတွင် ဝမ်းစာအလုံအလောက်ရရှိခြင်း၊ ကိုယ်ပိုင်ထုတ်လုပ်မှုဖြင့်လည်းကောင်း၊ ဈေးကွက်ယန္တရားဖြင့် လည်းကောင်း၊ အခြား နည်းလမ်းများဖြင့်လည်းကောင်း ရိက္ခာအလုံအလောက်ရခြင်း၊ အာဟာရလိုအပ်ချက်များ ပြည့်မီရေးအတွက် အစားအစာကို သင့်တော်စွာ စားသုံးခြင်းတို့ အကြုံးဝင်ပါသည်။ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် ဝမ်းစာအတွက် စိုက်ပျိုးလုပ်ကိုင်မှုများသော်လည်း ရိက္ခာရရှိမှု နည်းပါးသည်။ အိမ်ထောင်စု ထက်ဝက်ကျော်ကျော်ခန့်သည် စပါးအသစ်မပေါ်မီမှာ ရိက္ခာပြတ်လပ်မသွားရေးအတွက် အနည်းဆုံး (၃) လစာ ဝမ်းစာစပါးကို ဝယ်ယူခြင်းအားဖြင့်သော် လည်းကောင်း၊ ချေးယူခြင်းအားဖြင့်သော်လည်းကောင်း ပစ္စည်းဖြင့်ဖလှယ်ခြင်းအားဖြင့်သော်လည်းကောင်း ရှာကြရသည်။ အစားအစာ စားသုံးပုံက ညွှန်ပြနေသည်ကား အိမ်ထောင်စု (၃) စုအနက် တစုသာလျှင် အာဟာရလုံလောက်သော နေ့စဉ် အစားအစာကို စားကြရသည်ဟူ၍ ဖြစ်သည်။

ပုံ (၂၀) မှာ ဖေါ်ပြထားသည့်အတိုင်းပင် ကိုယ်တိုင်စိုက်ပျိုးခြင်းသည် အဓိကကျသော ဝမ်းစာစပါးရရှိရေးနည်းလမ်း ဖြစ်သည်။ ဤအချက်သည် ဝမ်းစာ စိုက်ပျိုးထုတ်လုပ်ခြင်း၏ အပေါင်းလက္ခဏာ သဘောဆောင်သော အချက်ဖြစ်သည်။ ရခိုင်ပြည်နယ်၌ ဝမ်းစာစပါးဝယ်ယူမှုအပေါ် အားထားမှုများခြင်းသည် မြေမဲ့ယာမဲ့သူများခြင်းနှင့် စိုက်ပျိုးရေးအလုပ်ထက် ကျပန်းအလုပ်အပေါ်အားထားမှု များခြင်းတို့ကို ထင်ဟပ်ပြနေပါသည်။ ဝမ်းစာစပါးရရှိရေးအတွက် ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်မှုကို အားထားနိုင်ခြင်းသည် စိုက်ပျိုးမြေရရှိနိုင်မှုနှင့် တိုက်ရိုက်ဆက်စပ်နေပါသည်။ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် အိမ်ထောင်စုများ၏ (၃) ပုံ (၂) သည် (၂) ဧက အောက်စိုက်ပျိုးမြေကိုသာ ရရှိကြသည်။ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ၏ အဆင့်ခွဲသတ်မှတ်ချက် [၅၅] အရဆိုလျှင်၊ ဤအဆင့်သည် ဝမ်းစာစပါးအတွက် ကိုယ်ပိုင်လယ်ကိုအားထားရသော အိမ်ထောင်စုများအဖို့ ရိက္ခာရရှိမှုနိမ့်နေခြင်းကို ဖေါ်ပြသောအဆင့်ဖြစ်သည်။

[55] WFP, 2011, *op. cit.*, page 6, and WFP, 2011a, *op. cit.*, page 7.

ပုံ (၂၀)။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသနှင့် ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသတွင် ဆန်စပါးပင်မ ရရှိသည့် အရင်းအမြစ် [၅၆]




(၂၀၁၁) ခုနှစ်အတွင်း မြန်မာနိုင်ငံအရှေ့တောင်ပိုင်းမှ ပြည်သူများ၏ တုံ့ပြန်ဖြေကြားချက်များကို ဇယား (၁၅) တွင် မြို့နယ်အလိုက် ခွဲခြားဖော်ပြထားပါသည်။ ဤဇယားက ရေဖြူ၊ ကော့ကရိတ်နှင့် သံတောင်မြို့နယ်တို့သည် အခြားမြို့နယ်များနှင့် ကွာခြားနေကြောင်း ညွှန်ပြနေပါသည်။ ရေဖြူနှင့် ကော့ကရိတ်နယ်တို့၌ အိမ်ထောင်စုအများစုသည် ဆန်ကို ဈေးကွက်ထဲမှ ဝယ်ယူကြသည်။ ရေဖြူမြို့နယ်၌ အိမ်ထောင်စုအသုံးစရိတ်၏ ပျမ်းမျှ ၇၃ %ကိုလည်းကောင်း၊ ကော့ကရိတ်မြို့နယ်၌ အိမ်ထောင်စုအသုံးစရိတ်၏ ပျမ်းမျှ ၃၅ %ကို လည်းကောင်း၊ ရိက္ခာအတွက် သတ်မှတ်ထားကြောင်း သိရှိရသည်။ ရေဖြူမြို့နယ်၏ အိမ်ထောင်စုအများစုသည် ရိက္ခာရရှိမှုတွင် အလယ်အလတ်အဆင့်ရှိကြောင်း၊ ကော့ကရိတ်မြို့နယ်၏ အိမ်ထောင်စုအများစုသည် ရိက္ခာရရှိမှု အဆင့်ကောင်းကြောင်း ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP) က သတ်မှတ်ပါသည်။ သံတောင်မြို့နယ်၌ အိမ်ထောင်စု ၄၀% သည် ဆန်ရရှိရေးအတွက် ဈေးငှားကြရသည်။ (၂) လအတွင်း ထိုအိမ်ထောင်စုများ ကြွေးပြန်ဆပ်နိုင်မည်၊ မဆပ်နိုင်မည်ကို မသိရသဖြင့် ထိုအိမ်ထောင်စုများ၏ ရိက္ခာရရှိမှုအဆင့်ကို သတ်မှတ်ရန် မဖြစ်နိုင်ချေ။

ဇယား (၁၅)။ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသတွင် အိမ်ထောင်စုအတွက် ဆန်စပါးရရှိသည့် အရင်းအမြစ်များ (၂၀၁၁) ခုနှစ်

| | ကိုယ်ပိုင်စပါးခင်းမှ သီးနှံ | ငွေကြေးဖြင့် ဝယ်ယူခြင်း | ဈေးစား/ ပစ္စည်းဖြင့်ဖလှယ် |
|---|---|---|---|
| မိုင်းဆတ် | ၄၅ % | ၉ % | ၃၈% |
| ရှားတော | ၅၈ % | ၂၉ % | ၁၃ % |
| သံတောင် | ၂၈ % | ၃၁ % | ၄၀ % |
| ရွှေကျင် | ၆၁ % | ၁၉ % | ၁၉ % |
| ကော့ကရိတ် | ၂၆ % | ၇၀ % | ၂ % |
| ကြာအင်းဆိပ်ကြီး | ၆၈ % | ၂၅ % | ၅ % |
| ရေဖြူ | ၁၁ % | ၈၃ % | ၄ % |
| တနင်္သာရီ | ၆၁ % | ၃၀ % | ၅ % |
| စုစုပေါင်း | ၄၆ % | ၃၇ % | ၁၅ % |

ဤအိမ်ထောင်အလိုက် စစ်တမ်းကောက်ယူမှုကို မေလနှင့် ဇွန်လများအတွင်းမှာ လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး၊ မိုးစပါးကို နိုဝင်ဘာလပတ်ဝန်းကျင်တွင် ရိပ်သိမ်းခြင်းဖြစ်ရာ ဝမ်းစာအတွက်စိုက်ပျိုးသော လယ်သမားများအဖို့ စပါးသစ်မပေါ်သေးခင်မှာ ဝမ်းစာလုံလောက်ရေးအတွက် စပါး (၆) လစာ လိုအပ်သည်။ ဇယား (၁၆) မှာ ညွှန်ပြထားသည့်အတိုင်းပင်၊ စစ်တမ်းကောက်ယူခြင်းခံရသော အိမ်ထောင်စုများ၏ ၈% သာလျှင် ဝမ်းစာလုံလောက်ကြောင်း ဖော်ပြခဲ့ကြသည်။ ၈၃ % မှာ ဝမ်းစာစပါး (၃) လစာ ပြော့ပြော့လောက်သာ ရှိသည်။ ဤသို့ဆိုခြင်းအားဖြင့် ဆန်အများစုကို ဝယ်စားရသော ၃၇ % အဖို့ ရိက္ခာလုံခြုံမှုအတွက် အခက်အခဲရှိသည်ဟုတော့ အဓိပ္ပါယ် မသက်ရောက်ချေ။ သို့ရာတွင် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ အိမ်ထောင်စု

[56] WFP, 2011, *op. cit.*, page 6.

ထက်ဝက်ကျော်ကျော်ခန့်အဖို့ ဆန်ဝယ်ခြင်း၊ ချေးငှားခြင်း ပစ္စည်းဖြင့်လဲလှယ်ခြင်းမပြုလျှင် စပါးသစ်မပေါ်မီမှာ အနည်းဆုံး (၃) လစာ ဆန်ပြတ်လပ်မှုနှင့် ကြုံတွေ့ရတော့မည့် သဘောသက်ရောက်နေပါသည်။

**ဇယား (၁၆)။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသရှိ အိမ်ထောင်စုများတွင် ဆန်စပါး သိုလှောင်ထားမှု (၂၀၁၁) ခုနှစ်**

| | မရှိ | ၁–၃၀ ရက် | ၁–၃ လ | ၄–၆ လ | ၆ လကျော် |
|---|---|---|---|---|---|
| မိုင်းဆတ် | ၁၅ % | ၆၄ % | ၁၇ % | ၃ % | ၂% |
| ရှားတော | ၂ % | ၂၈ % | ၅၅ % | ၂၀ % | ၆ % |
| သံတောင် | ၆ % | ၆၂ % | ၃၁ % | ၁ % | ၁ % |
| ရွှေကျင် | ၅ % | ၇၃ % | ၁၈ % | ၀ % | ၅ % |
| ကော့ကရိတ် | ၁ % | ၃၄ % | ၄၀ % | ၂၃ % | ၁ % |
| ကြာအင်းဆိပ်ကြီး | ၄ % | ၂၆ % | ၄၁ % | ၁၀ % | ၁၉ % |
| ရေဖြူ | ၅ % | ၈၅ % | ၁၀ % | ၀ % | ၀ % |
| တနင်္သာရီ | ၁ % | ၃၂ % | ၃၆ % | ၆ % | ၂၅ % |
| စုစုပေါင်း | ၄ % | ၄၈ % | ၃၁ % | ၉ % | ၈ % |

အစားအစာ စားသုံးမှုနှင့်ပတ်သက်သော ပိုင်းခြားသုံးသပ်မှုသည် စံချိန်မှီ လမ်းညွှန်ချက်များကို အခြေခံကာ လွန်ခဲ့သော သီတင်းပတ်အတွင်းမှာ စားသုံးခဲ့သော အစားအစာ၏ အမျိုးအစားစုံလင်မှု၊ မှန်မှန်စားသုံးမှုနှင့် အာဟာရတန်ဖိုးတို့ကို အကဲဖြတ်ခြင်းဖြစ်သည်။[57] အိမ်ထောင်စုအသီးသီး၏ ရလဒ်ကို မြန်မာနိုင်ငံ အခြားနယ်မြေဒေသများ၏ အလားတူ ပျမ်းမျှနှုန်းဖြင့် အဆင့်ခွဲသတ်မှတ်ပါသည်။ ဇယား (၁၇) တွင် လွန်ခဲ့သော သီတင်းပတ်အတွင်း စားသုံးသူအုပ်စုအသီးသီး၏ အစားအစာတမျိုး စားခဲ့သော ပျမ်းမျှရက်ကို ဖော်ပြထားပါသည်။ မြန်မာနိုင်ငံအရှေ့တောင်ပိုင်း၏ နေ့စဉ်အစားအစာ ညံ့ဖျင်းပုံကို နေ့စဉ်ဆန်စားသုံးခြင်း၊ တရက်ခြားတခါ ဟင်းသီးဟင်းရွက်စားသုံးခြင်း၊ သီတင်းပတ် တပတ်လျှင် သစ်သီး (၂) ခါ စားသုံးခြင်းတို့က ဖော်ပြနေပါသည်။ သတ်မှတ်စံမျဉ်းပေါ်ရှိ နေ့စဉ်အစားအစာကို စားသောက်သော အိမ်ထောင်စုများသည် ဟင်းသီးဟင်းရွက်နှင့် သစ်သီးကို ပို၍မှန်မှန်စားလေ့ရှိပြီး၊ ပရိုတိန်း (အသားဓာတ်) ပါသော အစားအစာကို သီတင်း တပတ်လျှင် (၂) ခါ စားလေ့ရှိသည်။ ကျေနပ်လက်ခံဖွယ် နေ့စဉ်အစားအစာကို စားသောက်သော အိမ်ထောင်စုများသည် အစားအစာကို ပို၍ စုံလင်စွာ စားလေ့ရှိပြီး၊ ပရိုတိန်း (အသားဓာတ်) ပါသော အစားအစာကို သီတင်းတပတ်လျှင် (၄) ခါ စားလေ့ ရှိကြသည်။


**ဇယား (၁၇)။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် ပျမ်းမျှ အစားအသောက်စားသုံးမှု အမှတ်ပေးဇယား (၂၀၁၁ ခုနှစ်)**

| | ဆန် | သစ်စေ့များ | အမြစ်များ–သစ်ဥများ | ပဲအမျိုးမျိုး | ဟင်းသီးရွက် | သစ်သီး | အသား | ဥများ | ငါးများ | နို့ထွက် | ဆီ–အဆီ | သကြား | ကွန်ဒီမင့် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဆင်းရဲ | ၆. ၄ | ၁. ၂ | ၀. ၅ | ၀. ၂ | ၄. ၀ | ၁. ၉ | ၀. ၂ | ၀. ၄ | ၀. ၅ | ၀. ၀ | ၃. ၄ | ၂. ၂ | ၆. ၆ |
| မျဉ်းပေါ်ရှိရုံ | ၆. ၉ | ၁. ၉ | ၂. ၁ | ၀. ၉ | ၅. ၉ | ၂. ၇ | ၁. ၀ | ၁. ၀ | ၁. ၄ | ၀. ၆ | ၂. ၅ | ၂. ၄ | ၆. ၈ |
| လက်ခံနိုင် | ၇. ၀ | ၂. ၅ | ၂. ၁ | ၁. ၉ | ၆. ၁ | ၃. ၈ | ၁. ၃ | ၁. ၉ | ၂. ၇ | ၂. ၅ | ၃. ၃ | ၃. ၄ | ၆. ၉ |
| ပျမ်းမျှ (အများဆုံး ၇ ရက်) | ၆. ၉ | ၂. ၀ | ၁. ၈ | ၁. ၂ | ၅. ၇ | ၂. ၉ | ၁. ၀ | ၁.၂၅ | ၁.၇၅ | ၁. ၂ | ၂. ၉ | ၂. ၇ | ၆. ၈ |

[57] WFP, 2008, Food Consumption Analysis : Calculation and the use of food consumption score in food security analysis, Technical Guidance Sheet, Rome.

ကျေနပ်လက်ခံဖွယ်အစားအစာကို စားသောက်သော အိမ်ထောင်စုများသည် ၃၈ ％ ၊ သတ်မှတ်စံမျဉ်းပေါ်ရှိ အစားအစာ (သို့ရာတွင် ကျေနပ်လက်ခံဖွယ်မရှိသော) အစားအစာကို စားသောက်သော အိမ်ထောင်စုများသည် ၄၉ ％၊ ညံ့ဖျင်းသော အစားအစာကို စားသောက်သော အိမ်ထောင်စုများသည် ၁၃ ％ ရှိကြောင်း ဤစစ်တမ်းက တွေ့ရှိခဲ့ပါသည်။ ဤရလဒ်များကို ပုံ (၂၁) မှာ နှိုင်းယှဉ် ဖော်ပြထားပါသည်။ မြန်မာနိုင်ငံအရှေ့တောင်ပိုင်း၏ အစားအစာ စားသောက်ပုံအဆင့်အတန်းသည် မိုးနည်းရပ်ဝန်းဒေသ၏ စားသောက်ပုံအဆင့်အတန်းထက် ပိုနိမ့်သော်လည်း၊ ရခိုင်ပြည်နယ်မြောက်ပိုင်း၏ စားသောက်ပုံ အဆင့်အတန်းထက် အနည်းငယ်သာလွန်ကြောင်း တွေ့မြင်နိုင်ပါသည်။

#### ပုံ (၂၁)။ မြန်မာနိုင်ငံ သီးသန့်ရွေးချယ်ထားသော ဒေသများရှိ အစားအသောက် စားသုံးမှု ပုံစံ [၅၈]




(၂၀၁၁) ခုနှစ်မှာ တွေ့ရှိခဲ့သော အစားအစာ စားသောက်ပုံများကို ဇယား (၁၈) တွင် မြို့နယ်အလိုက် ခွဲခြားဖော်ပြထားပါသည်။ ဤဇယားက အစားအစာ စားသောက်ရေးသည် သံတောင်နှင့် ရွှေကျင်မြို့နယ်တို့၌ ပြဿနာအကြီးဆုံးဖြစ်ကြောင်း ညွှန်ပြနေပါသည်။ ဤအချက်သည် ဤမြို့နယ်များ၌ စိုက်ပျိုးမြေရရှိနိုင်မှု၊ လက်ကျန် ဝမ်းစာစပါး၊ ဝမ်းစာပြတ်လပ်မှုကြောင့် ကြွေးတင်ခြင်းတို့အကြောင်း လေ့လာတွေ့ရှိချက်များနှင့် ကိုက်ညီနေပါသည်။ ကော့ကရိတ်နှင့် တနင်္သာရီမြို့နယ် တို့သည် အစားအစာ စားသုံးမှုတွင် အမှတ်အများဆုံးရသော မြို့နယ်များဖြစ်သည်။ ဝမ်းစာစပါး ထားရှိနိုင်မှုနှုန်းမြင့်ခြင်း၊ အစားအစာ အတွက် ကုန်ကျစရိတ်နည်းခြင်း၊ ဝမ်းစာပြတ်လပ်မှုကြောင့် ဖြစ်တတ်သော ကြွေးတင်မှုနှုန်းနိမ့်ခြင်းတို့ကို ညွှန်ပြနေပါသည်။

#### ဇယား (၁၈)။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသရှိ အစားအစာ စားသောက်မှုပုံစံ (၂၀၁၁) ခုနှစ်

| | ဆင်းရဲသောအစာ | အလယ်အလတ် စားသုံးနိုင်ယံ | လက်ခံနိုင်ဖွယ် အစားအစာ |
|---|---|---|---|
| မိုင်းဆတ် | - | - | - |
| ရှားတော | ၇％ | ၅၅ ％ | ၃၈ ％ |
| သံတောင် | ၃၈ ％ | ၆၀ ％ | ၂ ％ |
| ရွှေကျင် | ၄၀ ％ | ၅၅ ％ | ၆ ％ |
| ကော့ကရိတ် | ၅ ％ | ၂၈ ％ | ၆၇ ％ |
| ကြာအင်းဆိပ်ကြီး | ၁၅ ％ | ၃၁ ％ | ၅၄ ％ |
| ရေဖြူ | ၁ ％ | ၇၃ ％ | ၂၆ ％ |
| တနင်္သာရီ | ၃ ％ | ၃၀ ％ | ၆၇ ％ |
| စုစုပေါင်း | ၁၆ ％ | ၄၆ ％ | ၃၈ ％ |


[58] WFP, 2011, *op. cit.*, page 5; and WFP, 2011a, *op. cit.*, page 6.

## ၃။ ၇။ သက်မွေးဝမ်းကျောင်းဆိုင်ရာ ရုတ်ချည်းပြဿနာ အကျပ်အတည်းများ နှင့် ဖြေရှင်းနည်းများ

စီးပွားရေး ရုတ်ချည်း အကျပ်အတည်းကြုံရမှုများ၊ သဘာဝဘေးအန္တရာယ်များ၊ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ကြုံတွေ့ရမှု အတိုင်းအတာ အပြင်၊ ဤပြဿနာများ၏ ဆိုးကျိုးသက်ရောက်မှုများအပေါ် အိမ်ထောင်စုများဖက်က တုံ့ပြန် ဖြေရှင်းနိုင်စွမ်းတို့သည် ရိက္ခာလုံခြုံမှုအပေါ် တိုက်ရိုက်အကျိုးသက်ရောက်ပါသည်။ အတင်းအကျပ်ပြုတတ်သော စစ်တပ်တိုက်ကင်းများ၊ အတင်းအဓမ္မလုပ်အားစေခိုင်းမှု၊ နေရာရွှေ့ပြောင်းခိုင်းမှုတို့ အသီးသီးသည် လွန်ခဲ့သော (၆) လအတွင်းမှာ အိမ်ထောင်စု (၁၀) စုလျှင် အနည်းဆုံးတစုအ၏ သက်မွေးဝမ်းကျောင်းဆိုင်ရာကိစ္စကို အဟန့်အတားပြုနေကြောင်း ဤလေ့လာချက်က တွေ့ရှိခဲ့ပါသည်။ ဤအချက်များနှင့် အခြားသောပြဿနာများကြောင့် လွန်ခဲ့သောလအတွင်းမှာ အိမ်ထောင်စု (၁၀) စုလျှင် တစုမှာ ရိက္ခာပြတ်လပ်မှုဖြစ်ပွားခဲ့ရသည်။ အိမ်ထောင်စုများသည် ညှံ့ဖျင်းပြီး၊ စျေးသက်သာသော ရိက္ခာများကို ဝယ်ခြင်း၊ အကြွေးဝယ်ခြင်း၊ ဆွေမျိုး၊ မိတ်သင်္ဂဟများအပေါ် မှီခိုခြင်း၊ ဆန်ပြုတ်သောက်ကာ အစားလျှော့စားခြင်း စသည့်နည်းများဖြင့် အများဆုံး ဖြေရှင်းကြပါသည်။

စစ်တမ်းမကောက်မီ (၆) လ အတွင်းမှာ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ အိမ်ထောင်စုများ ကြုံတွေ့ရသော သက်မွေးဝမ်းကျောင်း ရုတ်ချည်းအကျပ်အတည်းများကို ပုံ (၂၂) မှာ ဖေါ်ပြထားပါသည်။ ရေကြီးခြင်း၊ အခါမဟုတ် မိုးရွာခြင်း၊ မိုးခေါင်ခြင်း ကဲ့သို့သော ပြဿနာတို့သည် အဖြစ်အများဆုံး အကျပ်အတည်းများဖြစ်ပြီး၊ လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်ရပ်များသည် မြန်မာနိုင်ငံ၏ အခြားနယ်မြေဒေသများမှာနှင့် မတူခြားနားစေသော အကျပ်အတည်းများ ဖြစ်သည်။ မြန်မာနိုင်ငံ၏ အခြားနယ်မြေဒေသများတွင် လုပ်ခဲ့သော စစ်တမ်းကောက်ယူမှုများမှ ဤနှစ်ဆန်းပိုင်းကာလတွင် ဖေါ်ပြချက်များကို ကြည့်လိုက်ပါက လုပ်ခနည်းခြင်းနှင့် အလုပ်လက်မဲ့ဖြစ်ခြင်းတို့သည် အဖြစ်အများဆုံး အကျပ်အတည်းများ ဖြစ်သော်လည်း၊[59] မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ အိမ်ထောင်စုများ၏ ၁% ကသာလျှင် ဤအခက်အခဲကို အဓိကအဟန့်အတားတခုအဖြစ် ဖေါ်ပြကြသည်။ ဤအချက်က ထင်ထင်လင်းလင်းပြဆိုနေသည်မှာ ဆက်လက်ဖြစ်ပွားနေသော လက်နက်ကိုင်တိုက်ပွဲနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများက မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် ဒုက္ခနှင့် ဆင်းရဲမွဲတေမှုတို့ကို မည်မျှအထိ ပိုမို ဆိုးရွားစွာ ရှိနေဆဲပင်ဖြစ်ကြောင်း ဖော်ပြပါသည်။

**ပုံ (၂၂)။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် သက်မွေးဝမ်းကျောင်းမှုအတွက် ရုတ်ချည်း အကျပ်အတည်းများ (၂၀၁၁) ခုနှစ်**




ဇယား (၁၉) က မြန်မာနိုင်ငံအရှေ့တောင်ပိုင်းမှာ ဖြစ်ပွားနေသော အဓိက အကျပ်အတည်းများကို မြို့နယ်အလိုက်ခွဲခြား ဖေါ်ပြထားပါသည်။ ထို့အပြင်၊ နယ်မြေအလိုက် ကွာခြားမှုများနှင့်၊ အကျပ်အတည်းများ တခုနှင့်တခု အပြန်အလှန် ဆက်စပ်နေပုံတို့ကိုပါ ဖေါ်ပြထားပါသည်။ သာဓကအားဖြင့်ဖေါ်ပြရသော်၊ အခါမဟုတ်မိုးကြောင့် ရွာတော၊ သံတောင်နှင့် ရွှေကျင်မြို့နယ်တို့၏ ကုန်းမြင့်နယ်မြေများရှိ တောင်ယာစိုက်ပျိုးသူများ အခက်အခဲနှင့် အထူးကြုံတွေ့ရခြင်းပင် ဖြစ်သည်။ စစ်တပ်တိုက်ကင်းများ လှည့်လည်ခြင်းနှင့် လက်နက်ကိုင်တိုက်ပွဲများသည် တိုက်ပွဲဖြစ်ပွားရာ နယ်မြေများဖြစ်သော မိုင်းဆတ်၊ သံတောင်၊ ကော့ကရိတ်၊

[59] WFP, 2011, *op. cit.*, page 16, and WFP, 2011a, *op. cit.*, page 21.


တနင်္သာရီမြို့နယ်တို့တွင် ဆိုးကျိုးသက်ရောက်မှု အထူးများသည်။ သို့သော်လည်း ခရီးသွားလာမှုအပေါ် ချုပ်ချယ်ကန့်သတ်မှုများ သိသိသာသာများသော ရွှေကျင်မြို့နယ်၌ စစ်တပ်တိုက်ကင်းများ လှည့်လည်ခြင်းကြောင့် ဖြစ်သည့်ဆိုးကျိုးသည်လောက်များများ ခံစားရခြင်း မရှိချေ။

**ဇယား (၁၉)။ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသများ၌ သက်မွေးဝမ်းကျောင်းမှုအပေါ် ရုတ်ချည်းအကျပ်အတည်း ကြုံရပုံ (၂၀၁၁)**

| | မိုင်းဆတ် | ရွားတော | သံတောင် | ရွှေကျင် | ကော့ကရိတ် | ကြာအင်းဆိပ်ကြီး | ရေဖြူ | တနင်္သာရီ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| ခရီးသွားလာခွင့် ကန့်သတ်ခြင်း | ၀% | ၁ % | ၃၄ % | ၁၈ % | ၁ % | ၁ % | ၃ % | ၀ % | ၈ % |
| အဓမ္မ ငွေတောင်းခြင်း | ၃ % | ၀ % | ၀ % | ၁၁ % | ၀ % | ၀ % | ၅၁ % | ၁၂ % | ၈ % |
| လက်နက်ကိုင် စစ်ပွဲများ | ၁၀ % | ၈ % | ၀ % | ၃ % | ၃၃ % | ၁ % | ၅ % | ၁၄ % | ၉ % |
| အဓမ္မ နေရာပြောင်းရွှေ့ရမှု | ၅၀ % | ၀ % | ၇ % | ၂၂ % | ၂၀ % | ၀ % | ၅ % | ၁ % | ၁၁ % |
| ပိုးမွှား–ကြွက် | ၅ % | ၂၂ % | ၁ % | ၃၅ % | ၁ % | ၁၁ % | ၁ % | ၂၇ % | ၁၃ % |
| ဖျားနာမှု | ၃ % | ၃၃ % | ၄ % | ၁၁ % | ၈ % | ၁၀ % | ၈ % | ၃၀ % | ၁၄ % |
| ငွေကြေးဖောင်းပွမှု | ၀ % | ၁၈ % | ၀ % | ၃ % | ၀ % | ၃၄ % | ၇၀ % | ၂ % | ၁၅ % |
| အဓမ္မလုပ်အားစေခိုင်းမှု | ၂၄ % | ၂၂ % | ၂၈ % | ၂၁ % | ၀ % | ၁ % | ၂၅ % | ၈ % | ၁၅ % |
| စစ်ကြောင်းကင်းလှည့်ခြင်း | ၅၄ % | ၁၃ % | ၅၆ % | ၃ % | ၄၆ % | ၂ % | ၉ % | ၃၈ % | ၂၇% |
| သဘာဝကပ်ဘေး | ၀ % | ၆၈ % | ၅၀ % | ၄၆ % | ၁ % | ၃၉ % | ၂ % | ၁၇ % | ၃၀ % |

ဤအခက်အခဲ အကျပ်အတည်းများနှင့်ပတ်သက်၍ လွန်ခဲ့သော (၂) နှစ်အတွင်း မြန်မာနိုင်ငံအရှေ့တောင်ပိုင်းမှာ (TBBC) ၏ စစ်တမ်းကောက်ယူခြင်းခံခဲ့ရသော အိမ်ထောင်စုများ ချမှတ်ခဲ့သည့် အဓိကဖြေရှင်းနည်းများကို ပုံ (၂၃) တွင် ဖော်ပြထားပါသည်။ အိမ်ထောင်စုများ၏ ၇၀% ကျော်သည် စစ်တမ်းကောက်သောနှစ်များမတိုင်မီ လအတွင်းက ရိက္ခာပြတ်လပ်မှုကို ဖြေရှင်းရာ၌ ဤဖြေရှင်းနည်းများထဲမှ အနည်းဆုံး (၁) နည်းကို အသုံးပြုခဲ့ကြောင်း ဖော်ပြခဲ့သည်။ ဤအချက်က စားဝတ်နေရေး အခက်အခဲ ကြီးမားပုံနှင့် ရေရှည်ဖြစ်ပွားနေပုံကို ညွှန်ပြနေပါသည်။ ဤစစ်တမ်းကောက်ယူသော (၂) နှစ်စလုံး၌ ဈေးသက်သာသော ရိက္ခာများကိုဝယ်ယူစားသုံးရခြင်းနှင့် အကြွေးဝယ်ခြင်းတို့သည် အသုံးများသော ဖြေရှင်းနည်းများ ဖြစ်သည်ဟု ဖော်ပြခဲ့ကြသည်။ စားဝတ်နေရေး အဟန့်အတားများကို တောင့်ခံနိုင်ရေးအတွက် လူမှုရေးအရင်းအနှီး၏ အရေးပါပုံကို ဆွေမျိုး၊ မိတ်သင်္ဂဟများ အပေါ် မှီခိုသော အိမ်ထောင်စုအချိုးအစားက အထင်အရှား ပြဆိုနေပါသည်။ အိမ်ထောင်စု ၁၅% က ထမင်းမစားဘဲ နေ့ရက်များ ကုန်ဆုံးသွားစေခြင်း၊ ဆန်ပြုတ်သောက်ကာ အစားလျှော့စားခြင်းကဲ့သို့သော အလွန်အကျွံ ဖြေရှင်းနည်းများဘက်သို့ လှည့်ခဲ့ကြရကြောင်း ဖော်ပြခဲ့သည်။

**ပုံ (၂၃)။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် ရိက္ခာပြတ်လပ်မှုအပေါ် ဖြေရှင်းနည်း နည်းနာများ (၂၀၁၀–၁၁) ခုနှစ်**



ဇယား (၂၀) မှာ ပြထားသည့် အတိုင်းပင်၊ ကြာအင်းဆိပ်ကြီး၊ တနင်္သာရီနှင့် ကော့ကရိတ်မြို့နယ်တို့သည် လွန်ခဲ့သောလ အတွင်းမှာ ရိက္ခာပြတ်လပ်မှု အနည်းဆုံး ဖြစ်သည်။ သို့ဖြစ်ရာ ဤမြို့နယ် (၃) မြို့နယ်သည် အစားအစာစားသုံးမှုတွင် အမှတ်အကောင်းဆုံးရသော မြို့နယ်များ ဖြစ်နေသည်မှာလည်း အံ့သြစရာမဟုတ်ချေ။ သို့ရာတွင် ရိက္ခာပြတ်လပ်မှုကို ဖြေရှင်းရာ၌ ရွှေကျင်မြို့နယ်ရှိ အိမ်ထောင်စု ထက်ဝက်ကျော်ကျော်သည် ဆန်ပြုတ်သောက်ကာ အစားလျှော့စားခဲ့ကြရပြီး၊ သံတောင်မြို့နယ်ရှိ အိမ်ထောင်စု (၃) စုအနက် (၂) စုသည် ကြွေးတင်ခံခဲ့ကြရသည်။ ဤဖြေရှင်းနည်းများသည် ရွှေကျင်နှင့် သံတောင်မြို့နယ်တို့၌ အစားအစာ စားသောက်ပုံအဆင့်အတန်းနိမ့်ကြောင်း တွေ့ရှိချက်များနှင့် ကိုက်ညီနေပါသည်။

### ဇယား (၂၀)။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် ရိက္ခာပြတ်လပ်မှုအပေါ် ဖြေရှင်းနည်း နည်းနာများ (၂၀၁၁) ခုနှစ်

| | မိုင်းဆတ် | ရှားတော | သံတောင် | ရွှေကျင် | ကော့ကရိတ် | ကြာအင်းဆိပ်ကြီး | ရေဖြူ | တနင်္သာရီ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| လွန်ခဲ့သည့်လတွင် ရိက္ခာပြတ်လပ်မှု မရှိ | ၀% | ၃ % | ၂၅ % | ၂ % | ၆၁ % | ၅၀ % | ၃ % | ၅၆ % | ၂၇ % |
| မစားရဘဲတနေ့လုံးကျော် ဖြတ်ခဲ့ရသည်၊ | ၂ % | ၁ % | ၀ % | ၃ % | ၀ % | ၁ % | ၀ % | ၀ % | ၁ % |
| ပိုင်ဆိုင်မှု ထုခွဲရောင်းချ | ၁ % | ၂၀ % | ၀ % | ၀ % | ၀ % | ၃ % | ၅ % | ၁၇ % | ၆ % |
| စားသုံးမှု လျှော့ချ | ၆ % | ၄ % | ၀ % | ၅၄ % | ၀ % | ၁ % | ၁ % | ၆ % | ၉ % |
| မိသားစုနှင့် မိတ်ဆွေများ အပေါ်မှီခိုမှုပြု | ၃ % | ၂၆ % | ၀ % | ၁ % | ၁၂ % | ၃၇ % | ၃ % | ၁၃ % | ၁၂ % |
| ကြွေးဖြင့် အစားအသောက်ဝယ် | ၂၀ % | ၄၉ % | ၆၅ % | ၀ % | ၁၉ % | ၈ % | ၄၈ % | ၂၂ % | ၂၉ % |
| ဈေးချို အရည် အသွေးမကောင်း သည့် အစားအစာဝယ် | ၅၀ % | ၄၀ % | ၉ % | ၉၂ % | ၂၈ % | ၆၃ % | ၆၆ % | ၁၀ % | ၄၃ % |

အခန်း (၄)

# မြန်မာနိုင်ငံအရှေ့တောင်ပိုင်း နယ်မြေ၏ နောက်ဆုံး အခြေအနေ



ပဋိပက္ခအားရှောင်ရှား၍ တောတွင်းပုန်းအောင်းနေရခြင်း
(SHRF, ကျေးသီးမြို့နယ်၊ ၂၀၁၁ ခုနှစ်)

## ၄။ ၁။ ရှမ်းပြည်နယ် [၆၀]

*"လွှတ်တော်ထဲမှာ ရှမ်းပြည်နယ်အတွက် အရပ်သားကိုယ်စားလှယ် အချို့ရှိပေမယ့် ကျနော်တို့အတွက် သူတို့ဘာမှ လုပ်ပေးနိုင်တာ မဟုတ်ပါဘူး။ ဗမာစစ်တပ်က အစွန်အဖျားနယ်မြေတွေက ရွာသားတွေ အပေါ် ဖိနှိပ်တာတွေ ရပ်သွားတာ မဟုတ်ပါဘူး။ ကျနော်တို့ လယ်ထွန်စက်တွေကို သူတို့ကင်းလှည့်ဖို့၊ သူတို့ရိက္ခာတွေသယ်ဖို့ သိမ်းသွားတာတွေလည်း လုပ်တတ်တယ်။ ကျနော်တို့ဆီက ခွင့်တောင်းပြီးယူတာလည်း မဟုတ်ဘူး။ လိုက်မတောင်းမချင်းလည်း ပြန်ပေးတာမဟုတ်ဘူး။"*
(ရှမ်းရွာသားတဦး၊ မိုးနဲမြို့နယ်၊ ရှမ်းဒုက္ခသည်ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီ **(SRDC)** ၏ တွေ့ဆုံမေးမြန်းချက်၊ ဇွန်လ၊ ၂၀၁၁–ခုနှစ်)

လွှတ်တော်တွင် မြန်မာအစိုးရအား အတိုက်အခံလုပ်မည့် ရှမ်းပြည်နယ်မှ အရပ်သားကိုယ်စားလှယ်များရှိလာခြင်းကို ပြည်သူ အတော်များများက ကျေနပ်အားရ ဖြစ်နေကြသည်။ သို့ရာတွင် နိုင်ငံရေးလွတ်လပ်ခွင့်များကို ကာကွယ်စောင့် ရှောက်ပေးထား ခြင်းမရှိသဖြင့် လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူလူထုကို ထိထိရောက်ရောက် ကိုယ်စားပြုပေးနိုင်ခြင်း မရှိချေ။ မြန်မာစစ်တပ်၏ သူပုန်နှိမ်နင်းရေး စစ်ဆင်ရေးများပိုများလာခဲ့ကာ သာမန်အရပ်သားများကို ပစ်မှတ်ထားမြဲ ထားနေဆဲပင် ရှိသည်။ အရပ်သားများအပေါ် တိုက်ခိုက်နေခြင်းများကို ရပ်ပစ်ရန် မည်သည့်နိုင်ငံရေးပါတီကမျှ စစ်တပ်ကို နားချနိုင်ခြင်းမရှိသည့် အခြေအနေသို့ ရောက်နေသည်။

ရှမ်းပြည်တပ်မတော်–မြောက်ပိုင်း **(SSA-N)** ၏ တပ်အင်အား အများစုက နယ်ခြားစောင့်တပ်ဖွဲ့ အဖြစ်ပြောင်းလဲဖွဲ့စည်းရေးကို ငြင်းဆန်ပြီးနောက်ပိုင်းတွင် မြန်မာစစ်တပ်သည် (အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်လုပ်ခဲ့သည်မှာ နှစ်ပေါင်း (၂၂) နှစ်ကြာခဲ့ပြီးခါမှ) ရှမ်းပြည်တပ်မတော်အပေါ် ထိုးစစ်များ ပြန်စခဲ့သည်။ လက်နက်ကိုင်ခုခံမှုကို လိုက်လံတိုက်ခိုက်ရာ၌ မြန်မာစစ်တပ်၏ တိုက်ကင်းများသည် လက်နက်ကြီးများဖြင့် ရမ်းသန်းပစ်ခတ်ခြင်း၊ အကျဉ်းရုံး ကွပ်မျက်သတ်ဖြတ်ခြင်း၊ အုပ်စုဖြင့် မုဒိမ်းကျင့်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းကဲ့သို့သော ရက်စက်မှုများကို ရှမ်းပြည်နယ်အလယ်ပိုင်း၊ မြို့နယ် (၉) နယ် တကြောရှိ အရပ်သားများအပေါ် ကျူးလွန်ခဲ့သည်။ ကျေးရွာသားပေါင်း (၃၁,၀၀၀) ကျော်တို့သည် နေအိမ်များကို စွန့်ခွာထွက်ပြေး သွားခဲ့ကြရသည်။ အများစုက နီးရာတောများထဲမှာ ပုန်းနေကြပြီး၊ အချို့က တရုတ်နယ်စပ်တလျှောက်ရှိ ဝ တပ်များ ထိန်းချုပ်ရာ နယ်မြေများထဲသို့ ဝင်ပြေးကြသည်။ အချို့က ထိုင်းနယ်စပ်ဆီသို့ ရွှေ့ရှသွားကြသည်။[၆၁] ထိုင်းနယ်စပ်သို့ အသစ်ရောက်ရှိ လာကြသူများက အကြမ်းဖက်မှုနှင့် မတော်မတရားမှုသတင်းများ မှန်ကန်ကြောင်း အတည်ပြုဖော် ပြခဲ့ကြ သည်။


မြန်မာစစ်တပ်သည် ထိုင်းနယ်စပ်နှင့် နီးအောင် တပ်များကိုတိုး၍ ချထားသည့်အပြင်၊ ကွန်ဟိန်း၊ နမ့်စန် နှင့် မိုင်းတုံမြို့နယ် များတွင်လည်း ဌာနချုပ်စခန်းများ တည်ဆောက်နေလျှက်ရှိသည်။ ရှမ်းပြည်တပ်မတော်–တောင်ပိုင်း **(SSA-S)** ကို ယခင်ထက်ပို၍ ပြင်းပြင်းထန်ထန် တိုက်ခိုက်ရန် ပြင်ဆင်နေသည့် သဘောဖြစ်သည်။ ဤအတွက်ကြောင့် နောက်ထပ်တပ်များ ချထားရေးအတွက် နမ့်ဆန် နှင့် ကွန်ဟိန်းမြို့နယ်တို့တွင် မြေသိမ်းယူမှုများနှင့် မိုင်းတုံမြို့နယ်တွင် အတင်းအဓမ္မနေရာ ရွှေ့ပြောင်းခိုင်းမှုများ ဖြစ်ပွား ခဲ့သည်။

အင်အားသေးငယ်သော လားဟူ၊ ရှမ်းနှင့် အခါ လက်ကိုင်အဖွဲ့အချို့ကမူ နယ်ခြားစောင့်တပ်ဖွဲ့များအဖြစ် ပြောင်းလဲဖွဲ့စည်းခြင်း မဟုတ်ဘဲ၊ လူမျိုးစု အရပ်သားလက်နက်ကိုင်အဖွဲ့ (ပြည်သူ့စစ်အဖွဲ့များ) များအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။ ဤအဖွဲ့များသည် တကယ်တမ်းအားဖြင့် မြန်မာစစ်တပ်၏ လက်ပါးစေတပ်များဖြစ်ပြီး၊ နယ်မြေကျေးရွာများအတွက် တာဝန်ခံမှုမရှိသောကြောင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ အနှံ့အပြားကျူးလွန်ကြသည်။ ဤလက်နက်ကိုင် တပ်ဖွဲ့များ၏ အတင်းအဓမ္မလုပ်အား စေခိုင်းမှုများသည် မိုင်းကိုင်၊ လင်းခေး နှင့် နမ့်ဆန် တို့အကြားရှိ လမ်းတလျှောက်တွင် အထူးကြမ်းသည်။

[60] ရှမ်းလူမှု ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေးကော်မီတီ (SRDC) က စုဆောင်းခြိုငုံ သုံးသပ်ဖော်ပြခြင်း ဖြစ်သည်။

[61] Shan Women's Action Network and Shan Human Rights Foundation, 10 August 2011, "Press Release : Over 30,000 displaced by Burma Army attacks face humanitarian crisis in northern Shan State", www.shanwomen.org and www.shanhumanrights.org

# မြေပုံ (၇)။ ရှမ်းပြည်နယ် တောင်ပိုင်းနှင့် အလယ်ပိုင်း



သည့်ကြားထဲ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တာချီလိတ်မြို့အနီးတွင် မတ်လ (၂၄) ရက်နေ့က အင်အား (၆.၈) ရစ်ချ်တာ စကေးရှိသော မြေငလျင်ကြီးတခုလည်း လှုပ်ခတ်သွားခဲ့သည်။ လူပေါင်းအနည်းဆုံး (၇၄) ဦးသေဆုံးခဲ့ပြီး၊ ကျေးရွာပေါင်း (၉၀) မှ လူပေါင်း (၁၈,၀၀၀) ကျော်တို့ ငလျင်ဘေးဒဏ် သင့်ခဲ့ကြသည်။ မြေအောက်ရေလွှာ နေရာရွှေ့လျားမှုကြောင့် ရေတွင်းနှင့် စမ်းရေတွင်းများ ညစ်ညမ်းသွားခဲ့ပြီး၊ သန့်ရှင်းသော သောက်သုံးရေ အရင်းမြစ်နေရာများ မရရှိနိုင်သည့်အဖြစ်သို့ ရောက်သွားခဲ့သည်။ အခြေခံအဆောက်အအုံများနှင့် နေအိမ်များလည်း အကြီးအကျယ် ပျက်စီးသွားခဲ့သည်။ နယ်မြေ ကျေးရွာများသည် ကြီးလေးသော ကယ်ဆယ်ရေး ဝန်ထုပ်ဝန်ပိုးကို ထမ်းဆောင်ခဲ့ကြရသည်။

ဤမတည်ငြိမ်သော အခြေအနေ၌ လွန်ခဲ့သော (၁၂) လအတွင်းမှာ လူပေါင်း (၅၂,၀၀၀)တို့သည် မိမိတို့၏နေအိမ်များကို မဖြစ်မနေ စွန့်ခွာခဲ့ကြရသည်ဟု ခန့်မှန်းရပါသည်။ ယခင်ကတည်းက ပြည်တွင်းဒုက္ခသည် ဖြစ်ခဲ့ပြီးသူအချို့သည် ထိုင်းနိုင်ငံထဲသို့ ဝင်ရောက်သွားသည် (သို့မဟုတ်) ရှမ်းပြည်နယ်ရှိတနေရာရာတွင် အခြေချနေထိုင်သည် ဖြစ်သည့်တိုင်၊ ရှမ်းပြည်နယ် တောင်ပိုင်းနှင့် အလယ်ပိုင်းနယ်မြေများတွင် ဆက်လက်ရှိနေသည့် ပြည်တွင်းဒုက္ခသည်များသည် (၁၄၅,၀၀၀) ကျော် ရှိသည်ဟု ခန့်မှန်းရပါသည်။

## ၄။ ၂။ ကယား/ ကရင်နီပြည်နယ် [62]

*"ကျမတို့ရဲ့စားဝတ်နေရေးက စပါးနဲ့ ဟင်းသီးဟင်းရွက်တွေ စိုက်ဖို့ ရှားတောကနေ ကျမတို့ရွာဟောင်းကို ခု ပြန်ပြန် သွားနေရတဲ့ လမ်းခရီးအပေါ်မှာ မူတည်ပါတယ်။ ကန့်သတ်ပေးထားတဲ့ အချိန်အတွင်းမှာသာ သွားခွင့်ပေးထားတာပါ။ ဒီတော့ အချိန်မှီ ပြန်ရောက်မှ ပြန်ရောက်ပါ့မလားလို့ အမြဲတွေးပူနေရပါတယ်။ ပြန်အရောက်နောက်ကျလို့ ဒဏ်ရိုက်ခံရတာလောက်ဆိုရင် တော်သေးတယ်။ စစ်ကြောမေးမြန်းခံရလို့ ပါးပါးနပ်နပ် မဖြေတတ်ဘူးဆိုရင်တော့ အရိုက်အနှက်ခံရဖို့ပဲ ရှိတယ်။ ဆူးက ဖက်ပေါ် ကျလည်း ဖက်ပေါက်မှာပဲ။ ဖက်က ဆူးပေါ်ကျလည်း ဖက်ပေါက်မှာပဲ။ ကျမတို့ရဲ့ဘဝက အဲဒီဖက်လို ဘဝမျိုးပါ။"*


(ကရင်နီ အရပ်သူတဦး၊ ရှားတောမြို့နယ်၊ ကရင်နီလူမှုဖူလုံရေးနှင့် ဖွံ့ဖြိုးရေးကော်မီတီ (KSWDC) ၏ တွေ့ဆုံမေးမြန်းချက်၊ ဇွန်လ၊ ၂၀၁၁–ခုနှစ်)

လူဦးရေလည်းနည်း၊ သူပုန်လှုပ်ရှားမှုလည်း အတော်အတန် အားပျော့ပါလျက်၊ ကယားပြည်နယ်တဝှမ်းတွင် မြန်မာစစ်တပ်က တပ်ရင်းပေါင်း (၁၅) ရင်း ချထားသည်။ တပ်ရင်း (၁၀) ရင်းကို လွိုင်ကော်မှနေ၍ အမိန့်ပေးသည်။ နောက်ထပ် (၅) ရင်းက အနီးအနားရှိ ဖယ်ခုံမှ လာရောက်ချထားခြင်းဖြစ်သည်။ ဘော်လခဲနှင့် မယ်စဲ့မြို့နယ် များတွင် ကရင်နီပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး (KNPLF) ကို နယ်ခြားစောင့်တပ် တပ်ရင်း (၂) ရင်း အဖြစ်သို့ ပြောင်းလဲဖွဲ့စည်းလိုက်ခြင်း အားဖြင့် နောက်ထပ်တပ်ရင်းများ တိုးလာခဲ့ပြန်သည်။ နယ်ခြားစောင့်တပ်ရင်းများ နှင့် အရပ်သားလက်နက်ကိုင်တပ်ဖွဲ့များ (ပြည်သူ့စစ်) ထဲမှ အောက်ခြေတပ်သားများ မကျေမနပ်ဖြစ်နေကြသည်ဟု ကောလာဟလ သတင်းများ ထွက်လာခဲ့သော်လည်း တပ်မှ ထွက်ပြေးမှုများ သိသိသာသာ ဖြစ်ပွားခဲ့ခြင်းမရှိချေ။ ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP) ၏ လက်နက်ကိုင် လှုပ်ရှားမှုများက ရှားတော၊ ဖားဆောင်းနှင့် ဖရူးဆိုးမြို့နယ်တို့တွင် အများဆုံး ဖြစ်ပွားသည်။

တပ်၏ ထောက်ပံ့ရိက္ခာကို မိမိနယ်မြေအလိုက် ထုတ်လုပ်သော ရိက္ခာဖြင့်ဖြည့်စွက်ရသော မြန်မာစစ်တပ်၏ "ကိုယ်ထူကိုယ်ထ" ပေါ်လစီ မျက်နှာဖုံးအောက်မှာ မြေသိမ်း၏ယူမှုများ ဆက်လက်ဖြစ်ပွားနေပါသည်။ (၂၀၁၁) ခုနှစ်၊ မေလတွင် ဖရူးဆိုးမြို့နယ် အာဏာပိုင်များက စစ်သင်တန်းကျောင်းသစ် ဆောက်လုပ်ရေးအတွက် ကျေးရွာပေါင်း (၉) ရွာတို့မှ စိုက်ပျိုးမြေ ဧကပေါင်း (၂,၇၀၀) ကို သိမ်းယူခဲ့သည်။ မြေပိုင်ရှင်များက ဘိုးဘွားပိုင် မြေတဧကအတွက် လျော်ကြေးငွေ ကျပ် (၅၀,၀၀၀) (အမေရိကန်ဒေါ်လာ ၆၀ ခန့်) သည် လုံလောက်ခြင်းမရှိကြောင်း ကယားပြည်နယ်ဝန်ကြီးချုပ်အား တိုင်ကြားခဲ့သော်လည်း ဝန်ကြီးချုပ်၏ အရေးယူဆောင်ရွက်ပေးမှုကို မရရှိခဲ့ချေ။

[62] ကရင်နီလူမှုဖူလုံရေးနှင့် ဖွံ့ဖြိုးရေးကော်မီတီ (KSWDC) က စုဆောင်းချိုင့်သုံးသပ်ဖော်ပြခြင်း ဖြစ်သည်။

# မြေပုံ (၈)။ ကရင်နီ/ကယားပြည်နယ်



လုပ်အားဆင့်ဆိုခိုင်းစေမှုများ လျော့သွားကြောင်း မတွေ့ရချေ။ စစ်တပ်၏ရိက္ခာများကို အရပ်သားများအား အခမဲ့သယ်ယူပို့ဆောင်ခိုင်းနေမှုများလည်း အနှံ့အပြား ဆက်လက်ဖြစ်ပွားနေဆဲပင်ရှိသည်။ ရှားတောမြို့နယ်၌ ဝေးလံသော ကင်းစခန်းများသို့ (အလုပ်ပျက်ခံပြီး) ရိက္ခာသယ်ပို့ပေးရန် တလလျှင် (၇) ရက်မှ (၁၀) ရက်ကြာ ကာလအတွက် ပေါ်တာအထမ်းသမားများ ပေးရမည်ဟု ကျေးရွာလူကြီးများအား အမိန့်ထုတ်ဆင့်ထားသည်။

သူပုန်နှိမ်နင်းရေး စစ်ဆင်ရေး၏ လုပ်ရပ်တရပ်အဖြစ် ကျေးရွာများကို တိုက်ပွဲဖြစ်ပွားရာနယ်မြေများမှနေ၍ အတင်းအဓမ္မမောင်းနှင်ထုတ်ပြီး၊ အစိုးရထိန်းချုပ်မှုအောက်ရှိနယ်မြေများတွင် နေစေခြင်းသည်လည်း ဆက်လက်ဖြစ်ပွားနေပါသည်။ ဧပြီလအတွင်းတွင် ခြေမြန်တပ်ရင်း (၄၂၈) က ဖရူဆိုးမြို့နယ်အတွင်းရှိ တချိန်က တိုက်ပွဲများ မကြာမကြာဖြစ်ပွားလေ့ရှိသော တောင်ကုန်းနယ်မြေများမှ ကျေးရွာ (၄) ရွာအား ပြောင်းရွှေ့ရန် အမိန့်ပေးပြီးနောက်၊ လမ်းမကြီးတလျှောက်တွင် နေစေခဲ့သည်။ လျှပ်စစ်မီးလည်းရမည်၊ ရေလည်းကောင်းကောင်းရမည်ဟု ကတိပေးသော်လည်း ကျေးရွာသားများကမူ မိမိတို့၏ လက်ရှိအသက်မွေးဝမ်းကျောင်း လုပ်ငန်းများကိုလည်း မစွန့်ခွာလိုကြ၊ စစ်တပ်တိုက်ကင်းများနှင့်လည်း နီးနီးကပ်ကပ် မနေထိုင်လိုကြချေ။

(၂၀၁၀) ခုနှစ်အတွင်းက တရုတ်အစိုးရပိုင် တရုတ်နိုင်ငံ ဒါတန်းကော်ပိုရေးရှင်း (Datang Corporation of China) က ကရင်နီပြည်နယ်တွင် ရေအားလျှပ်စစ်ဆည် (၃) လုံးဆောက်ရေးအတွက် မြန်မာအစိုးရနှင့် နားလည်မှု စာချွန်လွှာတစောင် လက်မှတ်ရေးထိုးခဲ့သည်။ အကြီးဆုံးဆည်ကို သံလွင်မြစ်ကမ်းပေါ်ရှိ ရွာသစ်မှာ ဆောက်လုပ်မည်ဖြစ်ပြီး၊ အရံ ဆည်များကို ပွန်မြစ်နှင့်နှင့် သဘက်မြစ် လက်တက်များပေါ်တွင် တည်ဆောက်မည် ဖြစ်သည်။ ပွန်မြစ် ဆည်ဆောက်မည့်နေရာ ပတ်ဝန်းကျင်ရှိ တောများကို ခုတ်ထွင်ရှင်းလင်းရန်နှင့် ရွာသစ်ပတ်ဝန်းကျင်တွင် လုံခြုံရေးတာဝန်ယူပေးရန် အတင်းအဓမ္မလုပ်အားစေခိုင်းခဲ့ကြောင်း သိရသည်။ သဘက်မြစ် ဆည်ဆောက်မည့် နေရာအနီးတွင် မြေမြှုပ်မိုင်းကြောင့် ကျွဲနွားများသေဆုံးခဲ့မှုများလည်း ရှိသည်။ ဤဆည်တည်ဆောက်ရေးလုပ်ငန်းများတွင် တာဝန်ရှိသူများက ၎င်းင်းတို့၏လုပ်ရပ်ကြောင့် ပဋိပက္ခကို ပို၍ပြင်းထန်စေခြင်း၊ ပွင့်လင်းမြင်သာမှု မရှိခြင်း၊ ကြီးမားသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ ရိုက်ခတ်ချက်များကို ထည့်သွင်းစဉ်းစားမှု မရှိခြင်း စသည်တို့နှင့်ပတ်သက်သော ပြဿနာများကို ထင်ဟပ်ဖော်ပြနေပါသည်။[၆၃]

## ၄။ ၃။ ကရင်ပြည်နယ် မြောက်ပိုင်း နယ်မြေများ [၆၄]


> *"ဆည်ကြောင့် ကျနော့် ဥယျာဉ်တွေ၊ လယ်တွေ ရေမြုပ်ကုန်တယ်။ ခု ကျနော့်မှာ အလုပ်လုပ်စားစရာ မြေမရှိတော့လို့၊ တောထွက်ပစ္စည်းတွေ လိုက်ရှာပြီး၊ ထမင်းစားဖို့ ဝင်ငွေရှာနေရတယ်။ ဒီကြားထဲ ဗမာစစ်တပ်က အမြဲခေါ်ခိုင်းပြီး၊ ပိုက်ဆံ–လည်း တောင်းသေးတယ်။ အဲဒါကြောင့်မို့လို့ ကျနော်တို့မှာ ခု အကြွေးတွေ တင်နေပြီ။ ပြန်ဆပ်ဖို့ တော်တော်ခက်တယ်။ ခု ကျနော်တို့ တတွေ ဆန်ပြုတ်ပဲ သောက်နေရတယ်။"*
>
> (ကရင်အမျိုးသားတဦး၊ ရွှေကျင်မြို့နယ်၊ ပြည်တွင်းနေရပ်ရင်းစွန့်ခွာခဲ့ရသူ ကရင်အမျိုးသားများဆိုင်ရာ ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေး ကော်မီတီ (CIDKP) ၏ တွေ့ဆုံမေးမြန်းချက်၊ ဇွန်လ၊ ၂၀၁၁–ခုနှစ်)

ကရင်ပြည်နယ် မြောက်ပိုင်းနှင့် ပဲခူးတိုင်းဒေသကြီး၏ အရှေ့ဘက်ခြမ်းရှိ တောင်ကုန်းထူထပ်သော နယ်မြေများသည် ရေးယခင်ကတည်းကပင် လက်နက်ကိုင်တိုက်ပွဲများကြောင့် နာမည်ထွက်ခဲ့သော နယ်မြေများဖြစ်ပြီး၊ (၂၀၁၁) ခုနှစ်အထိပင် မြန်မာစစ်တပ်၏ ထိန်းချုပ်မှုအပမှာ ရှိနေဆဲ ဖြစ်သည်။ ဤကုန်းမြင့်နယ်မြေရှိ လူများသည် မြန်မာစစ်တပ်နှင့် အတွေ့မခံကြချေ။ ဤလူများသည် အိုးအိမ်အတည်တကျ မရှိဘဲ နေထိုင်လာခဲ့ကြသည်မှာ နှစ်အတော်ကြာခဲ့ပြီ ဖြစ်ပြီး၊ မိမိတို့၏ မူရင်းကျေးရွာများသို့ မပြန်ဝံ့ကြဘဲ၊ ယာယီတဲစု တစုမှ တစုသို့ ပြောင်းရွှေ့နေထိုင်နေကြသော ရွာပုန်းသစ်များ ဖြစ်လာခဲ့ကြသည်။ ယာယီတဲစုများ တည်ရှိရာနေရာသည် အဓိကအားဖြင့် လုံခြုံရေးအခြေအနေနှင့် စိုက်ပျိုးမြေရရှိနိုင်မှုအပေါ်မှာ မူတည်ပါသည်။ လွန်ခဲ့သောနှစ်အတွင်းမှာ

[63] Karenni Development Research Group, March 2011, "Stop the dam offensive against the Karenni", www.burmariversnetwork.org and www.salweenwatch.org

[64] ပြည်တွင်းနေရပ်ရင်းစွန့်ခွာခဲ့ရသူ ကရင်အမျိုးသားများဆိုင်ရာ ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေး ကော်မီတီ (CIDKP) က စုဆောင်းချုံငုံသုံးသပ် ဖော်ပြခြင်းဖြစ်သည်။

# မြေပုံ (၉)။ ကရင်ပြည်နယ် မြောက်ပိုင်းနှင့် ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်းဒေသ



မြန်မာစစ်တပ်၏ စစ်ဆင်ရေးများ လျော့သွားခဲ့သော်လည်း တောင်ပေါ်ရှိ ကရင်ကျေးရွာများပေါ်သို့ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်သည့် ရန်က ရှိမြဲရှိနေပါသည်။ တချိန်တည်းမှာပင် ကျေးရွာသားများက မြန်မာအာဏာပိုင်များနှင့် နေ့စဉ်ထိတွေ့ဆက်ဆံနေရသော မြေနိမ့်နယ်မြေများ၌ လူ့အခွင့်အရေးချိုးဖောက်မှုများ အရှိန်မြင့်တက်နေလျှက်ရှိသည်။

မြန်မာစစ်တပ်၏ တပ်ဖွဲ့များ တိုက်ကင်းလှည့်လာတိုင်း ကျေးရွာသားများသည် မိမိတို့၏ စိုက်ခင်းများထဲမှ ထွက်ပြေးပြီး၊ တောထဲမှာ ပုန်းအောင်းကြသည်။ တိုက်ကင်းများ ဝေးသွားသည်နှင့်တပြိုင်နက်၊ မိမိတို့၏ စိုက်ခင်းများသို့ ပြန်သွားပြီး၊ လုပ်စရာရှိသည်တို့ကို ပြန်လုပ်ကြလေ့ရှိသည်။ (၂၀၁၀) ခုနှစ် နှောင်းပိုင်းမှာ စစ်တပ်တိုက်ကင်းလှည့်မှုများကြောင့် လွန်ခဲ့သောနှစ်၏ စပါးရိတ်သိမ်းချိန်မှာ တောင်ယာထဲသို့ ကောင်းကောင်းမဆင်းနိုင်ခဲ့ချေ။ (၂၀၁၁) ခုနှစ်၊ နှစ်ဆန်းပိုင်းနှင့် မိုးဦးကျကာလတွင် တိုက်ကင်းလှည့်မှုများကြောင့်လည်း ဤနှစ် တောင်ယာအတွက် ခုတ်ထွင်ခြင်းနှင့် မီးရှို့ခြင်းအလုပ်များကို ကောင်းကောင်း မလုပ်နိုင်ခဲ့ချေ။ အိမ်စုများ မီးရှို့မခံရသည့်တိုင်၊ တိုက်ကင်းများ လွန်သွားပြီးနောက်မှာ၊ အနှံ့အပြား ထောင်ထားခဲ့သော မြေမြှုပ်မိုင်းများ၏ အန္တရာယ်က အမြဲရှိနေတတ်ပါသည်။ ဇန်နဝါရီလတွင် ခြေမြန်တပ်ရင်း (၂၀၉) က ဖာပွန်မြို့နယ်မှာ နောက်ထပ် ပုန်းအောင်းရာနေရာ (၆) နေရာကို မီးရှို့ခဲ့သည်။ စစ်တပ်၏ ဆက်လက်ရမ်းကားနေမှုများကြောင့် အခြားနေရာ (၁၃) နေရာကိုလည်း စွန့်ခွာခဲ့ရသည်။

တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် (DKBA) သည် ဖာပွန်မြို့နယ်တောင်ပိုင်းမှတပါး၊ ကရင်ပြည်နယ်မြောက်ပိုင်းနယ်မြေတွင် အရောက်အပေါက်နည်းသည်။ (၂၀၁၀) ခုနှစ် နိုဝင်ဘာလအတွင်း၊ မြန်မာမာစစ်တပ်၏ နယ်ခြားစောင့်တပ်ဖွဲ့ သို့ပြောင်းလဲဖွဲ့စည်းရေးအမိန့်ကို ပထမ (DKBA) တပ်ရင်းက ဖီဆန်ပြီးနောက်တွင် သောင်ရင်းမြစ်နှင့် သံလွင်မြစ်တို့ ဆုံရာနေရာ၏ မြောက်ဘက် ခပ်လှမ်းလှမ်းနယ်မြေမှ ကျေးရွာသားများသည် တိုက်ပွဲများဖြစ်တော့မည်ဟု စိုးရိမ်ကာ နေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ကြသည်။ ယခင် (DKBA) ဌာနချုပ်ရှိရာ မြိုင်ကြီးငူအနီးမှာ အခြေစိုက်ခဲ့သော တပ်ရင်း (၃) ရင်းမှ တပ်ရင်းမှူးများကလည်း တပ်မှ ထွက်ပြေးလာကြပြန်ရာ၊ (၂၀၁၁) ခုနှစ်၊ ဇွန်လကစ၍ နောက်ထပ်၍ မတည်ငြိမ်မှုများ ဖြစ်ပွားလာခဲ့သည်။

မြန်မာစစ်တပ်၏ တပ်ဖွဲ့အများစုသည် မြေနိမ့်ပိုင်းနယ်မြေများတွင် အခြေစိုက်ထားသည်ဖြစ်ရာ၊  ထိုတပ်ဖွဲ့များ၏ အနီးပတ်ဝန်းကျင်မှ ကျေးရွာများသည် လူ့အခွင့်အရေး ချိုးဖောက်မှုများကို တောင်ပေါ်ကျေးရွာများထက်ပို၍ ခံရလေ့ရှိသည်။ လွန်ခဲ့သောနှစ်က ဂိုးဖိုး (Hgo Poe) စစ်စခန်းဆောက်လုပ်နေစဉ် ကာလအတွင်းမှာ ကျောက်ကြီးမြို့နယ်၌ အနိုင်ကျင့်တောင်းယူမှုများ မကြာခဏ ဖြစ်ပြီး၊ အတင်းအဓမ္မ လုပ်အားစေခိုင်းမှုကလည်း အထူးကြမ်းသည်။ ကရင်ပြည်နယ်မြောက်ပိုင်းနှင့် ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းတွင် မြေပြန့်ကျေးရွာများနှင့် တောင်ပေါ်ကျေးရွာများအကြား သွားလာမှုနှင့် ကုန်သွယ်မှုတို့အပေါ် ကန့်သတ်ချုပ်ချယ်မှုများသည် သူပုန်နှိမ်နင်းရေး စစ်ဆင်ရေးများ၏ အရေးကြီးသော လုပ်ငန်းတရပ်အဖြစ် ရှိနေဆဲပင် ဖြစ်သည်။

မြေသိမ်းယူခြင်းနှင့် အတင်းအဓမ္မလုပ်အားစေခိုင်းခြင်းတို့သည် အစိုးရ၏ သဘာဝအရင်းအမြစ် ထုတ်ယူရေး စီမံကိန်းလုပ်ငန်းများနှင့် အကြီးအကျယ် ပတ်သက်နေပါသည်။ ရွှေကျင်မြစ်ပေါ်ရှိ ကျောက်နဂါးဆည်သည် နောက်ဆုံးမြင်တွေ့ရသည့် သာဓကဖြစ်သည်။ ကျောက်နဂါးဆည်ကြောင့် (၂၀၁၀) ခုနှစ်ကစ၍ လူဦးရေ (၁၀,၀၀၀) ခန့် အိုးအိမ် အခြေပျက်သွားခဲ့ရသည်။ အကြောင်းမှာ ဆည်၏ရေလှောင်ကန်ကြောင့် ကျေးရွာများ၊ သစ်သီးခြံများ၊ လယ်မြေများ ရေမြုပ်ကုန်သောကြောင့် ဖြစ်သည်။ ဆည်သစ်တလုံးကိုလည်း ကျောက်ကြီးမြစ်ပေါ်၌ ဆောက်လုပ်နေလျှက်ရှိသည်။ မြန်မာစစ်တပ်၏ နယ်မြေခံတပ်မှူးများက လုပ်အားခမပေးဘဲ ကျေးရွာသားများအား ကျောက်ကြီးမြို့ပေါ်မှ ဆောက်လုပ်ရေးပစ္စည်းများကို အသယ်ခိုင်းခဲ့သည်။

## ၄။ ၄။ ကရင်ပြည်နယ်အလယ်ပိုင်း [65]

*"ဗမာစစ်တပ်က ကျမတို့ရွာ အနီးအနားပတ်ဝန်းကျင်မှာ အမြဲလှုပ်ရှားနေလေ့ရှိတယ်။ သူတို့ အတိုက်ခံရပြီးတိုင်းမှာ ရွာထဲဝင်လာပြီး၊ ရွာသားတွေကို ဖမ်းပြီးတော့၊ နောက်တခါ အတိုက်မခံရအောင် သူတို့ ကိုယ်သူတို့ကာကွယ်ဖို့ ဆွဲခေါ်သွားတတ်တယ်။ လိုက်မသွားချင်တာတောင်၊ ဒါမှမဟုတ် လိုက်သွားရမှာကို ကြောက်နေတာတောင်၊ ကျမတို့ လိုက်သွားရတာပဲ။ ယောကျ်ား၊ မိန်းမ၊ ကလေးရယ်လို့မရွေးဘူး။ တွေ့သမျှလူကို ဆွဲခေါ်သွားတာပဲ။ သူတို့အတိုက်ခံရရင် ကျမတို့အားလုံး သေကုန်အောင်လို့ ကျမတို့ကို ရှေ့ကရော၊ အလယ်ကရော လိုက်ခိုင်းတယ်။ ကျမတို့ကို သူတို့စခန်းဆီကို ခေါ်သွားတော့ လမ်းတလျှောက်လုံးမှာ ကလေးတွေအားလုံးပဲ ငိုနေကြတယ်။ ကရင်စစ်သားတွေက ဗမာစစ်သားတွေကို တွေ့ပေမယ့် မတိုက်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ မိန်းမတွေ၊ ကလေးတွေအပါအဝင် ရွာသားတွေလည်း ပါနေတာကိုး။"*
(ကရင် အမျိုးသမီးတဦး၊ ကော့ကရိတ်နယ်၊ ပြည်တွင်းနေရပ်ရင်းစွန့်ခွာခဲ့ရသူ ကရင်အမျိုးသားများဆိုင်ရာ ကော်မီတီ (CIDKP) ၏ တွေ့ဆုံမေးမြန်းချက်၊ ဇွန်လ၊ ၂၀၁၁–ခုနှစ်)

နှစ်အချို့ အတော်အတန် ငြိမ်းချမ်းမှု ရှိခဲ့ပြီးနောက်၊ (၂၀၁၀) ခုနှစ်၊ နိုဝင်ဘာလတွင် ကရင်ပြည်နယ်အလယ်ပိုင်း၏ နယ်စပ်ဒေသများတွင် လက်နက်ကိုင်တိုက်ပွဲများ အကြီးအကျယ် ပြန်လည်ဖြစ်ပွားခဲ့သည်။ နယ်ခြားစောင့်တပ်ဖွဲ့များဖွဲ့ရန် ငြင်းဆန်သော တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် (DKBA) ၏ တပ်ဖွဲ့များသည် ရွေးကောက်ပွဲနေ့တွင် မြဝတီမြို့ရှိ ရဲစခန်းတခုကို သိမ်းပိုက်ပြီးနောက်၊ မြို့ကို ထိန်းချုပ်ထားခဲ့သည်။ လူ (၁၅,၀၀၀) တို့သည် နယ်စပ်ကိုဖြတ်ကျော်ကာ၊ အနီးအနားရှိ ထိုင်းနိုင်ငံ၏ မဲဆောက်မြို့သို့ ထွက်ပြေးခဲ့ကြသည်။ သို့ရာတွင် အများစုက (DKBA) တို့ ဆုတ်ခွာသွားပြီးနောက်၊ သီတင်းပတ်တပတ်အတွင်းမှာ ပြန်သွားခဲ့ကြသည်။ ကျေးလက်နယ်မြေဒေသများမှာ တိုက်ပွဲဖြစ်ပွားမှုများ အရှိန်မြင့်လာခဲ့သည်။ သည့်နောက်တွင် နောက်ထပ် အိုးအိမ်စွန့်ခွာထွက်ပြေးသူ လူ (၈,၀၀၀) တို့က ထိုင်းနိုင်ငံထဲရှိ ယာယီခိုလှုံစခန်းများသို့ ဝင်ပြေးကြပြီး၊ အခြား လူ (၄,၀၀၀) တို့ကမူ ကရင်ပြည်နယ်တောတောင်များထဲသို့ ပြေးဝင်ပုန်းအောင်းနေခဲ့ကြသည်။[66]

ပုန်ကန်သူ (DKBA) တပ်ရင်းနှင့် ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် (KNLA) တို့သည် စစ်ရေးအရ မဟာမိတ်ပြုထားကြသော်လည်း နိုင်ငံရေး မျှော်မှန်းချက်၊ လူသားချင်းစာနာမှုဆိုင်ရာ သဘောထားအမြင်တို့နှင့်ပတ်သက်၍ မတူကွဲလွဲမှုအချို့ ရှိနေပါသည်။ သို့ရာတွင်၊ ဇွန်လထဲတွင် လှိုင်းဘွဲ့မြို့နယ်မြောက်ပိုင်း၊ မြိုင်ကြီးငူအနီးရှိ နောက်ထပ် (DKBA) တပ်ရင်း (၃) ရင်းက နယ်ခြားစောင့်တပ်ဖွဲ့မှနေ၍ ထွက်ပြေးလာခဲ့ကာ၊ (KNLA) နှင့် ပူးပေါင်းပြီး၊ မြန်မာစစ်တပ်ကို တိုက်ခိုက်ခဲ့ကြသည်။

(၂၀၁၁) ခုနှစ်အတွင်းမှာ ကော့ကရိတ်၊ မြဝတီ၊ ကြာအင်းဆိပ်ကြီး မြို့နယ်တို့၏ နေရာအတော်များများတွင် တိုက်ပွဲများ ပျံ့နှံ့သွားပြီးနောက်၊ ပုံမှန်ဖြစ်ပွားနေခဲ့သည်။  မြန်မာစစ်တပ်၏ ရမ်းသန်းပစ်ခတ်လိုက်သော လက်နက်ကြီးကျည်များကြောင့် (ကွဲရှနွားတိရိစ္ဆာန်များ သေကြေပျက်စီးမှုနှင့် အိုးအိမ်ပျက်စီးမှုများမပါ) လူ (၅) ဦးထက်မနည်း သေဆုံးခဲ့သည်။ ကော့ကရိတ်မြို့နယ်၌ (KNLA/DKBA) တို့ကိုထောက်ခံအားပေးသည်ဟု  စွပ်စွဲခံရသော ကျေးရွာ (၆) ရွာကို မြန်မာစစ်တပ်က ရွာလုံးကျွတ်အတင်းအဓမ္မ ရွှေ့ပြောင်းခိုင်းခဲ့သည်။ မြဝတီမြို့နယ်၌မူ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေမှုကြောင့် ကျေးရွာ (၇) ရွာမှ ရွာသားများ စွန့်ခွာထွက်ပြေးသွားကြသည်။


တိုက်ပွဲဖြစ်ပွားမှုနှင့် အရပ်သားများအပေါ် တိုက်ခိုက်မှုများ ပြင်းထန်လာခဲ့သည်နှင့်အမျှ၊ ၎င်းင်းတို့နှင့်ဆက်စပ်နေသော လူ့အခွင့်အရေး ချိုးဖောက်မှုများသည်လည်း  ပို၍ အဖြစ်များလာခဲ့သည်။ အတင်းအဓမ္မလုပ်အားစေခိုင်းခြင်း၊ အရမ်းကာရော ဖမ်းဆီးခြင်း၊ အနိုင်ကျင့်ငွေတောင်းခြင်းတို့သည် ရိုးနေအောင်ဖြစ်ပွားခဲ့သည်။ သို့ရာတွင် မိုင်းနင်းသူ (သို့မဟုတ်) လူသားဒိုင်းလွှားအဖြစ် စစ်တပ်နှင့်လိုက်ပါရန် ဆွဲခေါ်ခံရသော ကျေးရွာသားများ၏အဖြစ်က ပို၍ကြောက်စရာကောင်းသည်။ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေခြင်းနှင့် သွားလာမှုအပေါ် မြန်မာစစ်တပ်၏ ချုပ်ချယ်ကန့်သတ်မှုများကြောင့် ရှေ့လာမည့်နှစ်၊ နှစ်ဦးပိုင်းတွင်

---

[65] ပြည်တွင်းနေရပ်ရင်းစွန့်ခွာခဲ့ရသူ ကရင်အမျိုးသားများဆိုင်ရာ ကော်မီတီ (CIDKP) က စုဆောင်းခြုံငုံသုံးသပ် တင်ပြခြင်း ဖြစ်သည်။

[66] Backpack Health Workers Team ၏ ၂၀၁၁ ခုနှစ် မတ်လ ၃၁ ရက် ရက်စွဲဖြင့် ထုတ်ဝေခဲ့သည့် "Situation Update : Conflict and Displacement in Burma's border areas", www.backpackteam.org တွင်လည်း တွေ့နိုင်ပါသည်။

# မြေပုံ (၁၀)။ ကရင်ပြည်နယ် အလယ်ပိုင်း



ပုံမှန်အတိုင်းပြန်လည်စားသောက်နေထိုင်ရေးအတွက် လိုအပ်သော မြေယာနှင့် အခြား ထုတ်လုပ်ရေးအရင်းအနှီးများ ရရှိရေးမှာ ထိခိုက်ခဲ့ရသည်။

(၂၀၁၁) ခုနှစ်အတွင်းမှာ အခါမဟုတ် မိုးနှင့် အခြားသော သဘာဝဘေးများကလည်း ဒုက္ခပိုများစေပါသည်။ မိုဦးသည် ခါတိုင်းထက် စောကျခဲ့ရာ၊ ရေသွင်းစိုက်ပျိုးရသော လယ်များအတွက် ကောင်းသော်လည်း၊ တောင်ယာအမားများအဖို့ ၎င်းင်းတို့၏ တောင်ယာများမှာ ခုတ်ထွင်ရှင်းလင်း၊ မီးရှို့ရန် အချိန်မရခဲ့ချေ။ ဧပြီလအတွင်းက ကော့ကရိတ်မြို့နယ်နှင့် ကြာအင်းမြို့နယ်အတွင်းရှိ ဒေါနတောင်တန်း အနောက်ဘက်ခြမ်း တလျှောက်တွင် မုန်တိုင်းတခုလည်းတိုက်ခတ်ခဲ့ရာ နှစ်ရှည်ခံ သစ်သီးပင်များနှင့် ကွမ်းသီးပင်များ ပျက်စီးသွားခဲ့သည်။ လက်နက်တိုင်တိုက်ပွဲများနှင့် သဘာဝဘေးတို့နှစ်ခုပေါင်း၏ အကျိုးဆက်ကား လာမည်နှစ်အဖို့ ကရင်ပြည်နယ်အလယ်ပိုင်းတွင် ရိက္ခာပြတ်လပ်မည့် ကိန်းပင်ဖြစ်ပါသည်။

## ၄။ ၅။ မွန်ပြည်နယ် တောင်ပိုင်းနယ်မြေများ [၆၇]

*"မြေမြုပ်မိုင်းတွေကို ကြောက်လို့ ကျနော်တို့ တောထဲကို အမဲပစ် မထွက်ရဲကြဘူး။ လယ်လုပ်ဖို့ လယ်ထဲကိုတောင် လမ်းလျှောက် မသွားရဲကြတော့ဘူး။ ကြောက်ကြောက်နဲ့ အိမ်ထဲမှာပဲ နေခဲ့ကြတယ်။ ကျနော်တို့ ရွာရဲ့အနီးအနားမှာ တိုက်ပွဲဖြစ်နေလို့ ဘယ်တော့ မိုင်းနင်းမိအုံးမလဲလို့ စိုးရိမ်နေကြတယ်။ တိုက်ပွဲမရှိတဲ့အခါမှာတောင်မှ ဗမာစစ်တပ်က သူတို့သွားလာတဲ့အခါ လမ်းပြလိုက်ပေးဖို့ ခေါ်လေ့ရှိတယ်။"*

(မွန်ရွာသားတဦး၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ မွန်ဒုက္ခသည် ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မီတီ (MRDC) ၏ တွေ့ဆုံမေးမြန်းချက်၊ ဇူလိုင်လ၊ ၂၀၁၁–ခုနှစ်)

မွန်လူမျိုးအများစုတို့နေထိုင်ရာ ကြာအင်းဆိပ်ကြီးမြို့နယ်တောင်ပိုင်း၊ ရေးမြို့နယ်၊ ရေဖြူမြို့နယ်တို့တွင် ဖြစ်ပွားနေသော တင်းမာမှုများသည် မွန်ပြည်သစ်ပါတီ (NMSP) က (၂၀၁၀) ခုနှစ်တွင် ၎င်း၏လက်နက်ကိုင်တပ်အား နယ်ခြားစောင့်တပ်ဖွဲ့ အဖြစ်သို့ အသွင်ပြောင်းဖွဲ့စည်းရေးကို ပယ်ချပြီးနောက်တွင် ပိုဆိုးလာခဲ့သည်။ တိုက်ပွဲများဖြစ်ပွားလာခြင်း မရှိသော်လည်း မွန်ပြည်သစ်ပါတီနှင့် မြန်မာစစ်တပ်၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တို့၏ အပြန်အလှန်ဆက်ဆံမှုများ ပြတ်တောက်သွားခဲ့သည်။ (DKBA) ခွဲထွက်အုပ်စုနှင့် မွန်ခွဲထွက်အုပ်စုများ၏ ချောင်းမြောင်းပစ်ခတ်မှုတို့ကြောင့်လည်း ဆက်လက်၍ မတည်မငြိမ် ဖြစ်နေပါသည်။

(DKBA) ခွဲထွက်အုပ်စုသည် ဘုရားသုံးဆူတောင်ကြားလမ်းကို သိမ်းထားပြီး၊ (၂၀၁၀) နိုဝင်ဘာလ ရွေးကောက်ပွဲများ ပြီးပြီးချင်း မှာပင် မြန်မာစစ်တပ်ကို တိုက်ခိုက်မှုများ ပြန်လည်စတင်ခဲ့သည်။ အိမ်မပြန်နိုင်ကြသော ရွှေ့ပြောင်းအလုပ်သမားများနှင့် ဒုက္ခသည် များအပါအဝင် အိုးမဲ့အိမ်မဲ့ဖြစ်သွားသူ (၃,၀၀၀) ခန့်ကို (DKBA) များ ပြန်လည်ဆုတ်ခွာမသွားမီ ရက်အနည်းငယ်ခန့် ထိုင်းနယ်မြေထဲမှာ ယာယီနေထိုင်စရာနေရာများနှင့် အကူအညီများပေးခဲ့သည်။ နယ်စပ်အနီးမှာ ဖြစ်ပွားခဲ့သောတိုက်ပွဲများ ရပ်သွားသည်နှင့်တပြိုင်နက် ဒုက္ခသည်များကို ထိုင်းအစိုးရက ပြန်ထွက်သွားခိုင်းခဲ့သည်။ သို့ရာတွင် ပတ်ဝန်းကျင်နယ်မြေများ၌မူ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေခဲ့သည်။

လုံခြုံရေးအခြေအနေ ဆိုးရွားလာနေခြင်းတွင် အစိုးရ၏ အခြေခံအဆောက်အဦများနှင့် ဆက်ကြေးမပေးသော ပုဂ္ဂလိကသယ်ယူ ပို့ဆောင်ရေးလုပ်ငန်းများအား ပစ်မှတ်ထားသော ဖုံးဖောက်ခွဲမှုများ အပါအဝင်ဖြစ်သည်။ မြန်မာစစ်တပ်က တပ်များ တိုး၍ချထားခြင်း၊ အရပ်သားများ နေထိုင်ရာနေရာများသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ စစ်ဆေးရေး စခန်းများတိုး၍ ချထားကာ အစိုးရ ထိန်းချုပ်ထားရာ နယ်မြေများထဲသို့ ဝင်ရောက်ခြင်းများကို ကန့်သတ်ချုပ်ချယ်ခြင်း၊ မွန်ပြည်သစ်ပါတီ (သို့မဟုတ်) "သူပုန်" ကြီးစိုးရာ နယ်မြေများထဲသို့ ကုန်သည်များ ဝင်ရောက်၊ အရောင်းအဝယ်လုပ်ခြင်း ကို ကန့်သတ်ချုပ်ချယ်ခြင်းတို့ဖြင့် တုံ့ပြန်ခဲ့သည်။ သာဓကအားဖြင့်၊ ယခင်အပစ်အခတ်ရပ်စဲနယ်မြေများထဲသို့ ကုန်သည်များက

[၆၇] မွန်ဒုက္ခသည် ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မီတီ (MRDC) က စုဆောင်းခြုံငုံသုံးသပ် တင်ပြထားသည်။

မော်တော်ကားတစီးလျှင် ဆန် (၃) အိတ်ထက်ပို၍ သယ်ဆောင်ခြင်းကို ရေးတံတားရှိ စစ်ဆေးရေးစခန်းက ပိတ်ပင် တားမြစ်ထား ခဲ့ခြင်း ဖြစ်သည်။

ရေးမြို့နယ်တောင်ပိုင်းနှင့် ရေဖြူမြို့နယ်မြောက်ပိုင်းတို့၌ မွန်ခွဲထွက်အဖွဲ့ငယ်များက မြန်မာအာဏာပိုင်များကို ဆက်လက်၍ လက်နက်ကိုင်ဆန့်ကျင်နေကြရာ နယ်မြေကျေးရွာများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပွားစေပါသည်။ မြန်မာစစ်တပ်က သူပုန်အဖွဲ့များကို ရှင်းလင်းပစ်ရေးအတွက် လူထုကို ပစ်မှတ်ထားသော ၎င်းင်းတို့ကျင့်သုံးနေကျ သူပုန်နှိမ်နင်းရေး ဗျူဟာဖြင့် တုံ့ပြန်ခဲ့သည်။ မွန်ပြည်နယ် အစိုးရအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီးဖြစ်သော်လည်း လွှတ်တော်ကိုယ်စားလှယ်များက အရပ်သားများအား လူ့အခွင့်အရေးချိုးဖောက်မှုများရန်မှ ကာကွယ်ပေးနိုင်ခြင်းမရှိခဲ့ချေ။ မြေယာသိမ်းယူခြင်း၊ စစ်တပ်၏ ရိက္ခာများ သယ်ပို့ရေးအတွက် အရပ်သားများအား ပေါ်တာဆွဲခြင်းအပါအဝင်၊ အတင်းအဓမ္မလုပ်အားစေခိုင်းခြင်း တို့သည် နေရာအနှံ့မှာ ဖြစ်ပွားနေဆဲပင်ရှိသည်။

ပုဂ္ဂလိကပိုင်ကုမ္ပဏီများကြောင့် သော်လည်းကောင်း၊ မြန်မာစစ်တပ်၏ ကိုယ်ထူကိုယ်ထ ရပ်တည်ရေးအစီအစဉ်ကြောင့် သော်လည်းကောင်း မြေယာသိမ်းပိုက်ခံရမှုများ ဆက်လက်ဖြစ်ပွားနေခဲ့သည်။ ဇေကမ္ဘာကုမ္ပဏီက ကျိုက်မရောမြို့နယ်တွင် ဘိလပ်မြေစက်ရုံ တည်ဆောက်ရေးအတွက် မြေကေပေါင်း (၈၀၀) ခန့်ကို သိမ်းယူခဲ့ရာ၊ နေပြည်တော်သို့ အသနားခံ စာတင်ပြီး နောက်မှာပင် လယ်သမားများအတွက် ပေးသောလျော်ကြေးငွေသည် ဈေးကွက်မှာပေါက်နေသော မြေဈေးနှုန်းများထက် နည်းနေသေးသည်။ ရေဖြူမြို့နယ်၌ ရေတပ်ကလည်း ကွဲသုံးညီမ ကျွန်းပေါ်ရှိ ကျေးရွာသားများထံမှ မြေကေ (၁,၀၀၀) ကို သိမ်းယူခဲ့သည်။ ရေတပ်၊ အမှတ် (၄၃) တပ်ဖွဲ့၏ တပ်မှူးဖြစ်သူက စစ်သင်တန်းကျောင်းနှင့် စစ်တန်းလျားများ ဆောက်ရန်အတွက် မြေသိမ်းယူခြင်းဖြစ်ကြောင်း၊ နောက်ထပ်၍ မြေကေ (၃,၀၀၀) သိမ်းယူရန် လိုသေးကြောင်း ပြောခဲ့သည်။[၆၈]

## ၄။ ဖ။ တနင်္သာရီ တိုင်းဒေသကြီး [၆၉]

*“ဒီနယ်မြေမှာ လှုပ်ရှားနေတဲ့ ခလရ (၅၅၆) ရဲ့ တပ်ဖွဲ့တွေမှာ အင်အား (၁၀၀) လောက် ရှိပါတယ်။ နှစ်တိုင်းပဲ၊ ကျနော်တို့ ရွာသားတွေက သူတို့တပ်အတွက် ရိက္ခာတွေကို ထိုင်းနယ်စပ်ဆီ သယ်ပေးရတယ်။ နယ်စပ်ကို ရောက်ဖို့တောင် (၁၀) ရက်ကျော် လောက် သွားရပါတယ်။ သူတို့ရိက္ခာတွေကို သယ်ရတဲ့အပြင်၊ ကိုယ်စားဖို့ ရိက္ခာကိုလည်း ယူသွားရသေးတယ်။ သူတို့ကတော့ ကျနော်တို့ကို ဘာတခုမှ ပေးတာမဟုတ်ပါဘူး။ သွားသယ်မပေးနိုင်တဲ့လူကို ဒဏ်ငွေ ကျပ်(၄၀,၀၀၀) ရိုက်တယ်။ ကျနော်တို့ ရွာသားတွေက စစ်တပ်ကို သူတို့ကောက်တဲ့ကြေးတွေ ပုံမှန်ပေးကြရတယ်။ သူတို့ ဘယ်အခါတောင်းတောင်း၊ ဘာပဲ တောင်းတောင်း ကျနော်တို့ ပေးကြရတယ်။ ပေးဖို့မတတ်နိုင်ရင်၊ သူများဆီက ငွေချေးပြီး ပေးရပါတယ်။”*


(ကရင်အမျိုးသားတဦး၊ တနင်္သာရီမြို့နယ်၊ ပြည်တွင်းနေရပ်ရင်းစွန့်ခွာခဲ့ရသူ ကရင်အမျိုးသားများဆိုင်ရာ ကော်မီတီ (CIDKP) ၏ တွေ့ဆုံမေးမြန်းချက်၊ ဇွန်လ၊ ၂၀၁၁–ခုနှစ်)

ရွေးကောက်ပွဲများကို (၂၀၁၀) ခုနှစ်၊ နိုဝင်ဘာလတွင် ကျင်းပပြီး၊ တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ကို (၂၀၁၁) ခုနှစ်၊ မတ်လတွင် ကျင်းပခဲ့သော်လည်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း စီမံကိန်းများနှင့် ပတ်သက်၍ ဆွေးနွေးကြခြင်း မရှိချေ။ သို့ရာတွင် မြန်မာစစ်တပ်၏ ကမ်းရိုးတန်းတိုင်း စစ်ဌာနချုပ်သည် မြို့ကြီးများ၊ မဟာဗျူဟာမြောက် အချက်အချာနေရာများတွင် တနံတလျား ဖြန့်ချထားသော စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် (Military Operation Command) (၃) ခု၊ နည်းဗျူဟာ ဌာနချုပ်များ၊ အမြောက်တပ်ရင်းများ၊ လေယာဉ်ပစ် အမြောက်တပ်ရင်းများ၊ ခြေလျင်တပ်ရင်းများဖြင့် အဆုံးအဖြတ်ပေးနိုင်သော အဆင့်နေရာမှာ ရှိနေဆဲဖြစ်သည်။ စစ်တပ်တိုက်ကင်းများကို အင်အားဖြည့်ပေးရေးအတွက် အရပ်သား လက်နက်ကိုင်တပ်ဖွဲ့များ ဖွဲ့စည်းထားပြီး၊ ထိုတပ်ဖွဲ့များအတွက် ရိက္ခာနှင့် လစာငွေများကို ပြည်သူများက မပေးမနေရ ပေးနေကြရသည်။

[68] See also Human Rights Foundation of Monland, June-July 2011, “Burma’s Navy Attacks Civilian Livelihoods”, http://rehmonnya.org/

[69] ပြည်တွင်းနေရပ်ရင်းစွန့်ခွာခဲ့ရသူ ကရင်အမျိုးသားများဆိုင်ရာ ကော်မီတီ (CIDKP) က စုဆောင်းခြုံငုံ သုံးသပ်တင်ပြသည်။

# မြေပုံ (၁၁)။ ကရင်ပြည်နယ်၊ မွန်ပြည်နယ် တောင်ပိုင်းဒေသများ နှင့် တနင်္သာရီတိုင်းဒေသကြီး မြောက်ပိုင်းနယ်မြေများ



မြန်မာစစ်တပ်က အဓိကအားဖြင့် ကျူးလွန်သော လူ့အခွင့်အရေး ချိုးဖောက်မှုများကား အနှံ့အပြားဖြစ်နေဆဲပင် ရှိသည်။ တိုက်ပွဲဖြစ်ပွားရာ နယ်မြေများတွင် အထူးသဖြင့် ဖြစ်ပွားနေပါသည်။ ခြောက်သွေ့ရာသီတိုင်းမှာ တနင်္သာရီမြို့နယ်နှင့် မြိတ်မြို့နယ်များရှိ တနင်္သာရီမြစ်အောက်ပိုင်းနေ ကျေးရွာသားများသည် ထိုင်းနယ်စပ်တလျှောက်ရှိ မြန်မာစစ်တပ် ကင်းစခန်းများသို့ စစ်တပ် ထောက်ပံ့ရေးပစ္စည်းများနှင့် ခဲယမ်းမီးကျောက်များကို မသယ်မနေရ သယ်ပေးကြရသည်။ သယ်ပေးရာ၌ ပါဝင်မဆောင်ရွက်သော ကျေးရွာသားများ ဒဏ်ငွေအရိုက်ခံကြရသည်။ ထို့အတူပင် ကျေးရွာသားများသည် စစ်တပ် အာဏာပိုင်များ၏ အနိုင်ကျင့် ငွေတောင်းခြင်း၊ ပစ္စည်းဥစ္စာနှင့် ကျွဲနွားများသိမ်းယူခြင်း တို့ကို အမြဲတစေခံနေကြရသည်။


ဤဒေသအတွင်း၌ တိုက်ပွဲဖြစ်ပွားမှုများ အတော်အတန်နည်းသော်လည်း အရပ်သားများအပေါ် တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေဆဲပင် ရှိသည်။ ခမရ (၁၇)၊ ခမရ (၂၂၄) နှင့် ခမရ (၅၉၂) တို့ပါသော ပူးတွဲ စစ်ကြောင်းတကြောင်းသည် ဘုတ်ပြင်းမြို့နယ်၏ မနိုးလုံးနယ်မြေထဲသို့ ဇန်နဝါရီလအတွင်းက ဝင်ရောက်သွားခဲ့သည်။ စစ်ကြောင်းနီးလာချိန်တွင် နယ်မြေထဲမှာ ပုန်းအောင်းနေကြသော ကျေးရွာသား (၂၀၀) တို့ ထွက်ပြေးကြသည်။ ထိုရွာသားတို့၏ နေအိမ်များ၊ ဖြစ်သလို ဆောက်ထားသော စာသင်ကျောင်းနှင့် ကျောင်းသားများနေထိုင်ရာ အဆောင်တို့ မီးရှို့ဖျက်ဆီးခံလိုက်ရသည်။

ယခင်စစ်အစိုးရလက်ထက်က စိုက်ပျိုးရေးလုပ်ခွင့်ကို ရရှိထားသော ကုမ္ပဏီများ၏ မြေသိမ်းယူမှုများသည် နေရာအနှံ့မှာ ဖြစ်ပွားနေဆဲပင် ရှိသည်။ ဤကုမ္ပဏီများသည် အများအားဖြင့် အငြိမ်းစားယူထားသော ထိပ်တန်းစစ်အရာရှိဟောင်းများ (သို့မဟုတ်) သြဇာရှိသော စီးပွားရေးလုပ်ငန်းရှင်ကြီးများ၏ ကုမ္ပဏီများဖြစ်သည်။ အများအားဖြင့် တနင်္သာရီနှင့် ထားဝယ်မြို့နယ်များတွင် ရာဘာစိုက်ခင်း၊ ကျွန်းစိုက်ခင်း၊ ဆီအုန်းစိုက်ခင်းများစိုက်ပျိုးသည်။ ထားဝယ်မြို့အရှေ့ဘက်ရှိ ဘန်းချောင်းနယ်မြေတွင် အငြိမ်းစား ဗိုလ်ချုပ်တဦးအား ကျွန်းစိုက်ခင်းအတွက် ဧက (၃၀,၀၀၀) ကျော်ကျယ်သော မြေကို နှစ် (၃၀) လုပ်ပိုင်ခွင့် ပေးထားသည်။ ဤကုမ္ပဏီအများစုသည် ဘိုးဘွားပိုင်မြေ ပိုင်သူများအား လျော်ကြေးတစုံတရာပေးခြင်း မရှိချေ။ စိုက်ခင်းများ မတည်မီမှာ နယ်မြေထဲရှိ သစ်ပင်များအားလုံးကို ခုတ်လှဲထုတ်ယူခဲ့ကြသည်။

ထားဝယ်ဖွံ့ဖြိုးရေး စီမံကိန်းအတွက် ထိုင်းအစိုးရနှင့်မြန်မာအစိုးရတို့၏ သဘောတူညီချက်အရ အီတယ်လ်–ထိုင်း ဖွံ့ဖြိုးရေးကုမ္ပဏီ (Ital-Thai Development Company) က တနင်္သာရီမြစ်ကြောင်းအတိုင်း ကန်ချနဘူရီမြို့အနီး နယ်စပ်သို့ ဖောက်မည့် မော်တော်ကားလမ်းနှင့် မီးရထားလမ်းအတွက် မြေပြင်တိုင်းတာမှုများနှင့် မြေသားစစ်ဆေးမှုများ စတင်ခဲ့သည်။ ဤကုမ္ပဏီက ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် စက်မှုဇုန်နယ်မြေအတွက် ဆောက်လုပ်ရေးတိုင်းတာမှုများကိုလည်း စတင်ခဲ့သည်။ နောက်ထပ် အခြားကုမ္ပဏီများကလည်း တိုက်ပွဲဖြစ်ပွားမှုနည်းသော ဤနယ်မြေဒေသ၌ သစ်ခုတ်ခြင်း၊ သတ္တုတူးဖော်ခြင်း၊ စီးပွားဖြစ်သီးနှံစိုက်ပျိုးခြင်းလုပ်ငန်းများ လုပ်ခွင့်ရရေးအတွက် ကြိုးပမ်းနေလျှက်ရှိသည်။ ကရင်အမျိုးသား အစည်းအရုံး (KNU) က ဤအခြေခံအဆောက်အဦ တည်ဆောက်ရေးစီမံကိန်းများကို ကန့်ကွက်ခဲ့ပြီး၊ (၂၀၁၁) ခုနှစ်၊ ဇူလိုင်လအတွင်းတွင် မေတ္တာမြို့နယ်ခွဲရှိ လမ်းဖောက်လုပ်ရေးလုပ်ငန်းကို ဟန့်တားနှောင့်ယှက်ခဲ့သည်။[၇၀]

[70] Karen News, 19 July 2011, “KNU Stops Tavoy Road Construction”, http://karennews.org/2011/07/knu-stops-tavoy-road-construction.html/

# မြေပုံ (၁၂)။ တနင်္သာရီတိုင်း ဒေသကြီး



*“ဖေဖော်ဝါရီလ (၁၂) ရက်နေ့မှာ  တပ်ရင်းမှူး မျိုးခိုင်ထွန်း ခေါင်းဆောင်တဲ့ ဗမာစစ်တပ်၊ တပ်ရင်း (၄၈) က ကျမရဲ့အဖေကို ကျမတို့ဥယျာဉ်ထဲကနေ ဖမ်းသွားခဲ့ပါတယ်။ (၂) ရက်လောက်ကြာတော့ အဖေ့ကို သတ်လိုက်တယ်လို့ ကြားပါတယ်။ ကျမအဖေက သာမန်ရွာသားတယောက်ပါ။ ဒါပေမယ့် သူ့ကို ညှဉ်းပမ်းနှိပ်စက်ပြီး၊ ဘာအကြောင်းမှ မရှိဘဲ သတ်ပစ်ခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာ ကျမရဲ့အမေ၊ ညီမ (၃) ယောက်နဲ့ ကျမရဲ့ မောင်လေးတို့မှာ ဒုက္ခမျိုးစုံနဲ့ ကြုံခဲ့ရပါတယ်။ မောင်လေးနဲ့ ညီမလေးတွေရဲ့ ကျောင်းစရိတ်ကို မတတ်နိုင်လို့ သူတို့ ကျောင်းထွက်လိုက်ရပါတယ်။ ကျမက ကွမ်းရွက်တွေ၊ ကွမ်းသီးတွေ သံတောင်မြို့ကို သယ်သွားပြီး၊ ရောင်းတဲ့အလုပ်ကို စ လုပ်ပါတယ်။  ဝင်ငွေကတော့ နည်းနည်းလောက်ပဲ ရပါတယ်။ ဒါပေမယ့် ကျမရဲ့မိသားစုအတွက် အိမ်သုံးစရိတ်နဲ့ ဆန်ဘိုးလောက်တော့ ရပါတယ်။ ကျောင်းစရိတ်အတွက်တောင် ကျမ ပိုက်ဆံ နည်းနည်းပါးပါး စုထားပါတယ်။ ဒါပေမယ့်၊ ဝမ်းစာရဖို့၊ ကလေးတွေ ကျွေးမွေးစောင့်ရှောက်ဖို့ အခက်အခဲတွေကို ဖြေရှင်းရာမှာ ကျမရဲ့အမေက အဓိကပါ။”*

(ကရင်အမျိုးသမီးတဦး၊ သံတောင်မြို့နယ်၊ ကရင် လူမှုဖူလုံရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာရုံး
(KORD) ၏ တွေ့ဆုံမေးမြန်းချက်၊ မေလ၊ ၂၀၁၁–ခုနှစ်)

# နောက်ဆက်တွဲများ



ဘုရားသုံးဆူဒေသအတွင်း ရွေးကောက်ပွဲအပြီး
အိုးအိမ်စွန့်ပစ်ထွက်ပြေးရမှု၊ (TBBC, ၂၀၁၁ ခုနှစ်)

# နောက်ဆက်တွဲ (၁)
# ပြည်တွင်း အိုးအိမ်စွန့်ပစ်ထွက်ပြေးရသူ ဦးရေခန့်မှန်းချက် (၂၀၁၁ ခုနှစ်)

| ပြည်နယ်၊ တိုင်းဒေသကြီး နှင့် မြို့နယ်များ | လွန်ခဲ့သည့် ၁၂လအတွင်း အိုးအိမ်စွန့် ပစ်ထွက်ပြေးရသူ ဦးရေပေါင်း | လက်ရှိ အိုးအိမ်စွန့်ပစ်ထွက်ပြေးရသူ အိုင်ဒီပီ ပေါင်း |
|---|---|---|
| **ရှမ်းပြည်နယ်** | **၅၂၇၀၀** | **၁၄၅၆၀၀** |
| မောက်မယ် | ၂၀၀၀ | ၃၃၀၀ |
| မိုင်းကိုင် | ၁၅၀၀ | ၃၇၀၀ |
| လဲချား | ၂၀၀၀ | ၁၇၀၀၀ |
| လွိုင်လင် | ၁၀၀၀ | ၁၉၀၀ |
| နမ့်ဇန် | ၃၀၀၀ | ၆၈၀၀ |
| ကွန်ဟိန်း | ၄၅၀၀ | ၈၀၀၀ |
| မိုင်းဆတ် | ၁၀၀၀ | ၃၁၀၀၀ |
| မိုင်းတုံ | ၁၅၀၀ | ၃၀၀၀၀ |
| မိုင်းပန် | ၁၅၀၀ | ၄၀၀၀ |
| ကျေးသီး | ၁၁၇၀၀ | ၁၄၉၀၀ |
| လင်းခေး | ၁၂၀၀ | ၂၀၀၀ |
| မိုးနဲ | ၁၈၀၀ | ၃၀၀၀ |
| မိုင်းရှူး | ၄၃၀၀ | ၄၃၀၀ |
| မိုင်းရယ် | ၄၁၀၀ | ၄၁၀၀ |
| သီပေါ | ၅၁၀၀ | ၅၁၀၀ |
| လားရှိုး | ၁၈၀၀ | ၁၈၀၀ |
| နမ့်ခန်း | ၅၀၀ | ၅၀၀ |
| နမ်းဆန် | ၄၀၀ | ၄၀၀ |
| ကျောက်မဲ | ၅၀၀ | ၅၀၀ |
| တန့်ယန်း | ၃၃၀၀ | ၃၃၀၀ |
| **ကယားပြည်နယ်** | **၁၃၀၀** | **၃၅၁၀၀** |
| ရှားတော | ၂၀၀ | ၁၂၀၀ |
| လွိုင်ကော် | ၁၀၀ | ၃၃၀၀ |
| ဒီမောဆို | ၁၀၀ | ၉၅၀၀ |
| ဖရူဆို | ၈၀၀ | ၅၉၀၀ |
| ဘောလခဲ | ၀ | ၂၀၀၀ |
| ဖားဆောင်း | ၁၀၀ | ၈၇၀၀ |
| မယ်စဲ့ | ၀ | ၄၅၀၀ |
| **ပဲခူးတိုင်းဒေသကြီး** | **၁၉၃၀၀** | **၄၄၉၀၀** |
| တောင်ငူ | မရနိုင် | မရနိုင် |
| ကျောက်ကြီး | ၁၂၈၀၀ | ၃၃၇၀၀ |
| ရွှေကျင် | ၆၅၀၀ | ၁၁၂၀၀ |
| **ကရင်ပြည်နယ်** | **၃၆၁၀၀** | **၁၀၆၈၀၀** |
| သံတောင် | ၈၀၀ | ၁၆၀၀၀ |
| ဖာပွန် | ၇၄၀၀ | ၄၁၀၀၀ |
| လှိုင်းဘွဲ့ | ၁၀၀၀ | ၅၅၀၀ |
| မြဝတီ | ၂၂၀၀၀ | ၆၀၀၀ |
| ကော့ကရိတ် | ၂၃၀၀ | ၂၃၀၀ |
| ကြာအင်းဆိပ်ကြီး | ၂၆၀၀ | ၃၆၀၀၀ |
| **မွန်ပြည်နယ်** | **၆၀၀** | **၄၀၀၀၀** |
| ရေး | ၆၀၀ | ၄၀၀၀၀ |
| **တနင်္သာရီတိုင်းဒေသကြီး** | **၂၀၀၀** | **၇၇၆၀၀** |
| ရေဖြူ | ၉၀၀ | ၂၈၂၀၀ |
| ထားဝယ် | ၅၀၀ | ၇၆၀၀ |
| သရက်ချောင်း | ၀ | ၄၀၀၀ |
| ပုလော | ၂၀၀ | ၁၃၇၀၀ |
| မြိတ် | ၀ | ၆၃၀၀ |
| တနင်္သာရီ | ၂၀၀ | ၁၄၄၀၀ |
| ဘုတ်ပြင်း | ၂၀၀ | ၃၄၀၀ |
| စုစုပေါင်း | ၁၁၂၀၀၀ | ၄၅၀၀၀၀ |

## နောက်ဆက်တွဲ (၂)
## ၂၀၁၁ ခုနှစ် စစ်တမ်းလမ်းညွှန်
## အိုးအိမ်စွန့်ပစ်ထွက်ပြေးရမှုနှင့် ပဋိပက္ခ တို့နှင့်ပတ်သက်သည့် အင်တာဗျူးလွှာ
(INTERVIEW ABOUT DISPLACEMENT AND CONFLICT)

**မြို့နယ်အမည် (မြန်မာပြည်မြေပုံအတိုင်း)** ______________________________
**အချက်အလက်ပေးသူများ၏နောက်ကြောင်း** ______________________________

၁။ လွန်ခဲ့သည့် ၁၂လတာကာလအတွင်း လုံးလုံးပျက်စီး၊ ရွှေ့ပြောင်း သို့မဟုတ် ဖျက်ဆီးခံခဲ့ရသောရွာပေါင်းဘယ်လောက် များများရှိပါသလဲ။ ထိုရွာများသည် မည်သည့်နေရာတွင်တည်ရှိခဲ့ပါသလဲ?
၂။ လွန်ခဲ့သည့် ၁၂လတာကာလအတွင်း လက်နက်ပဋိပက္ခကြောင့်သော်၄င်း၊ သဘာဝဘေးဒဏ်ကြောင့်သော်၄င်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့်သော်၄င်း ၎င်းတို့အိမ်များကိုစွန့်ခွာ၍ အခြားတနေရာသို့ ထွက်ပြေးနေထိုင်နေရသူပေါင်း ဘယ်လောက်ရှိပါသလဲ?
၃။ လက်နက်ပဋိပက္ခကြောင့်သော်၄င်း၊ သဘာဝဘေးဒဏ်ကြောင့်သော်၄င်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့်သော်၄င်း ၎င်းတို့၏နေအိမ်မှ အတင်းအဓမ္မစွန့်ခွာရ၍ ပြည်တွင်းတွင်သာကျန်နေသူများ၊ ၎င်းတို့နေရင်းရွာသို့မပြန်နိုင်သူများ၊ သို့မဟုတ် တနေရာရာသို့ လုံခြုံစွာနှင့်ဂုဏ်သိက္ခာရှိစွာ အခြေမချနိုင်သူများ ဦးရေဘယ်လောက်ရှိပါသလဲ?
၄။ နအဖ၏ တပ်ရင်းဌာနချုပ်များနှင့်ရှေ့တန်းအခြေကုတ်စခန်းများမည်သည့်နေရာတွင် ရှိပါသလဲ?
၅။ နယ်စပ်လုံခြုံရေးတပ် (BGF) များ၏ ရှေ့တန်းအခြေကုတ်စခန်းများ၊ ၎င်းတို့၏ဌာနချုပ်များနှင့် နအဖဖွဲ့စည်းပေးထားသည့် ပြည်သူ့စစ် (Militia) တည်နေရာများ မည်သည့်နေရာတွင်ရှိပါသလဲ?
၆။ ယခင် နအဖနှင့်အပစ်အခတ်ရပ်စဲရေးယူခဲ့၍ နယ်စပ်လုံခြုံရေး (BGF) တပ်ပြောင်းလဲဖွဲ့စည်းရေးအဆိုပြုချက်အပေါ် ငြင်းဆိုခဲ့သည့် လက်နက်ကိုင်အတိုက်အခံအဖွဲ့များ ၎င်းတို့လူထုအပေါ်တစုံတရာသြဇာညောင်းသည့် (၎င်းတို့ထိန်းချုပ်ထားရာ) နေရာများ မည့်သည့်နေရာများတွင်ရှိပါလဲ?
၇။ လက်နက်ကိုင်အတိုက်အခံအဖွဲ့များ နအဖနှင့်တိုက်၍ ၎င်းတို့လူထုအပေါ်တစုံတရာသြဇာညောင်းသည့် (၎င်းတို့ထိန်းချုပ် ထားရာ)နေရာများမည့်သည့်နေရာများတွင်ရှိပါလဲ?
၈။ လွန်ခဲ့သည့် ၁၂လတာကာလအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများဖြစ်ပေါ်စေသည့် ဖွံ့ဖြိုးရေးစီမံကိန်းများ အမျိုးအစားနှင့် မည်သည့်နေရာများတွင် တည်ရှိကြောင်းဖော် ပြပေးပါ။
၉။ လွန်ခဲ့သည့် ၁၂လတာကာလအတွင်း အောက်ပါကွင်းထဲတွင်ဖော် ပြထားသည့် ဖွံ့ဖြိုးရေးစီမံကိန်းအမျိုးအစားတခုချင်းနှင့် ဆက်နွယ်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများ မည်သည့်နေရာများတွင်ရှိပါသလဲ?

## အိမ်ထောင်စုအလိုက် ဆင်းရဲမွဲတေမှု စစ်တမ်းကောက်ယူခြင်း
(HOUSEHOLD POVERTY SURVEY)

**ဝန်ထမ်းအမည် နှင့်အဖွဲ့အစည်း** .....................................................................
**ပြည်နယ် (သို့) တိုင်း** .....................................................................
**မြို့နယ်** .....................................................................
**ကျေးရွာ** .....................................................................

ကျနော်/မနာမည်က________. ဖြစ်ပါတယ်။ ကျနော်/မက________. လို့ခေါ်တဲ့ လူသားချင်းစာနာတဲ့အဖွဲ့အစည်းမှာ အလုပ်လုပ်ပါတယ်။ ကျနော်/မအနေနဲ့ သင့်မိသားစုဘယ်လိုအသက်ရှင်ရပ်တည်သလဲဆိုတာကို သိချင်လို့ မေးခွန်းမေး ချင်ပါတယ်။ သင့်ရဲ့နာမည်ကို ကျနော်/မတို့ သိစရာမလိုတဲ့အပြင် သင်တဦးချင်းဖြေကြားချက်တွေကိုလည်း လျှို့ဝှက်စွာထားရှိ ပေးပါ့မယ်။ သင့်၏ပါဝင်ဖြေကြားပေးခြင်းအတွက် အကူအညီပေးခြင်းနဲ့တော့ ဘာမှမပတ်သက်ပါဘူး။ နောက်ဆိုယင်ရမယ်လို့လဲ ဂတိမပေးရဲပါဘူး။ ကျေးဇူးပြုပြီးတော့ ကျနော်/မတို့မေးခွန်းကို ပွင့်ပွင့်လင်းလင်းပဲ ဖြေစေချင်ပါတယ်။ ဒီတရက်အတွက် မေးခွန်းတွေဖြေဖို့ အချိန်ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။

**၁။ လိင်**

☐ 1. ကျား ☐ 2. မ

**၂။ ဘယ်ဘာသာ ကိုးကွယ်ပါသလဲ?** *(တခုထဲသာမှတ်ပါ)*

☐ 1. မိရိုးဖလာနတ်ကိုးကွယ်သည့်ဘာသာ ☐ 2. ဗုဒ္ဓဘာသာ ☐ 3. ခရစ်ယာန်ဘာသာ
☐ 4. မူဆလင် ☐ 5. ဘာမှမကိုးကွယ် ☐ 6. အခြား

၃။ သင်မည်သည့်လူမျိုးစုထဲကပါသလဲ? *(တခုထဲသာမှတ်ပါ)*

☐ 1. စကောကရင် ☐ 2. ပိုးကရင် ☐ 3. ကယား
☐ 4. ကယော ☐ 5. ပကူး ☐ 6. ကယန်း
☐ 7. ရှမ်း ☐ 8. ပလောင် ☐ 9. ပအိုဝ်း
☐ 10. လားဟူ ☐ 11. မွန် ☐ 12. ဗမာ
☐ 13. အခြား......................

၄။ မိသားစုအတွင်း နေထိုင်သူဦးရေဘယ်လောက်ရှိသည်ကို အသက်၊ ကျားမ ခွဲ၍ဖော်ပြပေးပါ။
*(သင့်လျော်သည့်အကွက်များတွင်လူဦးရေအရေအတွက်ထဲ့ပါ)*

| အသက် | ကျား | မ |
|---|---|---|
| ၅နှစ်အောက် | | |
| ၅–၁၄ ကြား | | |
| ၁၅–၂၉ ကြား | | |
| ၃၀–၄၄ ကြား | | |
| ၄၅–၅၉ ကြား | | |
| ၆၀နှစ် အထက် | | |

၅။ သင်မြန်မာနိုင်ငံသား ဖြစ်တယ်ဆိုတာ ဘာနဲ့သက်သေပြနိုင်မလဲ? *(သင့်လျော်သည့်အကွက်များတွင်မှတ်ပါ)*

☐ 1. မွေးလက်မှတ် ☐ 2. တရားဝင်မှတ်ပုံတင်စိစစ်ရေးကဒ်ပြား
☐ 3. ဒေသခံအာဏာပိုင်ထောက်ခံစာ ☐ 4. အိမ်ထောင်စုလက်မှတ်၊ ပုံစံ (၁၀)
☐ 5. ဘာမှသက်သေပြရန်မရှိပါ ☐ 6. အခြား (ဖော်ပြပါ) ......................

၆။ လွန်ခဲ့တဲ့ ၁၂လအတွင်း ကျနော်တို့အဖွဲ့အစည်းကနေ ငွေ (သို့) အစားအစာအကူအညီရဖူးသလား ?

☐ 1. ရဖူးတယ်။ ☐ 2. မရဖူးပါ။

၇။ သင့်မိသားစုသောက်သုံးရေအတွက် အဓိက ဘယ်အရင်းအမြစ်ကနေရသလဲ? *(တခုသာမှတ်ပါ)*

☐ 1. ကာကွယ်ထားသည့် ရေအရင်းအမြစ် (အဝီစိ၊ ကျောက်စီရေတွင်း၊ ခြံခတ်ထားသည့်ရေထွက်ပေါက်)
☐ 2. မကာကွယ်ထားသည့် ရေအရင်းအမြစ် (မြစ်ရေ၊ ကန်ရေ၊ သာမန်မြေတူးရေတွင်း)

၈။ သင့်အိမ်ခေါင်မိုးအတွက် လက်ရှိဘာပစ္စည်းနဲ့အဓိကသုံးပြီး ဆောက်လုပ်ထားသလဲ? (တခုသာမှတ်ပါ)

☐ 1. သက်ကယ်၊ ဖက်မိုး၊ ဝါးမိုး ☐ 2. ပလပ်စတစ်တာလပတ်အမိုး ☐ 3. သစ်သားပြားအမိုး
☐ 4. သံပြား၊ သွပ်ပြားမိုး ☐ 5. အမိုးမရှိ ☐ 6. အခြား (ဖော်ပြပါ) ......................

၉။ သင့်အိမ်နံရံအတွက် လက်ရှိဘာပစ္စည်းနဲ့အဓိကသုံးပြီး ဆောက်လုပ်ထားသလဲ? (တခုသာမှတ်ပါ)

☐ 1. သက်ကယ်၊ ဖက်ကာ ☐ 2, ဝါးအကာ ☐ 3. ပလပ်စတစ်တာလပတ်အကာ
☐ 4. သစ်အကာ ☐ 5. အုတ်၊ ကျောက်တုံးအကာ ☐ 6. အကာမရှိ
☐ 7. အခြား (ဖော်ပြပါ) ......................

၁၀။ သင့်မိသားစု ပုံမှန်ဘယ်လို အိမ်သာမျိုးသုံးပါသလဲ? (တခုသာမှတ်ပါ)

☐ 1. ရေသုံးအိမ်သာ ☐ 2. မြေတွင်းတူးရေမလိုအိမ်သာ ☐ 3. မြေတွင်းမတူးအိမ်သာ
☐ 4. အိမ်သာမရှိပါ ☐ 5. အခြား (ဖော်ပြပါ) ......................

၁၁။ သင့်မိသားစုအတွင်းအသက် ၅နှစ်အထက်မှ ၁၃နှစ်အရွယ်အထိ ကျောင်းပုံမှန်မတက်နိုင်သူများရှိပါသလား? *(တခုသာမှတ်ပါ)*

☐ 1. ရှိပါသည် ***(မေးခွန်း ၁၁(က)ကိုသွားပါ)*** ☐ 2. မရှိပါ ***(မေးခွန်း ၁၂ ကိုဆက်သွားပါ)***

၁၁ (က)။ *(တခုသာမှတ်ပါ)*

☐ 1. နာမကျန်းဖျားနာ၊ ဒုက္ခိတ ☐ 2. ကျောင်းစားရိတ် မတတ်နိုင်ပါ
☐ 3. ဆရာ/မ မရှိ၊ ကျောင်းမရှိ ☐ 4. လုံခြုံရေးအခြေအနေ စိတ်မချရ
☐ 5. အလုပ်လုပ်ရန်လိုအပ် ☐ 6. ကျောင်းသွားရန်စိတ်ဝင်စားမှုမရှိ
☐ 7. အခြား (ဖော်ပြပါ) ......................

၁၂။ သင့်မိသားအတွင်း ၁၂လနဲ့၅နှစ်အကြားကလေးငယ်ရှိပါက MUAC အဟာရခါတ်တိုင်းတာပါ။

| | ကလေး (၁) | ကလေး (၂) | ကလေး (၃) | ကလေး (၄) |
|---|---|---|---|---|
| MUAC နံပါတ် | | | | |

၁၃။ သင့်မိသားစုစိုက်ပျိုးရေးအတွက် သင်ဘယ်လိုစိုက်ပျိုးမြေမျိုးရှိသလဲ? *(သင့်လျော်သည့်အကွက်များတွင်မှတ်ပါ)*

☐ 1. လယ်မြေခြံမြေမရှိပါ
☐ 2. မီးဖိုချောင်အတွက် ခြံငယ်သာ
☐ 3. ၂ ကေထက်ငယ်၍ ရေသွယ်မြောင်းမရှိ
☐ 4. ၂ ကေထက်ငယ်၍ ရေသွယ်မြောင်းရှိ
☐ 5. ၂–၅ ကေကြား ရေသွယ်မြောင်းမရှိ
☐ 6. ၂–၅ ကေကြား ရေသွယ်မြောင်းရှိ
☐ 7. ၅–၁၀ ကေကြား ရေသွယ်မြောင်းမရှိ
☐ 8. ၅–၁၀ ကေကြား ရေသွယ်မြောင်းရှိ
☐ 9. ၁၀ ကေကျော် ရေသွယ်မြောင်းမရှိ
☐ 10. ၁၀ ကေကျော် ရေသွယ်မြောင်းရှိ

၁၄။ သင့်မိသားစုမှာ အောက်ဖေါ်ပြပါ စိုက်ပျိုးရေးသုံးပစ္စည်းများ ပိုင်ဆိုင်ပါသလား? *(သင့်လျော်သည့်အကွက်များတွင်မှတ်ပါ)*

☐ 1. စက်သုံးကိရိယာ (ထွန်စက်၊ လက်တွန်းထွန်စက်)
☐ 2. သာမန်ကိရိယာ (ဓါး၊ ပေါက်ပြား)
☐ 3 လယ်ထွန် ကျွဲ၊ နွား
☐ 4. ဘာတခုမှမရှိပါ
☐ 5. အခြား (ဖေါ်ပြပါ) .......................

၁၅။ သင့်မိသားစုမှာဝင်ငွေရရန်အတွက် အောက်ဖေါ်ပြပါ လုပ်ငန်းသုံးပစ္စည်းများ ပိုင်ဆိုင်ပါသလား? *(သင့်လျော်သည့်အကွက်များတွင်မှတ်ပါ)*

☐ 1. ရက်ကန်း (ကြီး၊ငယ်)
☐ 2. စက်တပ်လှေ
☐ 3 လက်လှော်လှေ
☐ 4. ကား
☐ 5. ဆိုင်ကယ်
☐ 6. ဘာမှမပိုင်ဆိုင်ပါ
☐ 7. အခြား (ဖေါ်ပြပါ) .......................

၁၆။ သင့်မိသားစုမှာ အိမ်မွေးတိရိစ္ဆာန် ဘယ်လောက်ပိုင်ဆိုင်သလဲ? *(အကွက်ထဲတွင် ကောင်ရေ ထည့်ပေးပါ)*

☐ 1. ကျွဲ ၊ နွားထီးကြီး
☐ 2. နွား
☐ 3. မြင်း၊ လား
☐ 4. ဝက်
☐ 5. ဆိတ်
☐ 6. ကြက်၊ ဘဲ၊ ငန်း၊ အခြားတောင်ပံပါသတ္တဝါ
☐ 7. ငါး၊ ပုဇွန်၊ ဂဏန်းမွေးကန် (ကန်အရေအတွက်)
☐ 8. အခြား (ဖေါ်ပြပါ) .......................

၁၇။ လွန်ခဲ့တဲ့တလအတွင်း သင့်မိသားစုစားသုံးဆန် အများဆုံးဘယ်ကရလာခဲ့သလဲ? *(တခုထဲသာမှတ်ပါ)*

☐ 1. ကိုယ်တိုင်စိုက်ပျိုးဆန်မှရသည်
☐ 2. ငွေဖြင့်ဝယ်ယူသည်
☐ 3. ချေးစား၍ ပြန်ပေးရန်ရှိသည်
☐ 4. မိသားစု၊ မိတ်ဆွေထံမှ လက်ဆောင်ရသည်
☐ 5. အလုပ်လုပ်ပေး၍ ရသည်
☐ 6. ပိုင်ဆိုင်ပစ္စည်းဖြင့်လဲစားသည်
☐ 7. အဖွဲ့အစည်းတခုခုမှအကူအညီရသည်
☐ 8. အခြား (ဖေါ်ပြပါ) .......................

၁၈။ လွန်ခဲ့တဲ့တလအတွင်း သင့်မိသားစုရဲ့ အဓိကဝင်ငွေ ဘယ်အရင်းအမြစ်ကရခဲ့သလဲ? *(တခုထဲသာမှတ်ပါ)*

☐ 1၏ ကျဘမ်း (တနေ့လုပ်တနေ့စား)
☐ 2. လစာရအလုပ်
☐ 3. လယ်/ယာမှရသည့်ဆန်ရောင်း
☐ 4. အိမ်မွေးတိရိစ္ဆာန်ရောင်း
☐ 5. အသေးစားကုန်၊ လက်လီလက်ကား
☐ 6. ငါးဖမ်း၊ တောလိုက်
☐ 7. ထင်းရှာ၊ တောထွက်ပစ္စည်း
☐ 8. ပြင်ပအဖွဲ့အကူအညီ၊ ခင်မင်သူမှပို့လာ
☐ 9. တလအတွင်းဘာဝင်ငွေမှမရှိပါ
☐ 10. အခြား (ဖေါ်ပြပါ) .......................

၁၉။ လွန်ခဲ့တဲ့တလအတွင်း သင်စုစုပေါင်းသုံးငွေထဲမှာ အစားအစာနဲ့အခြားအခြေခံလိုအပ်မှုအတွက် ဘယ်လောက် ရာခိုင်နှုန်းအထိ သုံးခဲ့ပါသလဲ?
*(သုံးငွေအားလုံးဖေါ်ပြပြီးတာနဲ့ ကျောက်ခဲ ၁၀လုံးယူပြီး အချိုးအစားလုပ်ပါ)*

| အသုံးစားရိတ် | ٪ သုံးငွေ |
|---|---|
| ဘာမှမသုံးခဲ့ပါ | |
| အစားအစာ | |
| အဝတ်အစား နှင့် နေထိုင်ခင်း | |
| အိမ်သုံးပစ္စည်း (ဆပ်ပြာ၊ ရေနံဆီ၊ ဖယောင်းတိုင်၊ စသဖြင့်) | |
| ကျန်းမာရေး၊ ဆေးဝါး | |
| ပညာရေး | |
| သယ်ယူပို့ဆောင်ရေး | |
| ခြံမြေ ၊ စီးပွားရေးအရင်းအနှီး | |
| အကြွေးပြန်ဆပ် | |
| အခြား (ဖေါ်ပြပါ) | |
| စုစုပေါင်း | ၁၀၀ ٪ |

၂၀။ လွန်ခဲ့တဲ့ဖ၆လအတွင်း သင့်စားဝတ်နေရေးအတွက် အဓိကအခက်အခဲ၊ တုန်လှုပ်ချောက်ချားစေတာဘာတွေရှိလဲ? *(အများဆုံး ၂မျိုးသာမှတ်ပါ)*

☐ 1 အလုပ်ပြုတ်၊ လစာဆုံး
☐ 2. ရေကြီး၊ မိုးကြီး၊ မိုးခေါင်၊ မြေပြို
☐ 3. ကြွက်၊ ပိုးမွှားသီးနှံများကိုဖျက်
☐ 4. စစ်တပ်စစ်ကြောင်း
☐ 5. ဖျားနာ – ဆေးဝါးကုန်ကျစရိတ်
☐ 6. ဆီဈေး၊ ကုန်ဈေးတက်
☐ 7. လယ်ယာ၊ခြံ၊ ဈေးသွားရန် ကန့်သတ်ချုပ်ချယ်
☐ 8. မြေယာရနိုင်မှုအကန့်အသတ်၊
☐ 9. မြေမြုပ်မိုင်း
☐ 10. လက်နက်ကိုင်တိုက်ပွဲ
☐ 11. အတင်းအဓမ္မလုပ်အားပေး
☐ 12. အတင်းအဓမ္မငွေတောင်း၊ ဆက်ကြေး
☐ 13. အတင်းပြောင်းရွှေ့ခံရ
☐ 14. ဘာချိန်းချောက်မှုမှမရှိပါ
☐ 15. အခြား (ဖော်ပြပါ) ......................

၂၁။ သင့်မိသားစုထဲမှာ အောက်ပါအစားအစာတမျိုးစီကို လွန်ခဲ့တဲ့တပတ်အတွင်း ဘယ်နှစ်ရက်စားသုံးပါသလဲ?
*(အစားအစာတခုချင်းအတွက် ရက်အရေအတွက်ထဲ့ပေးပါ)*

| အစားအစာအမျိုးအစား | တပတ်အတွင်း စားသုံးရက်ပေါင်း |
|---|---|
| ထမင်း | |
| အခြားသားရည်စာ (ပေါင်မုန့်၊ ဂျုံပြောင်းနှင့်လုပ်သောမုန့်၊ ခေါက်ဆွဲ) | |
| သစ်ဥသစ်ဖု (ဥပမာ– အာလူး၊ကန်စွန်းဥ) | |
| ပဲ၊ ပဲပင်ပေါက်၊ အခွံမာသောအသီးများ၊ တိုဟူး | |
| ငါး (ငါးပိမပါဝင်ပါ) | |
| ကြက်ဥ | |
| ခြေလေးချောင်းကောင်အသား (အမဲသား၊ ဆိတ်သား၊ ဝက်သား) | |
| ခြေနှစ်ချောင်းကောင်အသား (ကြက်၊ ဘဲ) | |
| ဟင်းသီးဟင်းရွက်ဆီ၊ အဆီခဲတိ | |
| နွားနို့၊ဒိန်ခဲ၊ ဒိန်ချဉ် | |
| ဟင်းသီးဟင်းရွက် (အရွက်များအပါအဝင်) | |
| သစ်သီးများ | |
| အချိုစာ၊ သကြား၊ ထန်းလျက်၊ | |
| မီးဖိုချောင်အဆာပလာ (ဆား၊ ငရုပ်သီး၊ ငပိ) | |
| အခြား (ဖော်ပြပါ) | |

၂၂။ ယခုသင်စုဆောင်းထားတဲ့အစားအစာ ဘယ်ကာလအတိုင်းအတာအထိ လုံလောက်မယ်ထင်ပါသလဲ? *(တခုထဲသာမှတ်ပါ)*

☐ 1. စုထားဆန်မရှိတော့ပါ
☐ 2. ၇ ရက်ထက်မကျော်
☐ 3. တပတ်ကျော် – တလအောက်
☐ 4. တလ မှ ၃လအထိ
☐ 5. ၄လ – ၆လအထိ
☐ 6. ၆လအထက်

၂၃။ လက်ရှိသင့်ဆီမှာသူများကိုပြန်ပေးဖို့အကြွေးရှိနေပါသလား? (တခုထဲသာမှတ်ပါ)

☐ 1. အကြွေးရှိသည် *(မေးခွန်း ၂၃ (က)သွားပါ)*
☐ 2. အကြွေးမရှိပါ *(မေးခွန်း ၂၄ ကိုသွားပါ)*

၂၃ (က)။ ဘာကြောင့်ချေးရတာလဲ? (တခုထဲသာမှတ်ပါ)

☐ 1. အစားအစာဝယ်ရန်
☐ 2. ကျန်းမာရေး၊ ဆေးဝါးကုသရန်
☐ 3. ကလေးပညာရေးကုန်ကျစရိတ်
☐ 4. ပွဲလမ်းသဘင်အတွက်ပေးရန်
☐ 5. စိုက်ပျိုးရေး၊ စီးပွားရေးအရင်းအနှီးမြုပ်နှံရန်
☐ 6. မြေ၊ အိမ် ဝယ်ရန်၊ ငှားရန်
☐ 7. မတရားအခွန်ငွေ၊ ဒဏ်ငွေပေးရန်
☐ 8. အခြား (ဖော်ပြပါ) ......................

၂၄။ လွန်ခဲ့တဲ့တလအတွင်း သင့်မိသားစု အစားအစာမလုံလောက်မှုအပေါ် ဘယ်လိုဖြေရှင်းခဲ့ပါသလဲ? *(သင့်လျော်သည့်အကွက်များတွင်မှတ်ပါ)*

☐ 1. လွန်ခဲ့တဲ့လအတွင်း မလုံလောက်မှုမဖြစ်ခဲ့ပါ
☐ 2. ဈေးသက်သာစာ ဝယ်စားသည်
☐ 3. ဆန်ပြုတ်စားသည်၊ လျှော့စားသည်
☐ 4. တရက်လုံးမစားပဲနေလိုက်သည်
☐ 5. မိတ်ဆွေ၊ ဆွေမျိုးများကိုမှီခိုသည်
☐ 6. အကြွေးဖြင့်ဝယ်ယူခဲ့သည်
☐ 7. ပိုင်ဆိုင်မှုရောင်းချသည်
☐ 8. အလှူအဒါန်းမှအကူအညီရသည်
☐ 9. ဝင်ငွေရရန်အတွက် ရွှေ့ပြောင်းလိုက်သည်
☐ 10. အခြား (ဖော်ပြပါ) ......................

**ကျေးဇူးတင်ပါတယ်။**

TBBC

www.tbbc.org

## ထိုင်း–မြန်မာနယ်စပ်တလျှောက် ကူညီစောင့်ရှောက်ရေး ညွန့်ပေါင်းအသင်း (တီဘီဘီစီ)

မြန်မာနိုင်ငံမှ အိုးအိမ်အခြေပျက်ထွက်ပြေးလာရသူများအတူ လုပ်ကိုင်ဆောင်ရွက်ခြင်း
၂၇ နှစ်ပြည့်–နှစ်ပတ်လည်နှစ်

### ရည်ရွယ်ချက်

ထိုင်း–မြန်မာနယ်စပ်တလျှောက် ကူညီစောင့်ရှောက်ရေးညွန့်ပေါင်းအသင်း(တီဘီဘီစီ) သည် အစိုးရမဟုတ်သည့်၊ အကျိုးအမြတ်အတွက်မမျှော်ကိုးသော လူသားချင်းစာနာမှုကယ်ဆယ်ရေးအကူအညီများနှင့် ဖွံ့ဖြိုးရေးအကူအညီများပေးအပ်နေသည့် အဖွဲ့အစည်းတခုဖြစ်ပါသည်။ အစိုးရမဟုတ်သည့်အဖွဲ့များ၏ညွန့်ပေါင်းအဖွဲ့အစည်းတခုဖြစ်ပြီး၊ မြန်မာနိုင်ငံမှ အိုးအိမ်အခြေပျက်ထွက်ပြေးလာသူများအတွက် လူသားချင်းစာနာမှုဆိုင်ရာလိုအပ်ချက်များဖြည့်ဆီးပေးရန်၊ မိမိဘာသာ ကိုယ်ထူကိုယ်ထရပ်တည်နိုင်ရေးအတွက် သန်စွမ်းအားကောင်းလာစေရန်၊ ထိုသူများ၏ ဂုဏ်သိက္ခာ၊ တရားမျှတမှု၊ ငြိမ်းချမ်းရေး ရည်ရွယ်ချက်များနှင့်လျော်ညီစွာ သင့်လျော်သည့်ရေရှည်အဖြေရှာဖွေနိုင်ရေးအတွက် တုံ့ပြန်ကူညီပံ့ပိုးမှုပေးနေပါသည်။